# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အနှစ်ရှိသော တရားကိုရနိုင်**

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)


၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက် ၂၀၁၉ ခုနှစ်၊ မေ ၂၀ ရက်၊ တနင်္လာနေ့ အတွဲ (၅၈)၊ အမှတ် (၂၃၂)


# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေကြောင်းနှင့် လေကြောင်း လူငယ်မောင်မယ်များအား တွေ့ဆုံ



**နေပြည်တော် မေ ၁၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပသော ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များအား ဂုဏ်ပြုတွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မောင်မယ်တို့အနေဖြင့် ရှည်လျားလှသည့် လူ့လောကခရီးကို ဆက်လက်လျှောက်လှမ်းရဦးမည့် လူငယ်များဖြစ်ပြီး ထိုသို့လျှောက်လှမ်းနေချိန်တွင် မိမိတိုင်းပြည်နှင့်လူမျိုးအတွက် ကျရာတာဝန်များကို သက်ဆိုင်ရာအခန်းကဏ္ဍအသီးသီးမှ ထမ်းဆောင်ရဦးမည့် လူငယ်များလည်းဖြစ်ကြောင်း၊ မလွဲမသွေရင်ဆိုင်ကြုံတွေ့လာရမည့် အခြေအနေအရပ်ရပ်အပေါ်တွင် မှန်ကန်သည့် အသိအမြင်များနှင့် ရင်ဆိုင်ဖြေရှင်းသွားကြရန်လည်းလိုအပ်ကြောင်း၊ မောင်မယ်တို့သည် ငယ်ရွယ်စဉ်ကတည်းက သိသင့်တတ်သင့်သည့် ပညာရပ်များကို အခြေခံကျကျ အပတ်တကုတ်ဆည်းပူးလေ့လာသွားရမည် ဖြစ်ကြောင်း၊ ငယ်ရွယ်စဉ်ကာလဆိုသည်မှာ ကာယအား၊ ဉာဏအားတို့ ကြံ့ခိုင်နေချိန်ဖြစ်သဖြင့် အကောင်းဆုံး အသုံးချသွားရန် လိုအပ်ကြောင်း။

မိမိတို့ဘဝတိုးတက်မှုကို ရှာဖွေရင်း တစ်ဖက်တစ်လမ်းမှလည်း နိုင်ငံတော်အတွက် ကျေးဇူးဆပ်နိုင်အောင် ကြိုးစားသွားကြရန် လိုကြောင်း၊ ဒီနိုင်ငံမှာမွေး ဒီနိုင်ငံမှာ ကြီးပြင်းခဲ့သူများဖြစ်သဖြင့် နိုင်ငံကြီးသားကောင်းတစ်ယောက်ပီသသည်ကို သက်သေပြကြရမည်ဖြစ်ကြောင်း၊ ထိုသို့သက်သေပြကြရာတွင်

*စာမျက်နှာ ၃ ကော်လံ ၁* ❒

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေကြောင်းနှင့် လေကြောင်း လူငယ်မောင်မယ်များအား ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

ဓာတ်ပုံ -တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး



**ခရီးသွားလုပ်ငန်းဖြင့် နိုင်ငံ၏ ပုံရိပ်မြှင့်တင်ကြော်ငြာခြင်း**

ဆောင်းပါး စာမျက်နှာ - ၆

**ပင်လယ်ကွေ့ဒေသတွင် အခြေအနေတင်းမာနေချိန် ဆော်ဒီက အာရပ်သမဂ္ဂအစည်းအဝေးခေါ်ယူ**

နိုင်ငံတကာသတင်း စာမျက်နှာ - ၁၄

**ဒုတိယကြိမ် ကျောက်စိမ်း/ကျောက်မျက် အရောင်းပြပွဲတွင် ကျပ်သန်း ၆၀၀၀ ကျော်ဖိုး ရောင်းချနိုင်ခဲ့**

စာမျက်နှာ - ၂၃


C B BANK

Best Corporate & Investment Bank

2019 (Asia Money)

Contact Center : 01-231 777 0

မြန်မာ့အလင်း

# မြို့ရွာဒေသ အလှဆင် စိမ်းစိုသစ်ပင်ရှိစေချင်

အပူပိုင်းဒေသရှိ မြို့တစ်မြို့တွင် လမ်းချဲ့ရန်အတွက် လမ်းဘေးဝဲယာရှိ မလွတ်သည့် သစ်ပင်များကို ခုတ်လှဲရန် စီစဉ်ခြင်းနှင့် ဒေသခံပြည်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများက ကန့်ကွက်ခြင်းကြောင့် ညှိနှိုင်းမှုပြုလုပ်ကာ သစ်ပင်အများစုကို ခုတ်လှဲခြင်းမပြုလုပ်တော့ရန် သဘောတူညီမှုရခဲ့ကြောင်း သတင်းတစ်ပုဒ်ကို မီဒီယာများပေါ်တွင် တွေ့ရှိဖတ်ရှုရသည်။ အများစုကို ခုတ်လှဲခြင်းမပြုတော့ဟုဆိုသည့်တိုင် အနည်းစုအချို့ကို ခုတ်ဦးမည့်အခြေအနေရှိနေ၊ အလားအလာတို့ကျန်နေသေးသည်ဟုလည်း သိရှိရသည်။

အလားတူ သတင်းမျိုး သည့်မတိုင်မီကလည်း အခြားမြို့ကြီးတစ်မြို့တွင် ဖြစ်ပေါ်ခဲ့ဖူးသည်ကို ပြန်လည်အမှတ်ရမိသည်။ ယုတ်စွအဆုံး ရန်ကုန်ကဲ့သို့သော မြန်မာနိုင်ငံတွင် အကြီးဆုံးနှင့် ခေတ်အမီဆုံးဟု ဆိုရမည့် မြို့ကြီးမှာပင် သစ်ပင်များခုတ်လှဲခံနေရဆဲဖြစ်သည်ကို တွေ့ရသည်။ သစ်ပင်များရှိနေခြင်း၏ အကျိုးကျေးဇူးနှင့် သစ်ပင်တို့၏ တန်ဖိုးများကို ပြည်သူလူထုက သဘောပေါက်နားလည်လာကြချိန်တွင် တာဝန်ရှိအဖွဲ့အစည်း၊ လုပ်ငန်းဌာနတို့ အနေဖြင့် သစ်ပင်များကို လွယ်လွယ်ကူကူ ခုတ်ထွင်ရှင်းလင်းဖယ်ရှားမှုများ ပြုလုပ်မည့်အစား နည်းလမ်းများ ရှာကြံကြရန် လိုအပ်လာပြီဟူ၍လည်း ရှုမြင်မိသည်။

ခေတ်မီတိုက်တာအဆောက်အအုံများ၊ ကွန်ကရစ်ပလက်ဖောင်းများ ကွန်ကရစ် သို့မဟုတ် ကတ္တရာခင်း လမ်းကျယ်၊ လမ်းသွယ်များစသည်ဖြင့် မြို့ပြဖွံ့ဖြိုးမှုများကို ဆောင်ရွက်ရာတွင် အရိပ်ရပင်နှင့် သီးပင်၊ ပန်းပင်များ၊ မြက်ခင်းများ၊ ရေကန်များ၊ တူးမြောင်းများစသည့် စိမ်းလန်းစိုပြည်သည့် ရပ်ဝန်းများလည်း မရှိမဖြစ်ပါဝင်နေရမည်ဖြစ်သည်။ အသစ်တည်ဆောက်မည့်မြို့ကွက်သစ်၊ ရွာကွက်သစ်များတွင် လမ်းနယ်၊ လူသွားစင်္ကြံ၊ ရေနုတ်မြောင်း၊ မြေပေါ်မြေအောက်လျှပ်စစ်ကြိုးများ၊ အင်တာနက်ကြိုး၊ ဖုန်းကြိုးများ၊ ရေပိုက်လိုင်းများစသည်တို့ကို စနစ်တကျ အကွက်ချတည်ဆောက်ခြင်းအားဖြင့် လမ်းချဲ့၍၊ ရေမြောင်းတူး၍၊ ဓာတ်ကြိုး၊ ဖုန်းကြိုးနှင့် မလွတ်၍ စသည့်စသည့် အကြောင်းများကြောင့် သစ်ပင်များ ခုတ်လှဲရခြင်း၊ သစ်ကိုင်းများခုတ်ထွင်ရခြင်း ဒုက္ခတို့ကင်းဝေးနိုင်သည်။ စိုက်သည့်ဌာနက စိုက်၍ ခုတ်သည့် ဌာနကခုတ်ပြီး လာသိမ်းသူမရှိသည့် အဖြစ်မျိုးမှလည်း ကင်းဝေးနိုင်သည်။

ကွန်ကရစ်တော ကဲ့သို့သော ခေတ်မီမြို့ပြများတွင် သစ်ပင်သစ်တောတစ်အုပ်တစ်မတို့ တည်ရှိခြင်းကြောင့် အကျိုးသက်ရောက်မှုများစွာရှိသည်။ မြက်များ ဖုံးလွှမ်းနေသည့်နေရာတွင် မိုးတစ်နာရီရွာပါက ရေစုပ်ယူမှု ၄ ဒသမ ၄ လက်မရှိပြီး သစ်တောဖုံးလွှမ်းသည့် နေရာတွင် မိုးတစ်နာရီရွာပါက ရေစုပ်ယူမှု ၁၂ ဒသမ ၄ လက်မထိရှိကြောင်း သုတေသနပြုမှုများကပြဆိုသည်။ မြေပြင်အားလုံးကို ကွန်ကရစ် တိုက်တာအဆောက်အအုံ၊ လမ်း၊ ပလက်ဖောင်းများ ဖုံးလွှမ်းထားခြင်းဖြင့် မြေအောက်ရေဖြည့်တင်းနိုင်ခြင်းမရှိတော့သည့် အခြေအနေသို့ ရောက်ရှိသွားမည်ဖြစ်သည်။ အရိပ်ချင်းဆက်ကာ တစ်အုပ်တစ်မ တည်ရှိသော သစ်ပင်များက စိမ်းစိုသော မျက်စိပသာဒကို ပေးနိုင်သည့်အပြင် ရွာချသော မိုးရေကို စုပ်ယူပြီး ပင်စည်အကိုင်းအခက်များမှ ပင်ငွေ့ပျံခြင်း **(Evapotranspiration)** ဖြစ်စဉ်ကြောင့် ပတ်ဝန်းကျင်နှင့် လေထုသို့ ရေငွေ့များရောက်ရှိအေးမြစေသည်။ သို့ဖြစ်ခြင်းကြောင့်လည်း အပူပိုင်းဒေသမှ ဒေသခံပြည်သူတို့ သစ်ပင်ကို ချစ်ခင်တန်ဖိုးထားကြခြင်းလည်း ဖြစ်သည်။

သစ်ပင်များကိုခုတ်ပြီးလျှင် ပြန်စိုက်၍ရသည်ဟု အချို့က ဆင်ခြေပေးကြသော်လည်း မူလသစ်ပင်၏ သက်တမ်းအနှစ် ၂၀၊ နှစ် ၃၀၊ နှစ် ၄၀၊ နှစ် ၅၀ စသည်တို့ကိုမူ ပြန်မရနိုင်တော့။ နောက်ထပ်ယင်းနှင့်အမျှသောသက်တမ်းကို ပြန်စောင့်မှသာ မူလအရွယ်ကို ပြန်ရနိုင်မည်ဖြစ်သည်။ သို့ဖြစ်သည့်အတွက်မူလသစ်ပင်များကို ခုတ်မပစ်ဘဲ စက်ယန္တရားအကူအညီ၊ နည်းပညာအကူအညီတို့ဖြင့် ရွှေ့ပြောင်းစိုက်ပျိုးကြရန် အကြံပြုလိုသည်။ မိမိတို့နိုင်ငံမှ ညောင်ပင်၊ ပိန္နဲပင်များအပါအဝင် သစ်ပင်ကြီးများ ရာပေါင်းများစွာကို ၂၂ ဘီးကားကြီးများဖြင့် သယ်ယူကာအိမ်နီးချင်းနိုင်ငံကြီး၏ နယ်စပ်မြို့တွင် စိမ်းစိုလှပရှင်သန်အောင် စိုက်ပျိုးထားသည်ကို နမူနာယူလေ့လာနိုင်ပါကြောင်းနှင့် သစ်ပင်ကြီးများကို ထင်းအဖြစ် ခုတ်ထွင်ပစ်မည့်အစား ရွှေ့ပြောင်းစိုက်ပျိုးခြင်းအားဖြင့် မိမိမြို့ပြဒေသသို့အလှဆင်နိုင်ပါစေကြောင်း။ ။

## သစ်ပင်နည်းလာ၊ တို့ကမ္ဘာ လွန်စွာပူအေး၊ ဥတုဘေး

# မိုးနဲမြို့မှ မသန်စွမ်းသူများနှင့် ကျန်းမာရေးမကောင်းသူများအား ဘီးတပ်ကုလားထိုင်များလှူဒါန်း

**မိုးနဲ မေ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်ခေးခရိုင် မိုးနဲမြို့နယ် အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စိုင်းမွန်းလိန်၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် စင်ကာပူနိုင်ငံ Magical Light Foundation မှ လှူဒါန်းသော ဘီးတပ်ကုလားထိုင် (Wheel Chair) ၂၃ စီး ကို မြို့နယ်အတွင်းမှ မသန်စွမ်းသူများ၊ ကျန်းမာရေးချို့တဲ့သူများနှင့် သက်ကြီးရွယ်အိုများထံ မေ ၁၈ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။

မိုးနဲမြို့ နားခံကျေးရွာအုပ်စု စက်တော်ကျောင်းတိုက်၌ ကျင်းပသည့် ဘီးတပ်ကုလားထိုင်များ လှူဒါန်းပွဲတွင် မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တမာဃိန္ဒက ဩဝါဒချီးမြှင့်ပြီးနောက် မသန်စွမ်းသူများ၊ နာမကျန်းဖြစ်နေသူများနှင့် သက်ကြီးရွယ်အိုများ စုစုပေါင်း ၂၃ ဦးအတွက် ဘီးတပ်ကုလားထိုင် ၂၃ စီးကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နမ့်ခုံးရှမ်းများ ပရဟိတအသင်းမှ တာဝန်ရှိသူများနှင့် ရှမ်းစာပေယဉ်ကျေးမှု အသင်းမှ တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

မိုးနဲမြို့နယ်အတွင်းရှိ မသန်စွမ်းသူများ၊ ကျန်းမာရေးချို့တဲ့သူများနှင့် သက်ကြီးရွယ်အိုများအနေဖြင့် ဘီးတပ်ကုလားထိုင်များ လိုအပ်မှုရှိပါက အမည်၊ အသက်၊ မှတ်တမ်းဓာတ်ပုံနှင့် အတူ ဖုန်း ၀၉-၂၅၁၀၀၆၅၅၂ သို့ ဆက်သွယ် စာရင်းပေးသွင်းပြီး အလှူခံနိုင်ကြောင်း မိုးနဲမြို့နယ်အတွင်းမှ မသန်စွမ်းနှင့် နာမကျန်းသူများအား ကူညီစောင့်ရှောက်ပေးနေသူ စိုင်းစောနောင်၏ ပြောကြားချက်အရ သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**



သက်ကြီးရွယ်အိုတစ်ဦးအား ဘီးတပ်ကုလားထိုင် လှူဒါန်းနေစဉ်။

# ဒက္ခိဏခရိုင်ရုံး၌ စာပေဝါသနာရှင်များ စာဖတ်ဝိုင်းကျင်းပ

**နေပြည်တော် မေ ၁၉**

စာဖတ်သူအချင်းချင်း ရင်းနှီးထိတွေ့မှုရှိလာစေရန်၊ စာပေကိုချစ်မြတ်နိုးပြီး စာဖတ်သည့် အလေ့အကျင့်ကောင်းများ လက်ဆင့်ကမ်းနိုင်ရန်ရည်ရွယ်၍ ဒက္ခိဏခရိုင်အတွင်းရှိ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း အဖွဲ့ဝင်များနှင့် စာပေဝါသနာရှင် များပါဝင်သည့် စာဖတ်ဝိုင်းကို ယနေ့ နံနက် ၁၁ နာရီတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒက္ခိဏခရိုင်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




အဆိုပါစာဖတ်ဝိုင်းတွင် ခရိုင်ဦးစီးအရာရှိ ဒေါ်သီတာအေးက စာဖတ်ဝိုင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပျဉ်းမနားမြို့နယ်အဖွဲ့ဝင် စာရေးဆရာမ ဒေါ်သက်သက်နွယ်က ကိုယ်တိုင်ရေးသားသည့် လမင်းစန္ဒာလင်းပါစေ ဝတ္ထုပါအကြောင်းအရာများကိုလည်းကောင်း၊ စာပေဝါသနာရှင်များ ဖြစ်ကြသည့် ဒေါ်နှင်းနှင်းဝင်းက စာရေးဆရာလင်းသိုက်ညွန့် ရေးသားသည့် အောင်မြင်မှုနှင့် HR စာအုပ်ပါ လူငယ်များသိသင့်သိထိုက်သည်များကိုလည်းကောင်း၊ ဒုရဲအုပ် အောင်ဖြိုးဝေက မူးယစ်ဆေးဝါးဖမ်းဆီးရာတွင် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများကိုလည်းကောင်း၊ ဦးခိုင်မင်းက လူအဖွဲ့အစည်း/လူမှုဆက်ဆံရေးနယ်ပယ်တွင် နေထိုင်မှုဆိုင်ရာသိကောင်းစရာများကိုလည်းကောင်း၊ နွေး(သရက်)က ၎င်းကိုယ်တိုင်ရေးသားသည့် အမှောင်ညကိုကျော်လွှန်၍ ဝတ္ထုတိုပါ အကြောင်းအရာများကိုလည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ရွှေကုက္ကို**

## စက်သုံးဆီ ပီပါများ၊ ဆီတင်ယာဉ်မီးလောင်မှုမဖြစ်ပွားစေရေးအတွက် မောင်တောမြို့၌ အသိပညာပေး

**မောင်တော မေ ၁၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ မီးသတ်ဦးစီးမှူးရုံးမှ ဒု-မီးသတ်ဦးစီးမှူးစံလွင် ဦးစီး၍ တပ်ဖွဲ့ဝင်များ သည် မေ ၁၉ ရက် နံနက် ၈ နာရီက မြို့နယ်အတွင်း စက်သုံးဆီဆိုင်များ၌ စက်သုံးဆီ ဆီပီပါများ၊ ဆီတင်ယာဉ်များ မီးလောင်မှုမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်နိုင်ရန် အသိပညာပေး စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

## ထင်သာမြင်သာ ပြုပြင်စရာ

# ကွင်းချောင်း ချောင်းကူးတံတား ဆောက်လုပ်ပေးရန် ဒေသခံပြည်သူများ လိုလား

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၏ မြောက်ပိုင်းခြမ်း၊ ကျေးရွာချင်းဆက်လမ်းပန်းဆက်သွယ်ရေးတွင် ကျွန်းကြီး၊ တံခွန်တိုင်ကျုံဝါး၊ ဖိုးခမိုဒေါင့်၊ ရာဇူတိုင်ကညင်ချောင်း၊ ကျွန်းခယ်မနှင့် ကြပ်စဉ်ချောင်းကျေးရွာအုပ်စု အပါအဝင် ကျေးရွာပေါင်း ၅၃ ရွာတို့မှာ တစ်ရွာမှတစ်ရွာသို့ အချိန်မရွေး ဆက်သွယ်သွားလာနိုင်သော်လည်း ကြပ်စဉ်ချောင်း ကျေးရွာအုပ်စု ကွင်းချောင်း ကရင်စုမှ တယ်ချောင်းကျေးရွာသို့ ကုန်းလမ်းခရီးဖြင့် ဆက်သွယ်သွားလာရာတွင် ကွင်းချောင်း ချောင်းရှိနေသည်။



ယင်းကွင်းချောင်း ချောင်းမှာ အကျယ် ပေ ၁၂၀ ရှိသည်။ ချောင်းကူးတံတား ဆောက်လုပ်ပေးပါက ဒေသခံပြည်သူများ၊ ကျောင်းသူ၊ ကျောင်းသားများ အချိန်တိုတိုဖြင့် မော်လမြိုင်ကျွန်းသို့ တိုက်ရိုက်ကုန်းလမ်းခရီးဖြင့် သွားလာနိုင်ကြမည်ဖြစ်သည်။

ထို့ပြင် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးလုပ်ငန်းများပါ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ကွင်းချောင်း ချောင်းကူးတံတားအား ဆောက်လုပ်ပေးရန် ဒေသခံပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

❒ *ရှေ့စာမျက်နှာမှ*

အပျက်သဘောမပါသည့် အပြုသဘောများကို ရင်ဝယ်ပိုက်ပြီး ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

**လက်ဆောင်ပစ္စည်းများပေးအပ်**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေကြောင်းနှင့် လေကြောင်း လူငယ်မောင်မယ်များအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး လူငယ်မောင်မယ်များက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။ ထို့နောက် ရေကြောင်းလူငယ်သင်တန်းမှ မမြတ်နန္ဒာထွေးနှင့် လေကြောင်းလူငယ်သင်တန်းမှ မနှင်းသဇင်တို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားကြသည်။

**ရှင်းလင်းပြသ**

ရေကြောင်းနှင့်လေကြောင်း လူငယ်မောင်မယ်များသည် ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားသို့ မတက်ရောက်မီ ဇေယျာသီရိဗိမာန်အတွင်း ခင်းကျင်းပြသထားသော မြန်မာ့တပ်မတော်မှ ထုတ်လုပ်သည့် လက်နက်များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)တွင် ဝတ်ဆင် အသုံးပြုနေသည့် ဝတ်စုံအမျိုးမျိုး၊ မြန်မာ့တပ်မတော်မှ ထုတ်လုပ်သည့် ဆက်သွယ်ရေးစက်ပစ္စည်းများ၊ တပ်မတော်(ရေ)မှ ထုတ်လုပ်သည့် ရေယာဉ်များ၏ ပုံစံငယ်များ၊ ရေတပ်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ၊ တပ်မတော်(လေ)တွင် အသုံးပြုနေသည့် လေယာဉ်နှင့် ရဟတ်ယာဉ်များ၏ ပုံစံငယ်များ၊ လေသူရဲများ၏ ဝတ်စုံများနှင့် အသုံးအဆောင်ပစ္စည်းများ၊ Simulator ဖြင့် လေယာဉ်ပျံသန်းမှုသရုပ်ပြကွက်များကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက သိရှိလိုသည်များကို ရှင်းလင်းပြသကြသည်။

**လိုက်လံရှင်းလင်း**

ယင်းနောက် ညနေပိုင်းတွင် ရေကြောင်းနှင့်လေကြောင်း လူငယ်မောင်မယ်များသည် နေပြည်တော်ရှိ စစ်သမိုင်းပြတိုက်သို့ သွားရောက်၍ ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြကွက်များအား ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**



ရေကြောင်းနှင့် လေကြောင်း လူငယ်မောင်မယ်များ ဇေယျာသီရိဗိမာန်အတွင်း ခင်းကျင်းပြသထားသော မြန်မာ့တပ်မတော်မှ ထုတ်လုပ်သည့် ဆက်သွယ်ရေးစက်ပစ္စည်းများကို ကြည့်ရှုလေ့လာကြစဉ်။
ဓာတ်ပုံ -တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး



# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသခံပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်နိုင်ရေး ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**ပဲခူး မေ ၁၉**

ပဲခူးခရိုင် ဒိုက်ဦးမြို့နယ် ကတုတ်ဘုရားကြီးကျေးရွာအုပ်စု ကန်ညီနောင်ကျေးရွာ မိုးကောင်းဓမ္မရိပ်သာဓမ္မာရုံ၌ မေ ၁၉ ရက် နံနက် ၈ နာရီက ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ကျေးရွာဒေသခံပြည်သူများ တွေ့ဆုံပွဲကျင်းပသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက မြို့နယ်ကျေးရွာအတွင်း သိမ်းဆည်းမြေနှင့် မြေယာပြဿနာများ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်နှင့် အခက်အခဲများကို ပြည်သူ့အသံနားထောင်ပြီး ဌာနဆိုင်ရာများ၊ ရပ်/ ကျေးအုပ်ချုပ်ရေးမှူးများနှင့် ပေါင်းစပ်ညှိနှိုင်း အဖြေရှာ ဆောင်ရွက်ပေးနိုင်ရန် လူထုတွေ့ဆုံပွဲများ ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင်က ဒိုက်ဦးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသော ဒေသခံပြည်သူများက သိမ်းဆည်းမြေများ ပြန်လည်ရရှိရေး၊ ပုံစံ(၇)များ ရရှိနိုင်ရေး၊ စားကျက်မြေများပယ်ဖျက်ပေးကာ လယ်ယာမြေလုပ်ကိုင်ခွင့်များရရှိရေး၊ ရထားလမ်းရေယာအတွင်း ကျူးကျော်ဆောက်လုပ်ထားသော လူနေအိမ်များ ဖယ်ရှားပေးနိုင်ရေးနှင့်ကျူးကျော် ဈေးဆိုင်ခန်းများ ဖယ်ရှားရှင်းလင်းပေးနိုင်ရေး၊ ကျေးရွာ ရွာမြေဟောင်းအား ဖော်ထုတ်တိုင်းတာပေးနိုင်ရေး၊ ဒိုက်ဦးမြို့ ပြည်သူ့ဆေးရုံတွင် ခွဲစိတ်ကုသမှုဆိုင်ရာ ဆရာဝန်များနှင့် ခွေးရူးပြန်ကာကွယ်ဆေးများ လိုအပ်လျက်ရှိနေကြောင်း စသည်တို့အား တင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သက်ဆိုင်ရာ ဌာနဆိုင်များနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများသည် ပဲခူးမြို့နယ် ဘုရားကြီးမြို့ မဟာဝိဇယရံသီစေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ ဗုဒ္ဓဝိဟာရကျောင်းတော်ရာဓမ္မာရုံ၌ သေခံပြည်သူများနှင့် တွေ့ဆုံပွဲပြုလုပ်ကြောင်း သိရသည်။ **ဟိန်းထက်(ပဲခူး)**

# ရေကြည်မြို့နယ် ယိုးဒယားတက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

**ရေကြည် မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ယိုးဒယားတက်ကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း KG သံကူကွန်ကရစ် တစ်ထပ်ကျောင်းဆောင် သွပ်မိုးကျောင်းဆောင်သစ် ပေ ၃၀ ပတ်လည် ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်က ကျင်းပသည်။

အဆိုပါ KG ကျောင်းဆောင်သစ်ကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ပညာရေးမှူးရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(တာဝန်)ဦးကျော်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် အလှူရှင်မိသားစုတစ်ဦးက KG ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး KG ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

KG ကျောင်းသား ကျောင်းသူများအတွက် ပေ ၃၀ ပတ်လည် အဆောင်တစ်ဆောင်ကို အလှူရှင်များက လိုအပ်ပစ္စည်းစုံလင်စွာဖြင့် သင်ထောက်ကူပစ္စည်းနှင့် အိမ်သာနှစ်လုံးတွဲ စုစုပေါင်း လှူဒါန်းငွေကျပ် သိန်း ၂၅၀ ကုန်ကျခံ လှူဒါန်းခဲ့ကြောင်း သိရသည်။ KG ကျောင်းဆောင်သစ် အလှူရှင်များနှင့် ဆရာမကြီး ဒေါ်ကျင်သန်း(ငြိမ်း)တို့အား ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဌေးဝင်း၊ လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေး၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂျဲမိုးမြတ်မြတ်သူ၊ တိုင်းပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ်(တာဝန်) ဦးကျော်ဝင်းတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြောင်း သိရသည်။ **ဆန်းတင့်(ရေကြည်)**



# ရသေ့တောင်မြို့အတွင်းရှိ သောက်သုံးရေအခက်အခဲဖြစ်နေသော ပြည်သူများအား သောက်သုံးရေလှူဒါန်း

**ရသေ့တောင် မေ ၁၉**

ရသေ့တောင်မြို့အတွင်းရှိ သောက်သုံးရေအခက်အခဲဖြစ်နေသော မြို့ပေါ်ရပ်ကွက်များအား ရသေ့တောင်မြို့နယ် စီမံခန့်ခွဲရေးကော်မတီနှင့် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ နေ့စဉ်သောက်သုံးရေလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**လှူဒါန်းပေးခဲ့**

ရသေ့တောင်မြို့နယ်အတွင်းရှိ သောက်သုံးရေပြတ်လပ်နေသော မြို့ပေါ်ရပ်ကွက်ရှိ ပြည်သူများအား နေ့စဉ်မီးသတ်ရေတင်ယာဉ်ဂါလန် ၁၆၀၀ ဆံ့ဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးအောင်ချမ်းသာ ဦးဆောင်ပြီးတပ်ဖွဲ့ဝင်များဖြင့် တစ်နေ့နှစ်ကြိမ် လှူဒါန်းလျက်ရှိရာ ယနေ့ထိ ရေဂါလန် ၂၈၀၀၀ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ရေအခက်အခဲတွေမဖြစ်အောင် ရေတွင်းများတူးဖော်**

မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်ကလည်း "အခုနှစ် ပူပြင်းခြောက်သွေ့တဲ့နွေရာသီမှာ မြို့မှာရှိတဲ့ရေတွင်းရေကန်နှင့် မြို့ရေပေးဝေလျက်ရှိတဲ့ ကန်တော်ကြီးမှာ ရေတွေခန်းခြောက်နေပါပြီ။ ပြည်သူတွေအတွက် ရေအခက်အခဲရှိနေတဲ့အတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်တွေ ဆွေးနွေးပြီး ရပ်ကွက်အလိုက် ရေတွင်းများကို မီးသတ်ရေတင်ယာဉ်ဖြင့် ရေဖြည့်ပြီးပေးနေပါတယ်။ ကန်တွေ ရေခန်းတော့ မိုးမရောက်ခင်အထိ ရေချွေတာသုံးရမယ့်အနေအထားပါ။ မိုးမျှော်နေရတာပေ့ါနော် နောက်နှစ်တွေမှာ ရေအခက်အခဲတွေမဖြစ်အောင်အတွက် မြို့မိမြို့ဖနဲ့ စီမံခန့်ခွဲမှုကော်မတီတွေစုပေါင်းပြီး ရေသိုလှောင်နိုင်အောင် အခုကတည်းက ရေတွင်းများ တူးဖော်လျက်ရှိပါတယ်"ဟု ပြောသည်။ **မြို့နယ်(ပြန်/ဆက်)**

# လေးလက်မစက်ရေတွင်း ရေတင်စက်နှင့် ရေဂါလန် ၁၆၀၀ ဆံ့ ရေလှောင်ကန် လွှဲပြောင်းပေးအပ်

**နေပြည်တော် မေ ၁၉**
ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၏ စေတနာမျှဝေခြင်းအစီအစဉ်အရ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ နည်းပညာ အကူအညီဖြင့် ရန်ကုန်တက္ကသိုလ် အခြေခံသိပ္ပံပညာထူးချွန်ဆုရ ကျောင်းသားဟောင်းများအဖွဲ့က လှူဒါန်းသောလေးလက်မစက်ရေတွင်း ရေတင်စက်နှင့် ရေဂါလန် ၁၆၀၀ ဆံ့ ရေလှောင်ကန် လွှဲပြောင်းပေးအပ်ပွဲကို မေ ၁၉ ရက် နံနက်ပိုင်းက နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဖြုတ်ခွဲကျေးရွာအုပ်စု စက်ကုန်းကျေးရွာ၌ ကျင်းပသည်။

အဆိုပါ လှူဒါန်းပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်နှင့် ဦးကျော်တင်၊ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်နှင့် အလှူရှင်မိသားစုများ၊ ဖိတ်ကြားထားသူများ၊ ဖြုတ်ခွဲကျေးရွာအုပ်စု စက်ကုန်းကျေးရွာ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ယနေ့လှူဒါန်းလွှဲပြောင်းပေးအပ်ခဲ့သော လေးလက်မစက်ရေတွင်းသည် အနက်ပေ ၃၄၀ ရှိကာ ကျေးရွာရှိအိမ်ခြေ ၁၄၀ ကျော်၊ လူဦးရေ ၅၄၀ ကျော်တို့ သောက်သုံးရေအပြင် မိသားစုအိမ်ခြံဝင်း စိုက်ခင်းများအတွက် စိုက်ပျိုးရေကိုပါ အကျိုးပြုနိုင်မည်ဖြစ်သည်။

နှစ်စဉ် နွေရာသီတွင် သောက်သုံးရေအခက်အခဲဖြစ်ပေါ်ခဲ့သောစက်ကုန်းကျေးရွာနေ ပြည်သူများ၏ လတ်တလောလိုအပ်ချက်အခက်အခဲအားစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာအောင်သူ၏ စေတနာမျှဝေခြင်း အစီအစဉ်တွင် ရန်ကုန်တက္ကသိုလ် အခြေခံသိပ္ပံပညာထူးချွန်ဆုရ ကျောင်းသားဟောင်းများအဖွဲ့က ပါဝင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဆိုပါ စေတနာမျှဝေခြင်းအစီအစဉ်အနေဖြင့် နိုင်ငံတော်၏ဖွံ့ဖြိုးရေးစီမံကိန်းများတွင် မပါဝင်သေးသော်လည်းဒေသ၏ လတ်တလော လိုအပ်ချက်အခက်အခဲများကို ကူညီဖြည့်ဆည်းပေးခဲ့ရာ နှစ်နှစ်ကျော်ကာလအတွင်း ရေတွင်း၊ ရေကန်၊ လမ်းနှင့် စာသင်ကျောင်း စသည့်ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၏ စေတနာမျှဝေခြင်းအစီအစဉ်အရ ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ပါမောက္ခ ဒေါက်တာခင်ခင်ဦး၊ ဒေါက်တာ ခင်လတ်နှင့် ဒေါ်ခင်ညိမ်းမိသားစုတို့က ပျဉ်းမနားမြို့ သန္တာရာမသီလရှင်စာသင်တိုက်တွင် လေးလက်မစက်ရေတွင်း တူးဖော်လှူဒါန်းရာ မေ ၁၈ ရက် နံနက်ပိုင်းတွင် အလှူရှင်မိသားစုက စက်ရေတွင်းနှင့်ပတ်သက်သော စာရွက်စာတမ်းများအား သန္တာရာမသီလရှင်စာသင်တိုက် ပဓာနနာယက သီလရှင်ဆရာကြီး ဒေါ်သမ္မာရီထံ လွှဲပြောင်းပေးအပ်လှူဒါန်းသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးကျော်တင်နှင့် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်တို့ ရေဂါလန် ၁၆၀၀ ဆံ့ ရေလှောင်ကန်မှ ရေများပေးဝေနေမှုကို ကြည့်ရှုစဉ်။ သတင်းစဉ်

အဆိုပါ လှူဒါန်းပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့်ဇနီး ဒေါ်ခင်သီတာ၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်နှင့် အလှူရှင်မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်သည်။

သန္တာရာမ သီလရှင်စာသင်တိုက်တွင် လေးလက်မစက်ရေတွင်းနှင့်အတူ ရေဂါလန် ၁၆၀၀ ဆံ့ ရေလှောင်ကန် တည်ဆောက်လှူဒါန်း ပေးနိုင်ခဲ့မှုကြောင့် အဆိုပါကျောင်းရှိ သက်ကြီးသီလရှင်များစောင့်ရှောက်ခြင်းနှင့် သီလရှင်စာသင်သားများ၏ သောက်သုံးရေအခက်အခဲကို ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မူဆယ်ခရိုင်အတွင်းရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ

**နေပြည်တော် မေ ၁၉**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် မေ ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံး၌ မူဆယ်ခရိုင်နှင့် ခရိုင်အတွင်းရှိ မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်ဦးစီးမှူးရုံးနှင့် လူဝင်မှုကြီးကြပ်ရေးဌာနခွဲ (၇)တို့မှ ဝန်ထမ်းများအားတွေ့ဆုံသည်။

ရှေးဦးစွာ မူဆယ်ခရိုင်ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးစန်းဝေက မူဆယ်ခရိုင်နှင့် မြို့နယ်ရုံးများ၏ ဝန်ထမ်းအင်အား၊ ဌာန၏ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်မှု၊ မြန်မာ- တရုတ်နှစ်နိုင်ငံနယ်စပ်ရှိ လူဝင်မှုကြီးကြပ်စစ်ဆေးရေးဂိတ်များနှင့် ကင်းစခန်းများအခြေအနေနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။




ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မူဆယ်ခရိုင်အတွင်းရှိ ဝန်ထမ်းများနှင့် တွေ့ဆုံမှာကြားစဉ်။ သတင်းစဉ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မူဆယ်ဒေသသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောဒေသဖြစ်ပါကြောင်း၊ မြန်မာ- တရုတ်နှစ်နိုင်ငံနယ်စပ်ဂိတ်များမှ တစ်နေ့လျှင် လူဦးရေတစ်သောင်းကျော် ဝင်ထွက်သွားလာနေသကဲ့သို့ ပို့ကုန်/ သွင်းကုန်ဆိုင်ရာ လုပ်ငန်းများအတွက် ယာဉ်ကြီး၊ ယာဉ်ငယ်များ ဖြတ်သန်းလျက်ရှိပါကြောင်း။

**ယဉ်ကျေးပျူငှာစွာဆက်ဆံ**

ထို့ကြောင့် မိမိတို့ဌာန၏ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများသည်လည်း အရေးပါသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပြီး ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အတွက် အရေးကြီးသည့် တာဝန်များကို ထမ်းဆောင်နေကြပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီဆောင်ရွက်ရသကဲ့သို့ ဌာန၏ အမိန့်/ ညွှန်ကြားချက်များကိုလည်း လိုက်နာဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ပြောင်းလဲတိုးတက်နေသည့် ခေတ်စနစ်နှင့်အညီ ကျယ်ကျယ်ပြန့်ပြန့် တွေးခေါ်မြော်မြင်ကာ ယုံကြည်ချက်၊ ခံယူချက်ရှိရှိဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့၏ အရည်အသွေးကိုလည်းအစဉ်အမြဲ တိုးတက်မြင့်မားစေရေးအတွက် အစဉ်လေ့ကျင့်ကြိုးစား ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံဆောင်ရွက်ရသည့် ဌာနဖြစ်သည်နှင့်အညီ ပြည်သူ့အပေါ် ဝန်ဆောင်မှုအပြည့်အဝပေး၍ ယဉ်ကျေးပျူငှာစွာ ဆက်ဆံဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

နယ်စပ်ဒေသတွင် တာဝန်ထမ်းဆောင်နေကြရသည့် အတွက် ဘာသာစကား ကျွမ်းကျင်ရန်လည်း လိုအပ်ပါကြောင်း၊ တရုတ်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကြရသည့် မိမိတို့နိုင်ငံသား အလုပ်သမားများကိုလည်း တရားဝင် ဝင်/ထွက် သွားလာစေရေးအတွက် ပညာပေးစည်းရုံးဆောင်ရွက်ကြရန်နှင့် ၎င်းတို့၏ လိုအပ်ချက်များကိုလည်း ရိုင်းပင်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဝန်ထမ်းများသည် အခြားသောဆက်စပ်ဌာနများနှင့်လည်း လုပ်ငန်းဆိုင်ရာ သတင်းများမျှဝေဖလှယ်၍ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ သို့မှသာ ဌာနအချင်းချင်း ညှိနှိုင်းပေါင်းစပ်၍ လုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

**ရှင်းလင်းမှာကြား**

နိုင်ငံတော်၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကိုလည်း မျက်ခြည်ပြတ်မခံဘဲ အစဉ်လေ့လာသုံးသပ်၍ မိမိတို့၏ လုပ်ငန်းတာဝန်များ အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ နယ်စပ်ဒေသဖြစ်သည်နှင့်အညီ နေ့စဉ်ဖြစ်ပေါ် တိုးတက်မှုများနှင့် ထူးခြားဖြစ်စဉ်များအား အချိန်နှင့်တစ်ပြေးညီ တင်ပြကြရန်နှင့် လုပ်ငန်းလိုအပ်ချက်များရှိပါကလည်း အချိန်မီတင်ပြဆောင်ရွက်ကြရန် လိုကြောင်း၊ အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူကင်းရှင်းရေးအတွက် အထူးဂရုပြုလိုက်နာ ဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၉**
ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် ယနေ့ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်၊ မြင်းမူမြို့၊ မြင်းခြံမြို့၊ ညောင်ဦးမြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မအူပင်မြို့တွင် ၁ ဒသမ ၄၂ လက်မ၊ ဇောင်းတူမြို့တွင် ၀ ဒသမ ၄၇ လက်မ၊ ကျောက်တော်မြို့နှင့် ချောင်းဆုံမြို့တို့တွင် ၀ ဒသမ ၄၃ လက်မစီ၊ ပလက်ဝမြို့တွင် ၀ဒသမ ၂၈ လက်မနှင့် ကြာအင်းဆိပ်ကြီးမြို့နှင့် ကော့သောင်းမြို့တို့တွင် ၀ ဒသမ ၁၆ လက်မစီတို့ ဖြစ်ကြသည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် မုန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ကြီးအုံကြီးဝ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၉**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် မေ ၁၈ ရက်တွင် မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံကြီးဝရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ဖြည့်စွက်ရှင်းလင်း**

ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ မုန်းချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ကြီးအုံကြီးဝ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ စက်ရုံမှူးများက ဓာတ်အားပေးစက်ရုံများဆိုင်ရာအချက်အလက်များ၊ နှစ်အလိုက်ဓာတ်အားထုတ်လုပ်မှု၊ ရေလှောင်တမံများအတွင်း ရေဝင်ရောက်မှု၊ လက်ရှိရေသိုလှောင်ထိန်းသိမ်းထားရှိမှု အခြေအနေ၊ နိုင်ငံတော် ဓာတ်အားစနစ်နှင့် ချိတ်ဆက်၍ ဓာတ်အားဖြန့်ဖြူးပေးထားမှု အခြေအနေနှင့် ဓာတ်အားပေးစက်များ ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။



**ထိန်းသိမ်းဆောင်ရွက်**

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက မုန်းချောင်းဆည်နှင့် ကြီးအုံကြီးဝဆည်တို့သည် မုန်းချောင်းပေါ်တွင် တည်ဆောက်ထားခဲ့သော ဆည်များဖြစ်သည့်အပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ယူပေးဝေလျက်ရှိသော နွေစပါး၊ မိုးစပါး စိုက်ပျိုးရေ ရရှိရေးတို့ကိုပါ တွဲဖက်အကောင်ထည်ဖော်ထားသည့် ဆည်များဖြစ်သည့်အလျောက် မိမိတို့ဝန်ကြီးဌာန၏ လျှပ်စစ်မီးရရှိရေးအတွက် ဆည်ရေအားမောင်းနှင်ရသကဲ့သို့ စိုက်ပျိုးရေအား သတ်မှတ်ချိန်များတွင် တောင်သူများ ရရှိရေး ဆောင်ရွက်ရမည်ဖြစ်၍ သက်ဆိုင်ရာ ဆည်မြောင်းဦးစီးဌာန မှဝန်ထမ်းများနှင့်အတူ ပြည်သူလူထု ထိခိုက်မှုမရှိစေရေး ပူးပေါင်းဆောင်ရွက်ကြရန်၊ သတ်မှတ်သည့် အနိမ့်ဆုံးရေအမှတ်များသို့ ရောက်ရှိခါနီးအချိန်တွင် စက်များ၏ မောင်းနှင်မှုကို ထိခိုက်မှုမရှိစေရေး နိုင်ငံတော်ဓာတ်အားစနစ်၏ လိုအပ်ချက်အပေါ် ရုံးချုပ်၏ထိန်းညှိမှုများ အရ နည်းပညာလုပ်ငန်းစဉ်များအတိုင်း စနစ်တကျ မောင်းနှင်သွားကြရန်၊ စက်ရုံရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စက်စွမ်းအားပြည့်မောင်းနှင် ထုတ်လုပ်နိုင်ရေးအတွက် ဓာတ်အားပေးစက်များ ကြံ့ခိုင်ရေးကို စဉ်ဆက်မပြတ်စစ်ဆေးဆောင်ရွက်သွားကြရန်၊ ဓာတ်အားပေးစက်ရုံများသည် နိုင်ငံတော်အတွက် အရေးကြီးသည့် စက်ရုံကြီးများဖြစ်သည့်အတွက် စက်ရုံရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဓာတ်အားပေးစက်ရုံများရှိ ဓာတ်အားထိန်းချုပ်ခန်းနှင့် တာဘိုင်စက်ခန်းများအတွင်း ဓာတ်အားပေးစက်များမောင်းနှင်၍ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနေမှု အခြေအနေနှင့် ရေလှောင်တမံများအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ ရေယူအဆောက်အအုံနှင့် ရေပိုလွှဲတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (ဓါတ်ပုံ)

**ထုတ်လွှတ်ပေးပို့**

မုန်းချောင်းပေါ်ရှိ မုန်းချောင်းရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ၇၅ မဂ္ဂါဝပ်နှင့် ကြီးအုံကြီးဝရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ၇၄ မဂ္ဂါဝပ်တို့ဖြင့် တည်ဆောက်ခဲ့သော်လည်း ရာသီဥတုပြင်းထန်သဖြင့် လက်ရှိကာလတွင် ရေလှောင်တမံများအတွင်းသိုလှောင်ရေလက်ကျန် နည်းပါးလာသည့်အတွက် မုန်းချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ၁၆ မဂ္ဂါဝပ်နှင့် ကြီးအုံကြီးဝရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ၁၄ မဂ္ဂါဝပ်တို့ကို နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ ထုတ်လွှတ်ပေးပို့လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး UEHRD ပြည်ထောင်စုစီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်မှုများ ညှိနှိုင်းဆွေးနွေး

ရန်ကုန် မေ ၁၉

**ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)ကော်မတီ၏ လုပ်ငန်းအကောင်အထည်ဖော်မှု ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပပြုလုပ်ရာ အဆိုပါကော်မတီ၏ ဒုဥက္ကဋ္ဌ(၁)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် UEHRD အဖွဲ့ဝင်များ၊ အထောက်အကူပြုလုပ်ငန်းအဖွဲ့များနှင့် တွေ့ဆုံညှိနှိုင်း ဆွေးနွေးသည်။**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး UEHRD ပြည်ထောင်စုစီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်မှုများ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**
သတင်းစဉ်

**အပြန်အလှန်ချိတ်ဆက်**

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ဆောင်ရွက်နေသည့် UEHRD ကော်မတီအနေဖြင့် ရည်ရွယ်ချက် ပေါက်မြောက်အောင်မြင်စေရန် အတွက်နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုဖြင့် ပြည်သူများ၊ ပုဂ္ဂလိက၊ ပြည်တွင်း NGOနှင့် CSO များ၊ မိတ်ဖက်နိုင်ငံများ၊ ကုလသမဂ္ဂအေဂျင်စီများ၊ INGOs များ အားလုံးအတူတကွ ပူးပေါင်းညှိနှိုင်းအကောင်အထည်ဖော်သည့် နည်းလမ်းဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထိထိရောက်ရောက်ပေးအပ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စများတွင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးနှင့်ရေရှည်ပဋိပက္ခ ကင်းဝေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးရေးသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်သည့် လုပ်ငန်းဖြစ်သည့်အတွက် အဖွဲ့အစည်းများအကြား အပြန်အလှန်ချိတ်ဆက်ဆက်သွယ်ဆောင်ရွက်မှုသည်လည်း အရေးကြီးပါကြောင်း၊ အထူးသဖြင့် UEHRD ကော်မတီရန်ကုန်ရုံးနှင့် နေပြည်တော်ရုံးအကြား အပြန်အလှန်သတင်းအချက်အလက် ဖလှယ်မှု၊ ဆက်သွယ်ဆောင်ရွက်မှုများ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**ဝိုင်းဝန်းစဉ်းစားဖော်ထုတ်**

UEHRD ၏ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လူငယ်များ၏ အင်အားကိုလည်း မေ့၍မရပါကြောင်း၊ မြန်မာနိုင်ငံတွင် လူငယ်များကိုယ်တိုင် ပါဝင်ရေးဆွဲသောလူငယ်မူဝါဒ ရှိပြီးဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဒေသအလိုက်လည်းမဟာဗျူဟာများ ရေးဆွဲထားရှိပြီးဖြစ်ပါကြောင်း၊ UEHRD အနေဖြင့် တစ်နိုင်ငံလုံးရှိ ရခိုင်ပြည်နယ် အရေးတစ်ဖက်တစ်လမ်းက အချိန်ပေးဝိုင်းဝန်းလိုသည့် လူငယ်များကို အွန်လိုင်းက တစ်ဆင့်လျှောက်လွှာများ လက်ခံလျှောက်ထားလာသူများထဲမှ စိစစ်ရွေးချယ်ပြီး လေ့ကျင့်သင်တန်းပေးစေလွှတ်ခဲ့မှုများ ဆောင်ရွက်ခဲ့ရာတွင် အောင်မြင်မှုများ ရရှိခဲ့ပါကြောင်း၊ ယခုတစ်ဖန်ပြန်ပြီး UEHRD စေတနာ့ဝန်ထမ်းလူငယ်အစီအစဉ်ကို ထပ်မံဆောင်ရွက်လိုပါကြောင်း၊ အာဆီယံအနေဖြင့်လည်း မြန်မာနိုင်ငံကို ကူညီပြီး ရခိုင်ပြည်နယ်အတွင်း ပြန်လည်လက်ခံရေး လုပ်ငန်းများနှင့်ပတ်သက်ပြီး လိုအပ်ချက် ဆန်းစစ်လေ့လာရေးကို ကနဦးဆောင်ရွက်ခဲ့ပြီး နောက်ထပ်ပြီး ပြည့်စုံသော ဆန်းစစ်လေ့လာမှုများကို ဆောင်ရွက်ရန် ပြင်ဆင်လျက်ရှိပါကြောင်း၊ UEHRD အနေဖြင့် အာဆီယံနှင့်လည်း လက်တွဲဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ရေးအတွက် ရန်ပုံငွေရရှိရေး နည်းလမ်းများကိုလည်း ဝိုင်းဝန်းစဉ်းစား ဖော်ထုတ်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက်တွင် အစည်းအဝေးတက်ရောက်လာကြသူများက UEHRD စေတနာ့ဝန်ထမ်း လူငယ်အစီအစဉ် ပြန်လည်ဆောင်ရွက်ရေး ကိစ္စရပ်များ၊ UEHRD ၏ လုပ်ငန်းများကို ယခုထက်ပိုပြီး ထိထိရောက်ရောက် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ရေး လုပ်ငန်းအစီအစဉ်များနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

ထို့နောက် UEHRD ၏အထောက်အကူပြုအဖွဲ့ဖြစ်သော Outreach Working Group နှင့် တွေ့ဆုံကာ နိုင်ငံတကာတွင်ပျံ့နှံ့ပြောဆိုနေကြသော မဟုတ်မမှန်သတင်းများကို လူမှုကွန်ရက်မီဒီယာများ၊ အခြားသောဆက်သွယ်ရေးနည်းလမ်းများ အသုံးပြု၍သတင်းမှန်များ ပြန်ကြားနိုင်ရေး၊ မြေပြင်တွင် အမှန်တကယ် ပြောင်းလဲတိုးတက်မှုများကို ပြည်တွင်း၌သာမက ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာကပါသိရှိအောင် ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။ အဆိုပါ ဆွေးနွေးပွဲသို့ UEHRD ကော်မတီအဖွဲ့ဝင်များ၊ ကော်မတီ၏ Outreach Working Group မှအဖွဲ့ဝင်များတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ခရီးသွားလုပ်ငန်းဖြင့် နိုင်ငံ၏ ပုံရိပ်မြှင့်တင်ကြော်ငြာခြင်း

ဇင်ဇင် (ခရီးသွား)

**ခရီးသွားလုပ်ငန်း (Tourism) ဟူသော ဝေါဟာရကို အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုနေကြသည့်အနက် ခရီးသွားလုပ်ငန်းမည်သည် မိမိတို့နေထိုင်ရာဒေသမှ အခြားဒေသများသို့ အပန်းဖြေခရီး (သို့မဟုတ်) အခြားရည်ရွယ်ချက်များဖြင့် တစ်နှစ်ထက်မကျော်သော အချိန်ကာလအတွင်း သွားရောက်လည်ပတ်ရာတွင် ပြုလုပ်ရသည့် လှုပ်ရှားဆောင်ရွက်မှုများ ပါဝင်သည်ဟု ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (UNWTO) မှ အဓိပ္ပာယ်ဖွင့်ဆိုထားပေသည်။ ထို့ပြင် ခရီးသွားလုပ်ငန်းသည် မိမိတို့ သွားလိုသည့်နေရာသို့ ရည်မှန်းချက်တစ်ခုဖြင့် သွားရောက်လည်ပတ်ရာတွင် ခရီးသည်များအနေဖြင့် သယ်ယူပို့ဆောင်ရေး၊ တည်းခိုနေထိုင်ရေး ဝန်ဆောင်မှုများကို အသုံးပြုကြရမည် ဖြစ်ပါသည်။ ထို့ကြောင့် ခရီးသွားခြင်းအားလုံးကို ခရီးသွားလုပ်ငန်းဟု မခေါ်ဆိုနိုင်ပေ။**



ခရီးသွားလုပ်ငန်းသည် ကမ္ဘာပေါ်တွင် တတိယအကြီးဆုံး ပို့ကုန်လုပ်ငန်းဖြစ်ပြီး Global GDP ၁၀ ဒသမ ၄ ရာခိုင်နှုန်းကို ဖန်တီးပေးလျက်ရှိပါသည်။ စစ်တမ်းများအရ ခရီးသွားများသည် အပန်းဖြေလိုသည့် ရည်ရွယ်ချက် (leisure, recreation & holidays) ကြောင့် အများဆုံးခရီးသွားကြခြင်းဖြင့် ၂၀၁၈ ခုနှစ်တွင် နိုင်ငံတကာခရီးသည် ရောက်ရှိမှုသည် ၁ ဒသမ ၄ ဘီလီယံရှိခဲ့ပြီး ကမ္ဘာပေါ်တွင် ခရီးသွားဧည့်သည် အရေအတွက်သည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လျက်ရှိပါသည်။ ခရီးသွားလုပ်ငန်း၏ လက်ရှိအခြေအနေကို အခြေခံ၍ UNWTO မှ ၂၀၁၉ ခုနှစ်တွင် ပြီးခဲ့သော ၂၀၁၈ ခုနှစ်ထက် ခရီးသည်ရောက်ရှိမှုသည် ၃ ရာခိုင်နှုန်း (သို့မဟုတ်) ၄ ရာခိုင်နှုန်းတိုးတက်လာမည်ဟု မျှော်မှန်းထားပါသည်။ ဈေးနှုန်းသင့်တင့်ပြီး ပိုမိုကောင်းမွန်သော လေကြောင်းဆက်သွယ်မှုများကြောင့် အိန္ဒိယ၊ ရုရှား၊ အာရှနှင့် အာရပ်နိုင်ငံများ စသည့် ဖွံ့ဖြိုးစဈေးကွက်များ (Emerging Market) မှ ခရီးသည်များ၏ ခရီးသွားလာမှုနှုန်းသည် မြင့်တက်လာလိမ့်မည်ဟုလည်း ခန့်မှန်းထားပါသည်။ ထို့အပြင် ပြောင်းလဲရန်နှင့် ပြသရန် ခရီးသွားခြင်း (Travel to change and to show)၊ ကျန်းမာရေးအတွက် ရွေးချယ်မှုများပြုလုပ်ခြင်း (the pursuit of healthy options)၊ အသက်အရွယ်စုံခရီးသွားခြင်း (multigenerational travel) စသည့် တိုးတက်ပြောင်းလဲလာသည့် ခရီးသွားအတွေးအမြင်များကြောင့် တာဝန်သိခရီးသွားလာမှု (Responsible Travel) ၏ အင်အားကောင်းမွန်လာမည်ဟု UNWTO မှ ထုတ်ပြန်ထားရှိပါသည်။

### ပြောင်းလဲလာသော ဈေးကွက်ရှာဖွေရေးဗျူဟာများ

ယနေ့ကမ္ဘာတွင် Marketing ဟုခေါ်သော ဈေးကွက်ရှာဖွေရေးဗျူဟာများသည် ယခင်ကနှင့်မတူတော့ဘဲ ထူးခြားစွာပြောင်းလဲနေသည်ကို တွေ့မြင်နိုင်ပါသည်။ Marketing ပြုလုပ်ခြင်းဆိုသည်မှာ မိမိ၏ဝယ်သူများထံမှ Value ပြန်လည်ရရှိစေရေးအလို့ငှာ တန်ဖိုးရှိသော Customers Value များ ဖန်တီးပေးရန် သို့မဟုတ် (Customers) များနှင့် ခိုင်မြဲသော ဆက်ဆံရေးတည်ဆောက်ရန်အလို့ငှာ ကုမ္ပဏီများသည် ဝယ်သူ (Customer) များနှင့် နည်းဗျူဟာကျကျ ထိတွေ့ဆက်ဆံခြင်း ဖြစ်ပါသည်။ မိမိတို့၏ ထုတ်ကုန်များကို ရည်မှန်းဈေးကွက်ထဲသို့ ရောက်ရှိအောင် ကုန်ပစ္စည်း၊ ဈေးနှုန်း၊ နေရာ၊ အရောင်းတိုးမြှင့်ခြင်း၊ လူများ၊ လုပ်ငန်းစဉ်၊ ပစ္စည်းသက်သေအထောက်အထားဟူသည့် 7 Ps ကို Marketing Mix အဖြစ် အသုံးချ၍ ဆောင်ရွက်ကြပါသည်။

မိမိတို့၏ ကုန်ပစ္စည်းများကို ဈေးကွက်ထဲသို့ ပိုမိုထိုးဖောက်နိုင်ရန် စည်းစနစ်ကျကာ နည်းလမ်းမှန်သောစီမံခန့်ခွဲမှု ရှိရပေလိမ့်မည်။ ယနေ့ခေတ်တွင် ကုမ္ပဏီနှင့် ဝယ်သူအပြင် ဒေသရှိ လူ့အဖွဲ့အစည်းကိုပါ အကျိုးရှိစေမည့် Societal Marketing Concept ကို ပိုမိုအရေးပေးလာကြပါသည်။ ထို့အပြင် Cutomers များနှင့် ကောင်းမွန်သောဆက်ဆံရေးကို ရေရှည်တည်ဆောက်နိုင်ရန်အတွက် အမျိုးမျိုးသော နည်းလမ်းများပါဝင်သည့် အစီအစဉ်များနှင့် နည်းဗျူဟာများကို ချမှတ်ဆောင်ရွက်နေကြပါသည်။ ပြောင်းလဲလာသော ပတ်ဝန်းကျင်အနေအထားများအရ ယနေ့ Marketing 4.0 ဟုခေါ်သည့် Marketing ပုံစံတွင် သမားရိုးကျနည်းလမ်းမှသည် Digital နည်းလမ်းသို့ ပြောင်းလဲနေပါသည်။ Marketing 4.0 ဆိုသည်မှာ ကုမ္ပဏီနှင့် ဝယ်သူများအကြား အွန်လိုင်းနှင့် အွန်လိုင်းမဟုတ်သောနေရာများ နှစ်နေရာလုံးမှ အပြန်အလှန်ဆက်သွယ်ခြင်းကို ပြုလုပ်သည့် ဈေးကွက်ရှာဖွေရေး လမ်းစဉ်တစ်ခုဖြစ်သည်ဟု အမေရိကန် Marketing ပညာရှင် Philip Kotler မှ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ထို့ကြောင့် ပြောင်းလဲလာသော Marketing သဘောတရားများကို လုပ်ငန်းများအားလုံးအနေဖြင့် လိုက်ပါဆောင်ရွက်နိုင်ရန် အလွန်အရေးကြီးလှသည်။ ယနေ့ Marketing 4.0 ၏ အရောင်းတိုးမြှင့်ခြင်းလုပ်ငန်းစဉ်တွင် ကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ ကိုယ်တိုင်သွားရောက်ရောင်းချခြင်း၊ ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံခြင်းနှင့် တိုက်ရိုက်ဈေးကွက်ရှာဖွေခြင်းတို့အပြင် Digital Marketing ၏ အခန်းကဏ္ဍသည် သိသာစွာ ပါဝင်လာသည်ကို တွေ့နိုင်သည်။ Digital Marketing ဆိုသည်မှာ Mobile Phone၊ Laptop စသည့် Digital Devices များကို အသုံးပြု၍ Website၊ Social Media ( Facebook၊ Instagram၊ Twitter၊ etc)၊ Mobile Apps၊ Online Video၊ Email၊ Blogs စသည့် Digital Marketing Tools များဖြင့် Customers များထံသို့ မိမိတို့ ကြော်ငြာလိုသော အကြောင်းအရာကို အချိန်မရွေးပေးပို့ ဆက်သွယ်ချိတ်ဆက်ပြီး Marketing ပြုလုပ်ခြင်း ဖြစ်ပါသည်။

### နည်းပညာအသုံးပြု၍ ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ခြင်း

ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိတို့၏ ခရီးသွားဆွဲဆောင်မှုများကို ခရီးသွားဧည့်သည်များ ပိုမိုသိရှိနိုင်စေရန် အမျိုးမျိုးသော မီဒီယာများအသုံးပြု၍ မြှင့်တင်ကြော်ငြာခြင်းများ ပြုလုပ်ကြရသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ၂၀၁၈ ခုနှစ် ဆောင်ပုဒ်ဖြစ်သော “ခရီးသွားလုပ်ငန်းမြှင့်တင်ဖို့ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြောင်းလဲစို့” - “ Tourism and the Digital Transformation” ဟူသော ဆောင်ပုဒ်အတိုင်း ပြောင်းလဲလာသော နည်းပညာခေတ်တွင် ဒစ်ဂျစ်တယ်နည်းဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်လာပါသည်။ ခရီးသွားလုပ်ငန်းအနေဖြင့် ဟိုတယ်များနှင့် လေကြောင်းလိုင်းများ၏ Online Booking ဆောင်ရွက်ခြင်းမှသည် ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သော စီးပွားရေးလုပ်ငန်းများကို ဒစ်ဂျစ်တယ်နည်းပညာတွင် ဦးဆောင်အစပျိုးသူ (Digital Pioneer) အဖြစ် ပြောင်းလဲရတော့မည် ဖြစ်ပါသည်။ သို့မှသာ တိုးတက်ပြောင်းလဲလာသော စီးပွားရေးအခွင့်အလမ်းများတွင် ခရီးသွားလုပ်ငန်းသည် တီထွင်ဆန်းသစ်ပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် Digitalized Tourism Sector အဖြစ် ရေရှည်အောင်မြင်မှု ရရှိနိုင်မည်ဖြစ်သည်။

ယနေ့ခေတ်တွင် ခရီးသွားဧည့်သည်များသည် Digital Platforms များဖြစ်သည့် Social Media များတွင် User-generated Content များရေးသားခြင်း၊ Feedback များ ပေးခြင်းဖြင့် ၎င်းတို့၏ ခရီးသွားအတွေ့အကြုံများကို ပြန်လည်ဝေမျှနေကြသည်။ အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအားလုံးအနေဖြင့် နည်းပညာကို ကောင်းမွန်စွာစီမံခန့်ခွဲနိုင်သည့် အင်အားကောင်းသောစနစ်များနှင့် Customers များကို Personalized Service များပေးနိုင်သည့် ဝန်ဆောင်မှုစနစ်များကို အွန်လိုင်းမှတစ်ဆင့် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရန် ကြိုးပမ်းကြရမည် ဖြစ်ပါသည်။

### ခရီးသွားလုပ်ငန်းတွင် ဦးဆောင်နေသောနိုင်ငံများ၏ အနေအထား

ခရီးသွားလုပ်ငန်းတွင် အောင်မြင်ကျော်ကြားနေသော နိုင်ငံများသည် ၎င်းတို့၏ ခရီးသွားလုပ်ငန်း ဈေးကွက်ရှာဖွေခြင်းကို Digital Platforms များမှ ၎င်းတို့နိုင်ငံ ဈေးကွက်ရရှိရေးကို တစ်ဟုန်ထိုး ယှဉ်ပြိုင်ဆောင်ရွက်နေသည်ကို တွေ့မြင်နိုင်သည်။ ဥပမာအားဖြင့် ခရီးသွားလုပ်ငန်းဖြင့် အောင်မြင်တိုးတက်နေသော နိုင်ငံများ၏ Marketing ပြုလုပ်နေမှုများကို လေ့လာကြည့်လျှင် ဆွဲဆောင်မှုရှိရှိ စနစ်တကျ ရေးသားလွှင့်တင်ထားသော Well-designed responsive websites များနှင့် လူမှုကွန်ရက်မီဒီယာများ ( Facebook၊ Twitter၊ Instagram etc) တွင် အခပေးကြော်ငြာခြင်းများ ပြုလုပ်လာကြသည်။ အောင်မြင်ကျော်ကြားသော ခရီးသွားလုပ်ငန်း Website များအနက် အာရှ-ပစိဖိတ်ဒေသရှိ Tourism Fiji၊ Visit Korea၊ Tourism New Zealand၊ Tourism Western Australia တို့ကို အင်တာနက်စာမျက်နှာများ၏ အကောင်းဆုံးစာရင်းတွင် ဖော်ပြထားသည်ကို တွေ့ရသည်။ Meltwater ၏ စစ်တမ်းအရ ၂၀၁၈ ခုနှစ် အကောင်းဆုံး Instagram Account ရှိသည့် နိုင်ငံများတွင် Travel Alberta၊ Visit California၊ Visit SLO၊ Tourism New Zealand နှင့် Visit Singapore တို့ ပါဝင်ပါသည်။ Mensfield Website ၏ ဖော်ပြချက်အရ Discover Los Angeles၊ Tourism

**“ပြောင်းလဲလာသော နည်းပညာခေတ်တွင် လူတိုင်းနီးပါး လက်ကိုင်ဖုန်းများဖြင့် အင်တာနက်အသုံးပြုနေကြခြင်းကြောင့် မိမိတို့၏ ကိုယ်ပိုင်လူမှုကွန်ရက်များမှ မြန်မာနိုင်ငံ၏ ကောင်းသတင်းများနှင့် လှပသော ခရီးသွားဆွဲဆောင်မှုများကို နိုင်ငံတကာမှ သိမြင်အောင် မျှဝေပေးခြင်းဖြင့် နိုင်ငံ့သားကောင်းတစ်ယောက်၏ တာဝန်ကို ရိုးရှင်းစွာ ထမ်းဆောင်နိုင်”**

Toronto၊ Sweden on Airbnb၊ #InLoveWithSwitzerland၊ Let Nova Scotia Surprise You၊ Experience the Phillipines တို့ကို ၂၀၁၇ ခုနှစ်အတွက် အကောင်းဆုံးခရီးသွားလုပ်ငန်း ကြော်ငြာဗီဒီယိုများအဖြစ် ရွေးချယ်ဖော်ပြထားပါသည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံသည်ပင် ခရီးသွားလုပ်ငန်းတွင် အတော်ပင်အောင်မြင်မှု ရရှိနေပြီး ၂၀၁၈ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ ခရီးသွားဧည့်သည် ၃၈ သန်းကျော် ဝင်ရောက်ခဲ့သည်။ ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဦးဆောင်အဖွဲ့အစည်းဖြစ်သော Tourism Authority of Thailand (TAT) ၏ Digital နည်းဖြင့် ခရီးသွားဧည့်သည်များကို သတင်းအချက်အလက်ပေးကာ ဆွဲဆောင်နေသော amazingthailand website နှင့် လူမှုကွန်ရက်အကောင့်များတွင် ၎င်းတို့၏ ခရီးသွားလုပ်ငန်းအတွက် ကြိုးပမ်းအားထုတ်နေမှုများကို အားကျဖွယ် တွေ့မြင်ရသည်။

### ခရီးသွားလုပ်ငန်းဖြင့် နိုင်ငံ၏ ပုံရိပ်မြှင့်တင်ခြင်း

မြန်မာနိုင်ငံသည် အံ့ဩဖွယ် သဘာဝရေမြေတောတောင်များ၊ ခမ်းနားသောယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ မတူညီသော လူမျိုးစုများ၊ ထင်ရှားသော ဘာသာရေးအဆောက်အအုံများ၊ ဒေသခံများ၏ ဖော်ရွေပျူငှာမှု စသည့် များပြားလှသော ခရီးသွားဆွဲဆောင်မှုများနှင့် ပြည့်စုံသော ဒေသတစ်ခုဖြစ်ပါသည်။ သို့ရာတွင် မကြာသေးမီက မြန်မာနိုင်ငံကို စွပ်စွဲပြောဆိုသော နိုင်ငံတချို့၏ သတင်းမှားများကြောင့် နိုင်ငံ၏ ပုံရိပ်သည် ဝေဝါးသွားသည်သာမက ထိုဂယက်သည် ခရီးသွားလုပ်ငန်းသို့ ကူးစက်ရိုက်ခတ်ခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ခရီးသည်ဝင်ရောက်မှုသည် ၃ ဒသမ ၅၅ သန်းရှိခဲ့ရာ ကျေနပ်လောက်သည့် ပမာဏနှင့် ဝေးကွာနေပါသေးသည်။

ခရီးသွားကဏ္ဍအတွက် တာဝန်ရှိအစိုးရအဖွဲ့အစည်းဖြစ်သည့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးလာရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့မြင်ရသည်။ ခရီးသွားလုပ်ငန်းတွင် မြန်မာနိုင်ငံ၏ ဈေးကွက်ပိုမိုရရှိရေးအတွက် ခရီးသွားမြှင့်တင်မှုများကို ဆောင်ရွက်ရာတွင် ခရီးသွားပြပွဲများသို့ သွားရောက်ပြသခြင်း၊ ပြည်တွင်းခရီးသွားပြပွဲများ ပြုလုပ်ခြင်း၊ နိုင်ငံတကာ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံကိုယ်စားပြု ခရီးသွားသံတမန်များခန့်အပ်ခြင်း၊ ခရီးသွားစာစောင်များဖြန့်ဝေခြင်း၊ Promotion Videos များ ရိုက်ကူးခြင်း စသည့်လုပ်ငန်းများအပြင် ပြောင်းလဲလာသော ခေတ်ရေစီးကြောင်းနှင့်အညီ Digital Marketing ကို ၂၀၁၈ ခုနှစ် ဩဂုတ်လလောက်မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်နေပါသည်။

ထို့အပြင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (MTF) နှင့် ညီနောင်အသင်းများမှ ခရီးသွားလုပ်ငန်းပညာရှင်များ ပါဝင်သော လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းကာ မြန်မာနိုင်ငံ၏ ရည်မှန်းဈေးကွက်နိုင်ငံများကို စနစ်တကျရွေးချယ်ကာ ဆောင်ရွက်နေပါသည်။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများအကြောင်းကို ၎င်းရည်မှန်းဈေးကွက်များရှိ ခရီးသွားဧည့်သည်များ သိရှိနိုင်ရန် Digital Platforms များဖြစ်သော Website နှင့် Social Media များမှ တစ်ဆင့် မြှင့်တင်ကြော်ငြာနေပါသည်။ ဝန်ကြီးဌာန၏ Digital Marketing ဆောင်ရွက်မှု ပထမခြေလှမ်းအဖြစ် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.tourism.gov.mm ကို ဆန်းသစ်သော well-designed responsive website တစ်ခုအသွင်ဖြင့် ၂၀၁၉ ခုနှစ် ဧပြီလ ၁၀ ရက်နေ့က လွှင့်တင်နိုင်ခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံ၏ Theme တစ်ခုဖြစ်သော “Myanmar Be Enchanted” ဆောင်ပုဒ်နှင့်အညီ Social Media များတွင် ဆွဲဆောင်မှုရှိသောဓာတ်ပုံများဖြင့် မြန်မာနိုင်ငံအကြောင်း ရေးသားဖော်ပြ၍ ကြော်ငြာခြင်း၊ Video များရိုက်ကူးခြင်း၊ ထိရောက်သော ခရီးသွားဆောင်းပါးများဖြင့် မြှင့်တင်ကြော်ငြာခြင်းတို့အပြင် မြန်မာနိုင်ငံ၏ ကောင်းသတင်းအမှန်အကန်များကို အွန်လိုင်းတွင် ပိုမိုပျံ့နှံ့စေပြီး နိုင်ငံ၏ပုံရိပ်ကို မြှင့်တင်နိုင်ရန်လည်း ဆောင်ရွက်လျက်ရှိပါသည်။ ဤသို့ဖြင့် ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ အလှအပများကို ပိုမိုသိရှိလာပြီး လာရောက်လည်ပတ်ကြခြင်းဖြင့် နိုင်ငံအပေါ် ထင်မြင်နေသည့် အယူအဆမှားများကို ပြောင်းလဲနိုင်မည်ဖြစ်ပြီး ကမ္ဘာ့အလယ်တွင် မြန်မာ့ပုံရိပ်သည် ပြန်လည်အသက်ဝင်လာကာ အောင်မြင်သော ခရီးစဉ်ဒေသတစ်ခုဖြစ်လာမည်မှာ မလွဲကေန်ပင်။

### ပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့် အနာဂတ်ခရီးသွားလုပ်ငန်း

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ပြောင်းလဲနေသော ခရီးသွားပုံသဏ္ဍာန် လမ်းကြောင်းနှင့်အညီ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်နေသည်ကို မိဘပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေလိုသည်။ ပြောင်းလဲလာသော နည်းပညာခေတ်တွင် လူတိုင်းနီးပါး လက်ကိုင်ဖုန်းများဖြင့် အင်တာနက်အသုံးပြုနေကြခြင်းကြောင့် မိမိတို့၏ ကိုယ်ပိုင်လူမှုကွန်ရက်များမှ မြန်မာနိုင်ငံ၏ ကောင်းသတင်းများနှင့် လှပသော ခရီးသွားဆွဲဆောင်မှုများကို နိုင်ငံတကာမှ သိမြင်အောင် မျှဝေပေးခြင်းဖြင့် နိုင်ငံ့သားကောင်းတစ်ယောက်၏ တာဝန်ကို ရိုးရှင်းစွာ ထမ်းဆောင်နိုင်ပါသည်။

ဤသို့ဖြင့် နိုင်ငံ၏ဘဏ္ဍာငွေကို တစ်ဖက်တစ်လမ်းမှ ရှာဖွေပေးနေသော ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပြည်သူများ၏ ခရီးသွားရေချိန် သိမ်မွေ့မြင့်မားမှုနှင့်အတူ ပူးပေါင်းပါဝင်မှုများသည် နိုင်ငံအလျင်အမြန် ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်၏ ခရီးသွားလုပ်ငန်းဖြင့် မြန်မာနိုင်ငံ၏ ပုံရိပ်မြှင့်တင်ကြော်ငြာခြင်းလုပ်ငန်းများတွင် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ခြင်းဖြင့် ပိုမိုကောင်းမွန်ပြီး ရေရှည်တည်တံ့သော အနာဂတ်ခရီးသွားလုပ်ငန်းတစ်ရပ်ဖြစ်လာမည်ဟု ယုံကြည်မိပါတော့သည်။ ။

# ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် မိုးမကျမီ ယာယီနေရာချထားပေးနိုင်ရေး ညှိနှိုင်းဆွေးနွေး



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများ တိုက်ပွဲရှောင်ပြည်သူများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားစဉ်။

**စစ်တွေ မေ ၁၉**

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများကို မိုးရာသီမတိုင်မီ လုံခြုံသော နေရာများတွင် ယာယီနေရာချထားပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက ရခိုင်ပြည်နယ် စစ်တွေမြို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရိပ်သာ အစည်းအဝေးခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဦးစားပေးဆောင်ရွက်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရက ပြည်သူများအတွက် သာတူညီမျှခံစားရရှိရေးမူနှင့် ပြုပြင်ပြောင်းလဲမှုများ၊ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ခြင်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ သာတူညီမျှခံစားရရှိရေး ဆောင်ရွက်ရာတွင် လိုအပ်ချက်များသောနေရာများကို ဦးစားပေးဆောင်ရွက်နေကြောင်း၊ ရခိုင်ပြည်နယ်သည် လိုအပ်ချက်များသည့်အတွက် ဦးစားပေးအစီအစဉ်များဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ်အတွက် အလေးထားသည့်အချက် နှစ်ချက်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကော်မတီများ၊ အဖွဲ့အစည်းများနှင့် ပြည်သူများက ဝိုင်းဝန်းဆောင်ရွက်နေကြောင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine-UEHRD) ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများအားလုံးက ရခိုင်ပြည်နယ်အတွက် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း။

**ပြည်သူများ၏ဒုက္ခများကို ဖြည့်ဆည်းပေး**

မိမိတို့ဝန်ကြီးဌာနသည် ဘေးဒုက္ခရောက်နေသော ပြည်သူများအတွက် လိုအပ်ချက်များကို စီမံဆောင်ရွက်ရန် တာဝန်ယူရသည့် အစိုးရဌာနဖြစ်ပါကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်တွင် လတ်တလောဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် မိမိတို့နေအိမ်များကို စွန့်ခွာတိမ်းရှောင်နေရသော ပြည်သူများ၏ဒုက္ခများကို ဖြည့်ဆည်းပေးရန် ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ လတ်တလောအခြေအနေတွင် (၄) ကြိမ်မြောက်ရှိပြီဖြစ်ပါကြောင်း၊ ပထမ(၃)ကြိမ်တွင် ဘေးဒဏ်ခံစားနေရသောပြည်သူများ လတ်တလောစားဝတ်နေရေးအဆင်ပြေစေရန် ဆန်ရိက္ခာ၊ အဝတ်အထည် အိမ်ထောင်စုသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ ထို့အပြင် မိမိကိုယ်တိုင်မပါသော်လည်း ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီမှတစ်ဆင့် (၂) ကြိမ် ထောက်ပံ့မှုများပြုလုပ်ခဲ့ပြီး စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၉၂၇၉ ကျော်ရှိပြီဖြစ်ကြောင်း၊ ယခုတစ်ကြိမ် ရောက်ရှိခြင်းသည် တိုက်ပွဲရှောင်ပြည်သူများအတွက် မိုးမကျမီ ယာယီနေရာချထားပေးနိုင်ရေးကိစ္စဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ရေရှည်တွင် ရခိုင်ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်ပဋိပက္ခ ကင်းဝေးရေး၊ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နေသကဲ့သို့ လတ်တလော ရခိုင်ပြည်သူများ၏ ဘေးဒုက္ခများကို အမြန်ဆုံး မိုးမကျမီ အချိန်မီ ဒုက္ခများကကင်းဝေးစေရေး ယာယီနေရာချထားရေးကို တာဝန်ယူဆောင်ရွက်မည်ဖြစ်ရာ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများ၊ ပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက နေရပ်စွန့်ခွာပြည်သူများအတွက် လိုအပ်ချက်များကို ပြည့်စုံအောင်ဆောင်ရွက်လျက်ရှိကြောင်း၊ မိုးရာသီမတိုင်မီ ယာယီနေထိုင်နိုင်ရေးအတွက် အဓိကဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနအလိုက် တာဝန်ယူ တာဝန်ခံ၍ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ညွှန်ကြားရေးမှူးက တိုက်ပွဲရှောင်ပြည်သူများ ယာယီခိုလှုံမှုအခြေအနေနှင့်ပတ်သက်၍ တင်ပြဆွေးနွေးပြီး ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေးခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဖြည့်စွက်ဆွေးနွေးသည်။

**တိုက်ပွဲရှောင်ပြည်သူများနှင့်တွေ့ဆုံ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ စစ်တွေမြို့ အမျိုးသားကျောင်းတိုက်ရှိ ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး ရသေ့တောင်၊ ဘူးသီးတောင်မြို့နယ်များမှ တိုက်ပွဲရှောင်ပြည်သူများနှင့်တွေ့ဆုံကာ အားပေးစကားပြောကြားသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်း၌ လူငယ်ဈေးဖွင့်လှစ်

**ရန်ကုန် မေ ၁၉**

ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်း၌ လူငယ်များကိုယ်တိုင် ဦးစီးဖွင့်လှစ်သော Youth Bazaar (လူငယ်ဈေး)ကို မေ ၁၈ ရက်က စတင်ဖွင့်လှစ်ကြောင်း သိရသည်။

**နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်ရာနေရာ**

အများပြည်သူ အပန်းဖြေအနားယူရာတွင် အပန်းဖြေရင်း ဈေးဝယ်ထွက်နိုင်ရန်နှင့် နိုင်ငံတကာ ခရီးသွားဧည့်သည်များကို ဆွဲဆောင်ရာနေရာတစ်ခုအဖြစ် ဖန်တီးလိုသည့် လူငယ်များ၏ အိပ်မက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ယခုကဲ့သို့ ဆိုင်ခန်းပေါင်းစုံပါဝင်သော ဈေးငယ်တစ်ခုကို ဖန်တီးခြင်းဖြစ်ကြောင်း သိရသည်။

“ဒီနေရာက နဂိုကတည်းက အထင်ကရနေရာတစ်ခုဖြစ်တယ်။ ဆိုင်ခန်းလေးတွေ စုစုစည်းစည်းနဲ့ တစ်နေရာတည်းမှာ ဖွင့်နိုင်ရင် ကောင်းမှာပဲဆိုပြီး ဖွင့်ဖြစ်ခဲ့တာပါ။ လာတဲ့သူတွေ အနေနဲ့လည်း တစ်နေရာတည်းမှာ အပန်းဖြေရင်းနဲ့ ဈေးဝယ်နိုင်တာပေါ့။ နောင်တစ်ချိန်မှာတော့ အောင်မြင်ကျော်ကြားပြီး လူအသွားများတဲ့ နေရာလေးတစ်ခုဖြစ်လာဖို့ မျှော်မှန်းပါတယ်” ဟု လူငယ်ဈေးဖြစ်မြောက်ရေးအတွက် ဦးဆောင်သူတစ်ဦးဖြစ်သည့် ကိုတင်ထူးအောင်က ပြောသည်။

အဆိုပါဈေးတွင် ဖန်စီပစ္စည်းများ၊ အဝတ်အထည်များ၊ ရိုးရာလက်မှုပစ္စည်းများ၊ အစားအသောက်များ ပါဝင်ရောင်းချလျက်ရှိပြီး နောက်ပိုင်းတွင် လူငယ်များအတွက် စိတ်ဝင်စားစရာ အစီအစဉ်များ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး နိုင်ငံတကာခရီးသွားများကိုပါ ဆွဲဆောင်နိုင်သောရပ်ဝန်းတစ်ခုအဖြစ် ရပ်တည်ရန်မျှော်မှန်းထားကြောင်း သိရသည်။

**ဆိုင်ခန်းပေါင်း ၃၀ ပါဝင်**

ဆိုင်ခန်းပေါင်း ၃၀ ပါဝင်သည့် လူငယ်ဈေးဖွင့်လှစ်ချိန်ကို တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ည ၇ နာရီအထိ လည်းကောင်း၊ စနေ-တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များတွင် နံနက် ၉ နာရီခွဲမှ ည ၈ နာရီအထိ လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)၊ ဓာတ်ပုံ - ထိန်လင်း**




လူငယ်ဈေးတွင် ဈေးဝယ်သူများ စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများအား ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့ နံနက်ပိုင်းက ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက် အမှုထမ်း၊ အရာထမ်းများနေထိုင်ရာ ဝန်ထမ်းအိမ်ရာများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ဖြေရှင်းဆောင်ရွက်ပေး**

ဒုတိယဝန်ကြီးသည် ကုံကော်အိမ်ရာ၊ သဇင် ၁၊ သဇင် ၃၊ သဇင် ၆၊ သပြေ ၃၊ ညွှန်ကြားရေးမှူး အိမ်ရာများ၊ ကေတစ်ထောင်၊ ဘူးကွဲအိမ်ရာ (လူပျိုဆောင်)၊ ခရေအိမ်ရာနှင့် သပြေတောင် (လူပျို၊ အပျိုဆောင်) တို့သို့ သွားရောက်၍ အဆောက်အဦများ ပြုပြင်ထိန်းသိမ်းရေး၊ သန့်ရှင်းသာယာရေး၊ ရေ၊ မီး၊ မိလ္လာနှင့် ရေဆိုးနုတ်စနစ်များ ကောင်းမွန်ရေးနှင့် လုံခြုံရေးတို့ကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** ဝန်ထမ်းမိသားစုများ၏ တင်ပြချက်များအပေါ် ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် “ပျော်ရွှင်ဆင်နွှဲတိုင်းရင်းသားရိုးရာပွဲ”ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများ စိစစ်အကဲဖြတ်မှုအား ကြည့်ရှုပြီး မြန်မာ့ရေးရာလေ့လာရေးအဖွဲ့မှ စီစဉ်ကျင်းပသည့် အတွေးအခေါ်သစ်များနှင့် အရေးအသားသစ်များ ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲသို့ တက်ရောက်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့ရေးရာ လေ့လာရေးအဖွဲ့မှ စီစဉ်ကျင်းပသည့် အတွေးအခေါ်သစ်များနှင့် အရေးအသားသစ်များ ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတွင် တက်ရောက်ဆွေးနွေးစဉ်။ သတင်းစဉ်

**ရန်ကုန်  မေ  ၁၉**

ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနခန်းမ၌ ပြုလုပ်သည့် “ပျော်ရွှင်ဆင်နွှဲတိုင်းရင်းသားရိုးရာပွဲ” ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများ စိစစ်အကဲဖြတ်မှုကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကြည့်ရှုအားပေးသည်။

**ဓာတ်ပုံပညာဖြင့် ဖော်ထုတ်ပြသ**

ရှေးဦးစွာ ဓာတ်ပုံပြိုင်ပွဲ စိစစ်အကဲဖြတ်ဝင်များက ဓာတ်ပုံပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်၊ ပြိုင်ပွဲကျင်းပမှု အစဉ်အလာနှင့် ဓာတ်ပုံများ စိစစ်အကဲဖြတ်မှု၊ ဆုငွေနှုန်းထားတိုးမြှင့်နိုင်ရေးနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် သိသာထင်ရှားစွာ ပြောင်းလဲတိုးတက်လာမှု အနေအထားများကို ဓာတ်ပုံပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်စပ်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြိုင်ပွဲဝင်ဓာတ်ပုံများအနက် ပဏာမစိစစ်ရွေးချယ်ထားသော ဓာတ်ပုံ ၁၀၀ ကို လှည့်လည်ကြည့်ရှုရာ ဓာတ်ပုံအကဲဖြတ်အဖွဲ့ဝင်များက လိုက်လံရှင်းလင်းပြသသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာတင်က ဓာတ်ပုံပြိုင်ပွဲ စိစစ်အကဲဖြတ်မှုနှင့်စပ်လျဉ်း၍ “အခုကျင်းပတဲ့ ပျော်ရွှင်ဆင်နွှဲတိုင်းရင်းသားရိုးရာပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲက ပထမဆုံးအကြိမ်ကျင်းပတဲ့ပွဲပါ။ မြန်မာတိုင်းရင်းသားတွေ ပျော်ပျော်ရွှင်ရွှင်ရှိနေတဲ့ပုံတွေကို မှတ်တမ်းတင်တာဖြစ်ပါတယ်။ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုတွေကို ဆင်နွှဲနေတဲ့ပုံတွေ၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးနေတဲ့ပုံတွေ၊ ပွဲတော်ပုံတွေ၊ ဒီသုံးခုကို အခြေခံပြီးတော့ ရွေးချယ်မှာ ဖြစ်ပါတယ်။ အကဲဖြတ်တွေက ၁၀ ဦးရှိပါတယ်။ ပြန်ကြားရေးက သုံးဦး၊ မြန်မာနိုင်ငံ ဓာတ်ပုံအသင်းက ပညာရှင်ခုနစ်ဦးပါ။ ဆုကတော့ ရှစ်ဆု သတ်မှတ်ထားပါတယ်။ ပထမ၊ ဒုတိယ၊ တတိယနဲ့ နှစ်သိမ့်ဆုတွေပါ”ဟု ပြောသည်။

အကဲဖြတ်အဖွဲ့ဝင် ဒါရိုက်တာပန်းချီစိုးမိုးကလည်း “ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဓာတ်ပုံပြိုင်ပွဲတွေ ကျင်းပတိုင်းမှာ ကျွန်တော်က အကဲဖြတ်အနေနဲ့ ပါဝင်ပါတယ်။ ဒီပြိုင်ပွဲက ရိုးရာနဲ့ပတ်သက်တဲ့ပွဲတော်ကို စုစည်းတာဖြစ်ပါတယ်။ ဒိုင်အနေနဲ့ကတော့ ဓာတ်ပုံပညာပိုင်းအရပေးထားတဲ့ ခေါင်းစဉ်အလိုက် ကြည့်တယ်။ မီးအလင်းအမှောင် ကောင်းမကောင်း၊ ပေးထားတဲ့ခေါင်းစဉ်နဲ့ ကိုက်ညီမှုရှိ မရှိ၊ ဓာတ်ပုံထဲက မျက်နှာတွေက သဘာဝကျ မကျ၊ မြင်နေကျ ရိုက်ရိုး ရိုက်စဉ် ဟုတ်မဟုတ်၊ Print Quality ကောင်းမကောင်းစတာတွေပါ ကြည့်ပါတယ်။ အကဲဖြတ်တဲ့နေရာမှာ ဒိုင်များတဲ့အတွက် အမှတ်အများဆုံး ရသူက ဆုရမှာပါ။ မြန်မာနိုင်ငံအနေနဲ့ပြောရင် ခြုံပြောရင်တော့ ဓာတ်ပုံပညာရှင်တွေက အရင်ကထက် အများကြီး တော်လာတယ်။ နိုင်ငံတကာ ဓာတ်ပုံပြိုင်ပွဲတွေမှာလည်း ဆုရလာတယ်။ မြန်မာနိုင်ငံဓာတ်ပုံအသင်းကလည်း သင်တန်းပို့ချတာတွေ တွေ့ရတယ်။ လူငယ်တွေလည်း အများကြီး စိတ်ဝင်စားလာကြတယ်”ဟု ဆိုသည်။

**နှစ်ကြိမ်ပုံမှန်ကျင်းပ**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် မြန်မာနိုင်ငံဓာတ်ပုံအသင်းနှင့် ပူးပေါင်းပြီး ဓာတ်ပုံလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်လျက်ရှိရာ ဓာတ်ပုံပြိုင်ပွဲများ ကျင်းပခြင်းကို နှစ်တစ်နှစ်၏ နှစ်ဦးကာလတွင် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဓာတ်ပုံပြိုင်ပွဲကို လည်းကောင်း၊ နှစ်လယ်ကာလတွင် မြန်မာနိုင်ငံ၏ ပုံရိပ်ကို မြှင့်တင်နိုင်မည့် ခေါင်းစဉ်/အကြောင်းအရာဖြင့် ဓာတ်ပုံပြိုင်ပွဲကို လည်းကောင်း နှစ်စဉ်နှစ်ကြိမ်ပုံမှန်ကျင်းပပေးလျက်ရှိသည်။

ယခုနှစ်လယ်ဓာတ်ပုံပြိုင်ပွဲကို “ပျော်ရွှင်ဆင်နွှဲ တိုင်းရင်းသားရိုးရာပွဲ” အမည်ဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးမှု ပိုမိုရရှိနိုင်ရန်အတွက် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ ပေါ်လွင်ထင်ဟပ်စေမည့် ပွဲတော်များကို ဖော်ကျူးပြသနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ဓာတ်ပုံပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ဓာတ်ပုံ ဆရာ ၂၀၆ ဦးတို့က ပြိုင်ပွဲဝင်ဓာတ်ပုံ ၇၂၉ ပုံ ပေးပို့ ယှဉ်ပြိုင်ကြရာ ၎င်းပြိုင်ပွဲဝင် ဓာတ်ပုံများကို အကဲဖြတ်ပညာရှင်အဖွဲ့ဝင် ၁၀ ဦးဖြင့် ဖွဲ့စည်း၍ စိစစ်ရွေးချယ်ပြီး ယခုနှစ် ဇွန်လလယ်ခန့်တွင် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် မြန်မာ့ရေးရာ လေ့လာရေးအဖွဲ့မှ စီစဉ်ကျင်းပသည့် "New Ideas and New Writings" အတွေးအခေါ်သစ်များနှင့် အရေးအသားသစ်များ ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲသို့ တက်ရောက်ပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စာပေနှင့် အနုပညာဆိုင်ရာ ဖိတ်ကြားထားသူများ၊ လူငယ်စာရေးဆရာများ၊ ကဗျာဆရာများနှင့်အတူ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။ **သတင်းစဉ်**

## “ပျော်ရွှင်ဆင်နွှဲ တိုင်းရင်းသားရိုးရာပွဲ” ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်

**နေပြည်တော်  မေ  ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ဖော်ထုတ်ရန်ရည်ရွယ်၍ စီစဉ်ကျင်းပပြုလုပ်သည့် “ပျော်ရွှင်ဆင်နွှဲ တိုင်းရင်းသားရိုးရာပွဲ” ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ဖိတ်ခေါ်ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ပေါ်လွင်ထင်ဟပ်စေသော ယဉ်ကျေးမှုပွဲတော်များ၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်သော ပွဲတော်များကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်စေပြီး မြန်မာနိုင်ငံအနှံ့အပြားမှ ဓာတ်ပုံပညာရှင် ၂၀၆ ဦးက ပြိုင်ပွဲဝင်ဓာတ်ပုံ ၇၂၉ ပုံကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲ၏ ဆုများစိစစ်အကဲဖြတ်ဆောင်ရွက်ခြင်းကို ၁၉-၅-၂၀၁၉ ရက်နေ့တွင် ဆောင်ရွက်ခဲ့ရာ ပထမဆု ဝဏ္ဏ(မန်းတက္ကသိုလ်)၊ ဒုတိယဆု သန်းနိုင်ဦး(ပြန်/ဆက်)၊ တတိယဆု ကျော်နိုင်လင်း(လရိပ်ပြာ)တို့က ရရှိခဲ့ကြသည်။ နှစ်သိမ့်ဆုများအဖြစ် ကျော်နိုင်လင်း(လရိပ်ပြာ)၊ စိုင်းသူ(တောင်ကြီး)၊ သန်းနိုင်ဦး(ပြန်/ဆက်)၊ ခင်မောင်လွင်နှင့် ကိုမြင့်သန်း(ငွေကြယ်မင်း)တို့က အသီးသီးရရှိကြသည်။ ဆုရရှိသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆုများထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲကျင်းပမည့်ရက်အား ထပ်မံအသိပေး အကြောင်းကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မေ ၁၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

## ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာအတွက် အထောက်အကူပစ္စည်းများနှင့် ရုပ်ရှင်ရိုက်ကူးရေးသုံးပစ္စည်းများ လှူဒါန်းပွဲကျင်းပ



ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် မြတ်ပန်းတော်ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးမှ လှူဒါန်းသည့် ရုပ်ရှင်ဇာတ်ဝင်ခန်းသုံးပစ္စည်းများအား လက်ခံရယူစဉ်။ သတင်းစဉ်

**ရန်ကုန်  မေ  ၁၉**

ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေး စင်တာတွင် အသုံးပြုရန်အတွက် အထောက်အကူပစ္စည်းများနှင့် ရုပ်ရှင်ရိုက်ကူးရေးသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း ရုပ်ရှင်အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေး စင်တာ၌ ကျင်းပသည်။

အခမ်းအနားတွင် ကိုရီးယားနိုင်ငံ FORMER MWTV မှ Chief Director ဦးအောင်တင်ထွန်းက သင်ထောက်ကူပစ္စည်းအဖြစ် Laptop Computer ငါးလုံးကို လည်းကောင်း၊ မြတ်ပန်းတော်ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးက ရုပ်ရှင်ဇာတ်ဝင်ခန်းသုံးပစ္စည်းများကို လည်းကောင်း၊ မြဇော်ဖလင်က အဖြူအမည်းရုပ်ရှင်ဇာတ်ကားများဖြစ်သော “ဂျပု” ရုပ်ရှင်ဇာတ်ကားနှင့် “ဝိုင်းကြီးပတ်ပတ်ဒူဝေဝေ” ရုပ်ရှင်ဇာတ်ကားတို့ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေး စင်တာ (Film Development Centre-FDC)ကို ၂၀၁၈ ခုနှစ် ဇူလိုင် ၂၁ ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်းအတွင်း စတင်ဖွင့်လှစ်ခဲ့ရာ ယခုအခါ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းဖွင့်လှစ်မှုများ၊ ဆွေးနွေးပွဲကျင်းပမှုများ အပတ်စဉ်ပြုလုပ်လျက်ရှိသည်။

ယင်းနေရာတွင် ပြုလုပ်သည့် သင်တန်းများအတွက် လိုအပ်သော သင်ထောက်ကူပစ္စည်းများ၊ စာကြည့်တိုက်(Library)အတွက် စာအုပ်၊ စာပေနှင့် CD များ၊ ရုပ်ရှင်ပြတိုက် ဖွင့်လှစ်နိုင်ရန်အတွက် ဖလင်များနှင့် ဆက်စပ်ပစ္စည်းများအပြင် ၎င်းတွင် ပြင်ဆင်မွမ်းမံဖွင့်လှစ်ထားသည့် စတူဒီယိုများတွင် အသုံးပြုရန် ရုပ်ရှင်ရိုက်ကူးရေး အသုံးအဆောင်များနှင့် အထောက်အကူပစ္စည်းများကိုလည်း ဆက်သွယ်လှူဒါန်းမှုများ ပြုလုပ်လျက်ရှိကြရာ တာဝန်ရှိသူများက စာရင်းသွင်းလက်ခံရယူပြီး စနစ်တကျ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တစ်နိုင်ငံလုံးရှိ မြို့ရွာနှင့် ကျေးလက်ဒေသနေ ပြည်သူများ ရေကောင်းရေသန့်ရရှိသုံးစွဲနိုင်ရေး အစီအစဉ်ကောင်းများ လျာထားဆောင်ရွက်

**ရန်ကုန် မေ ၁၉**

မြန်မာနိုင်ငံတွင် စစ်တမ်းများ ကောက်ယူချက်အရ တစ်နိုင်ငံလုံး လူဦးရေ ၅၄ သန်းကျော်အနက် ၃၄ ဒသမ ၅ ရာခိုင်နှုန်းသာ သန့်ရှင်းပြီး နည်းစနစ်ကျ သန့်စင်ထားသော ရေကောင်းရေသန့် ကို သုံးစွဲနေရကြောင်း၊ နိုင်ငံ၏သန့်ရှင်းသောရေ လိုအပ်ချက်သည် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် မြင့်တက်လျက်ရှိနေကြောင်း ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက ပြောသည်။

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ရိပ်သာလမ်းရှိ Wyndham Grand Yangon Hotel ၌ မေ ၁၆ ရက် ညပိုင်းက ကျင်းပသည့် Kobelco Supreme Water Engineering Company Limited ၏ ရေသန့်နှင့် ရေဆိုး သန့်စနစ် နည်းပညာဆိုင်ရာ ဖက်စပ်ကုမ္ပဏီမိတ်ဆက်ပွဲအခမ်းအနားတွင် လွှတ်တော် ဥက္ကဋ္ဌက ယင်းကဲ့သို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

**ရေကောင်းရေသန့်ရရှိသုံးစွဲနိုင်ရေး**

ဆက်လက်၍ ၎င်းက နိုင်ငံတော်အစိုးရအနေဖြင့် ရေကောင်းရေသန့် ရရှိရေးကိစ္စများကို အလေးအနက်ထားပြီး ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ ရန်ကုန်မြို့တွင်း ရေကောင်းရေသန့်များ ဖြန့်ဖြူးနိုင်ရန် လုပ်ငန်းများအပြင် နိုင်ငံတော်အနေဖြင့်လည်း လာမည့် ၂၀၃၀ တွင် တစ်နိုင်ငံလုံးရှိ ကျေးလက်ဒေသနေပြည်သူများ ရေကောင်းရေသန့်ရရှိသုံးစွဲနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် Supreme Group of Companies ဥက္ကဋ္ဌ ဒေါက်တာစိန်မြင့်က Supreme Water Doctor Company Limited ၏ ရေသန့်နှင့် ရေဆိုး သန့်စနစ် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံး စီးပွားရေးတာဝန်ခံနှင့် Kobelco Eco-Solutions ကုမ္ပဏီမှ တာဝန် ရှိသူတို့က အမှာစကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ယာပုံ)**




အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ လွှတ်တော်ဒုတိယ ဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လျှပ်စစ်နှင့် ဆောက်လုပ်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ဂျပန်သံရုံးနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ရေနှင့်သက်ဆိုင်သည့် ပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ဖြည့်ဆည်းဆောင်ရွက်**

အဆိုပါ Kobelco Supreme Water Engineering Company Limited သည် ယနေ့ မြန်မာနိုင်ငံတွင် လိုအပ်နေသည့် မြို့ရွာများနှင့် စက်မှုဇုန်များတွင် ရေကောင်းရေသန့် ဖြန့်ဖြူးနိုင်ရေးလုပ်ငန်း၊ ရေဆိုးသန့်စင်ခြင်းလုပ်ငန်းများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီးကို ဗဟိုပြုပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နိုင်ငံတကာအဆင့်မီ ဂျပန်နည်းပညာကိုအသုံးပြု၍ သင့်တင့်သော ဈေးနှုန်းဖြင့် နိုင်ငံတော်၏ ရေလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - မင်းသစ်(MNA)**

# ရေရှည်ပဋိပက္ခတွေ ကင်းပြီးတော့ ဖွံ့ဖြိုးတိုးတက်ရေးက UEHRD ရဲ့အဓိက အလုပ်ပါပဲ

**ဦးတိုးအောင် (UEHRD ကော်မတီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်)**

ရန်ကုန် မေ ၁၉

**ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) သည် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိပြီး အာဆီယံနိုင်ငံများအနေဖြင့် UEHRD ၏ ဆောင်ရွက်မှုကို ထောက်ခံလျက်ရှိသည်ဟု UEHRD ကော်မတီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဦးတိုးအောင်က သတင်းမီဒီယာများအား ဖြေကြားသည်။**

ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေလီလမ်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) တွင် ကျင်းပခဲ့သည့် UEHRD ကော်မတီ၏ လုပ်ငန်းအကောင်အထည်ဖော်မှု ညှိနှိုင်းအစည်းအဝေးအပြီးတွင် UEHRD ကော်မတီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဦးတိုးအောင်က ဖြေကြားခဲ့ခြင်း ဖြစ်သည်။



ဦးတိုးအောင် (UEHRD ကော်မတီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်)



ဒေါ်ပြုံးကေသီနိုင် (ကလောမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)



ဒေါက်တာအောင်ထွန်းသက် (UEHRD ညှိနှိုင်းရေးမှူးချုပ်)

**အာဆီယံနိုင်ငံတွေရဲ့ အထောက်အပံ့ ပြည့်ပြည့်ဝဝရ**

ဦးတိုးအောင်က " UEHRD က နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှု ရှိပါတယ်။ အာဆီယံက ကျွန်တော်တို့ နိုင်ငံတော်က ဆောင်ရွက်နေတဲ့ ဆောင်ရွက်ပုံ၊ ဆောင်ရွက်နည်း၊ ဆောင်ရွက်ချက်တွေကို လုံးဝထောက်ခံပါတယ်။ အခု ရခိုင်မှာလာပြီး အကူအညီပေးဖို့ တက္ကသိုလ်တစ်ခု ထူထောင်ဖို့ဆိုတဲ့ အဆင့်ထိ ဆောင်ရွက်နေတာတွေ ရှိပါတယ်။ နောက် ကျွန်တော် သိထားတာကတော့ မကြာခင်မှာ အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်လာဖို့ ရှိပါတယ်။ ဒါကြောင့် အာဆီယံနိုင်ငံတွေရဲ့ အထောက်အပံ့ကို တော်တော်လေး ပြည့်ပြည့်ဝဝရပါတယ်" ဟု ပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် နေပြည်တော်နှင့် ရန်ကုန်ရှိ UEHRD ရုံးနှစ်ရုံး၏ ဆက်သွယ်မှုကို ပိုမိုအင်အားဖြည့်ရန်၊ ရခိုင်ပြည်နယ်တွင် ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်(UNDP) နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့ ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းများ မြန်ဆန်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်၊ UEHRD လူငယ်များ၏ အစီအစဉ်ကို အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်ရန်တို့ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ပဋိပက္ခကင်းဝေးရေးက အဓိက**

"UEHRD ရဲ့ ဆောင်ရွက်မယ့် အရာတွေက လူသားချင်းစာနာမှု ကူညီထောက်ပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ပဋိပက္ခကင်းဝေးရေးတို့က အဓိကပါ။ ပြန်လည်နေရာချထားရေးလို့ ပြောရင် လူတွေက တစ်ဖက်နိုင်ငံ ရောက်သွားတဲ့ ပုဂ္ဂိုလ်တွေကိုပဲ မြင်ပါတယ်။ တကယ်တော့ ပြန်လည်နေရာချထားတယ်ဆိုတာ အခုလောလောဆယ် ဒီကနေ့ ဖြစ်ပျက်နေတဲ့ အရာတွေကြောင့် မိမိတို့ရဲ့အိုးအိမ်တွေကို စွန့်ခွာပြီး သွားနေရတဲ့ သူတွေကိုလည်း ခေါ်ပါတယ်။ IDPs ပေါ့။ အဲဒါတွေကိုလည်း ပြန်လည်နေရာချထားရပါတယ်။ ဒီလုပ်ငန်းက ဖြစ်လာတဲ့ ပြဿနာအပေါ်မှာ လူသားချင်း ကူညီထောက်ပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ရေရှည်ပဋိပက္ခတွေ ကင်းပြီးတော့ ဖွံ့ဖြိုးတိုးတက်ရေးက UEHRD ရဲ့အဓိက အလုပ်ပါပဲ"ဟု ဦးတိုးအောင်က ပြောသည်။

UEHRD သည် Outreach Working Group ကို ထပ်မံဖွဲ့စည်းထားပြီး အဆိုပါအဖွဲ့အနေဖြင့် UEHRD ၏ ဆောင်ရွက်ချက်များကို ပြည်သူများ သိစေရန်အတွက် ပြည်တွင်းနှင့် နိုင်ငံတကာသတင်းဌာနများသို့ သတင်းထုတ်ပြန်မှုများ၊ သတင်းအချက်အလက်ဖြန့်ဝေမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း UEHRD ၏ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ကလောမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင် ထံမှ သိရသည်။

**UEHRD ရဲ့ရည်ရွယ်ချက်**

ဒေါ်ပြုံးကေသီနိုင်က "ရခိုင်ပြည်နယ်အတွင်းမှာ ကျွန်မတို့ UEHRD က ဆောင်ရွက်ထားတာတွေကို ပြည်တွင်းသတင်းဌာနတွေရော နိုင်ငံတကာသတင်းဌာနတွေကော သိအောင် UEHRD ရဲ့ Outreach Working Group က လိုအပ်ရင် လိုအပ်သလို သတင်းထုတ်ပြန်တာတွေ၊ သတင်းဖလှယ်တာတွေ လုပ်ပါမယ်။ အဓိကကတော့ ဘာတွေဆောင်ရွက်တယ်။ ဘာတွေလုပ်ဆောင်တယ်ဆိုတာကို အသေးစိတ်ကျကျ သိအောင်နဲ့ ပြည်သူတွေရဲ့ လက်ထဲကို သတင်းအချက်အလက်တွေ သိအောင် ဖြန့်ဝေပေးဖို့ပါ။ UEHRD က ရခိုင်ပြည်နယ်နဲ့ ပတ်သက်ပြီး မှန်မှန်ကန်ကန် ဆောင်ရွက်နေတဲ့ ဆောင်ရွက်သမျှအားလုံးကို သိအောင်လုပ်ဖို့ဆိုတာ UEHRD ရဲ့ရည်ရွယ်ချက် တစ်ခုထဲမှာ ပါပါတယ်"ဟု ပြောသည်။

ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မည့် ကဏ္ဍစုံ လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူများ၊ ပုဂ္ဂလိက၊ ပြည်တွင်း NGO နှင့် CSO များ၊ မိတ်ဖက်နိုင်ငံများ၊ ကုလသမဂ္ဂ အေဂျင်စီများ၊ INGO များ ပူးပေါင်းပါဝင်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကို ၂၀၁၇ အောက်တိုဘာလ ၁၇ ရက်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က UEHRD ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

**လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းထား**

UEHRD သည် နိုင်ငံတော်အဆင့် လုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော်နိုင်ရန် ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းအဖွဲ့၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းအဖွဲ့၊ စီးပွားရေးဇုန်များ ဖွံ့ဖြိုးရေး လုပ်ငန်းအဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းအဖွဲ့၊ အလုပ်အကိုင်ဖန်တီးရေးနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ စီစဉ်ဖွင့်လှစ်ရေး လုပ်ငန်းအဖွဲ့၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းအဖွဲ့၊ အသေးစားငွေကြေးထောက်ပံ့မှု လုပ်ငန်းအဖွဲ့၊ ဘဏ္ဍာငွေစုဆောင်းရေး လုပ်ငန်းအဖွဲ့၊ ခရီးသွားလုပ်ငန်း ကဏ္ဍမြှင့်တင်ရေး လုပ်ငန်းအဖွဲ့နှင့် နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းထားသည်။

**ညှိနှိုင်းဆောင်ရွက်**

UEHRD ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်က "UEHRD မှာ နှစ်ပိုင်းပါတယ်။ ကော်မတီလို့ခေါ်တဲ့ အစိုးရတာဝန်ယူပြီး ဦးစီးတဲ့ နိုင်ငံတော်အဆင့် လုပ်ငန်းတွေ ရှိတယ်။ အဲဒီလုပ်ငန်းတွေကို လက်တွေ့အကောင်အထည်ဖော်တဲ့ ပုဂ္ဂလိကလုပ်ငန်းစဉ် အလုပ်အဖွဲ့ ( Task Force) ၁၀ ဖွဲ့ ရှိတယ်။ ကျွန်တော်တို့က စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ပတ်သက်ပြီး ဖွံ့ဖြိုးရေးအတွက် အများကြီးကြိုးစားတယ်။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုရအောင်လည်း ကြိုးစားတယ်။ တလောက ရခိုင်ပြည်နယ် ငပလီမှာလုပ်တဲ့ ရင်းနှီးမြှုပ်နှံမှုပွဲဆိုရင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်လာရောက် အားပေးတယ်။ MoU တွေ ထိုးတယ်။ အခုဆိုရင် စက်ရုံအလုပ်ရုံတွေ စစ်တွေမှာ တည်ထောင်ဖို့ ရှိတယ်။ မြောက်ဦးမှာလည်း ပုံစံတွေ အမျိုးမျိုးလုပ်ဖို့ရှိတယ်။ ဒါက ဖွံ့ဖြိုးမှုပေါ့။ ပြန်လည်နေရာချထားရေးဆိုရင်လည်း UEHRD စလုပ်ကတည်းက ကြိုဆိုရေးစခန်း နှစ်ခုရယ်၊ ပြန်လည်နေရာချထားရေးစခန်း တစ်ခုရယ်ကို ဆောင်ရွက်ပြီးပြီ။ အဆင်သင့်ပဲ။ ပြန်လာဖို့ပဲ လိုတာ။ လူသားချင်းစာနာ ထောက်ထားမှုကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်နေတာရှိတယ်" ဟု ပြောသည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ အခမ်းအနားကျင်းပ

နေပြည်တော် မေ ၁၉

**"ရိုးရာယဉ်ကျေးမှုအစဉ်အလာများ၏ အနာဂတ်အရေး၊ ပြတိုက်များက ဗဟိုပြု ဖော်ဆောင်ပေး" (Museum as Culture Hubs;The Future of Tradition) ဆိုသည့် ဆောင်ပုဒ်ဖြင့် ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ ပြတိုက် များနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားပြတိုက် (နေပြည်တော်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

သဘာဝနှင့်ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်နှင့် ဒြပ်ရှိနှင့် ဒြပ်မဲ့ယဉ်ကျေးမှုများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်ရန်အတွက် ကမ္ဘာပေါ်ရှိ ပြတိုက်များနှင့် ပြတိုက်ဝန်ထမ်းများ စုစည်းပါဝင်သည့် အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ (International Council of Museums-ICOM) ကို ၁၉၄၆ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီသည် လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရန်၊ ယဉ်ကျေးမှုများ အပြန်အလှန်ဖလှယ်ရန်၊ လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ပိုမိုနားလည်စေရန်နှင့် ငြိမ်းချမ်းစွာ ပူးပေါင်းဆောင်ရွက်မှုအရေးပါကြောင်း သတိပြုမိစေရန် ရည်ရွယ်ပြီး မေ ၁၈ ရက်ကို အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အဖြစ် သတ်မှတ်ပြီး အခမ်းအနားများ ကျင်းပလျက်ရှိသည်။

အခမ်းအနားတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီသည် ရှေးဟောင်းပစ္စည်းတရားမဝင် ကူးသန်းရောင်းဝယ်မှုကို ဆန့်ကျင်တိုက်ဖျက်လာသည့်အပြင် ၂၀၀၂ ခုနှစ်တွင် သဘာဝနှင့်လူသားများ၏ ဘေးအန္တရာယ်မှ ကာကွယ်တားဆီးရေး Museum Emergency Program (MEP) အစီအစဉ်ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ International Council of the Blue Shield (ICBS) နှင့်လည်း ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုအခါ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၄၁ နိုင်ငံ၊ အဖွဲ့ဝင်ပြတိုက်ပေါင်း ၁၇၀၀၀၊ ပြတိုက်ပညာရှင်အဖွဲ့ဝင် ၄၀၀၀၀၊ အမျိုးသားအဆင့်ကော်မတီ ၁၁၉ ခုနှင့် နိုင်ငံတကာအဆင့် ကော်မတီ ၃၀ ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ်တွင် အဖွဲ့ဝင်ဖြစ်လာပြီး အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီက သတ်မှတ်ထားသည့် ပြတိုက်များဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း။

ပြတိုက်များသည် အမွေအနှစ်ပစ္စည်း၊ ပြသပစ္စည်းများကို လူသားမျိုးနွယ်အကျိုးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန် တာဝန်ရှိပြီး အကျိုးအမြတ်ရရှိရန်အတွက် တရားမဝင်ရောင်းဝယ်ဖောက်ကားမှုများကို ရှောင်ရှားရမည်ဖြစ်ကြောင်း၊ ပြသပစ္စည်းစုဆောင်းရာတွင် ဥပဒေနှင့်အညီ စုဆောင်းရန် လိုအပ်ပါကြောင်း၊ စုဆောင်းပြီးပစ္စည်းများကိုလည်း စနစ်တကျထိန်းသိမ်းရန် လိုအပ်ပါကြောင်း၊ ခင်းကျင်း ပြသမှုပုံစံကို အများပြည်သူအား ဆွဲဆောင်နိုင်စေရန် တီထွင်ကြံဆဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို အနာဂတ်ကာလအထိ ရေရှည်တည်တံ့စေရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြတိုက်များက ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရန် မှာကြားလိုပါကြောင်း ပြောကြားသည်။



၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ အခမ်းအနား ကျင်းပစဉ်။

ဆက်လက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာသိန်းလွင်က အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့အထိမ်းအမှတ်အဖြစ် စကားဝိုင်း ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများကို British Council နှင့် ပူးပေါင်း၍ အမျိုးသားပြတိုက် (နေပြည်တော်) ၌ မေ ၁၉ မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အေးအေးသန့်**

# ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်မှ ရွှေလှားစာကြည့်တိုက်ပေါင်း ၃၀ အထိ တိုးချဲ့ဝန်ဆောင်မှုပြုမည်


ရွှေလှားစာကြည့်တိုက်အဖြစ် အသုံးပြုမည့် ပစ္စည်းများနှင့် စာအုပ်စာပေများကို တွေ့ရစဉ်။

**ဖျာပုံ မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ရှိ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်မှ စာကြည့်တိုက်သို့ လာရောက်ရန်အခက်အခဲ ရှိသည့် ကျောင်းသား ကျောင်းသူများအတွက် ရည်ရွယ်ဖွင့်လှစ်ပေးလျက်ရှိသည့် ရွှေလှားစာကြည့်တိုက်များကို ယခု ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ရွှေလှားကျောင်းစာကြည့်တိုက်ပေါင်း ၃၀ အထိ တိုးချဲ့ဝန်ဆောင်မှုဖွင့်လှစ်ပေးမည် ဖြစ်ကြောင်း သိရသည်။

ဆရာဇော်ဂျီ စာကြည့်တိုက်သည် ၂၀၁၆-၁၇ ပညာသင်နှစ်မှစ၍ မြို့ပေါ်နှင့် မြို့ဆင်ခြေဖုံးကျေးရွာများရှိ အခြေခံပညာကျောင်းများ၌ ရွှေလှားကျောင်းစာကြည့်တိုက်များ ဖွင့်လှစ်ပေးလျက်ရှိပြီး၊ ယခု ၂၀၁၉-၂၀၂၀ပညာသင်နှစ်တွင် ပြီးခဲ့သည့် ပညာသင်နှစ်က ဖွင့်လှစ်ခဲ့သော ဖျာပုံမြို့နယ်အတွင်းရှိ တင်ပုလ္လဲချောင်းဝ အမက ၊ ကနိ အထက၊ သမိန်ထော သိမ်ကုန်း ၁ အမက ၊ သမိန်ထော အထက၊ သမိန်ထောကုန်းတန်း အလက ခွဲ၊ အခြားကြီး အလကခွဲ၊ မှော်ဘီအလကခွဲ၊ သမိဒ္ဓေါဒယ သီလရှင်သင်ပညာရေး ကျောင်း၊ အလက ၂၊ အမက လိပ်ဥကုန်း၊ တောင်ပိုင်းအမက၊ ကျုံကူကျေးရွာ အမက၊ ပညာဒီပဘုန်းတော်ကြီးသင်ပညာ ရေးကျောင်း၊ ဖျာပုံတမံကျေးရွာ အထက၊ ဓမ္မသုခ အမက၊ အမက ၁၈၊ ချောင်းတွင်း မြောက်ပိုင်း အမက၊ သလိပ်ကြီးကျေးရွာ အလက(ခွဲ)၊ ရှမ်းကွင်းကျေးရွာ မူလွန်၊ ကျုံတာကျေးရွာ အထက ၊မြောက်ပိုင်း အမက၊ အထကခွဲ၊ အလက ၁၊ လက်စွမ်းပြ အမက ၊ ဖျာပုံအကျဉ်းထောင်တို့အပြင် ရွှေလှားစာကြည့်တိုက်ပေါင်း ၃၀ အထိ ထပ်တိုး တိုးချဲ့ဖွင့်လှစ်ပေးမည်ဖြစ်သည်။

ဆရာဇော်ဂျီ စာကြည့်တိုက်၏ ရွှေလှားစာကြည့်တိုက် ဖွင့်လှစ်ခြင်းအစီအစဉ်တွင် ရွှေလှားစာကြည့်တိုက် တစ်တိုက်လျှင် ကလေးဖတ်စာအုပ်ရေ တစ်ရာ (ကာလတန်ဖိုးတစ်သိန်းငါးသောင်းကျပ်) ပါရှိပြီး တစ်လလျှင် တစ်ကြိမ် စာအုပ်များ လဲလှယ်ပေးသည့် အစီအစဉ်ဖြစ်ရာ ဆရာဇော်ဂျီ စာကြည့်တိုက်၏ ရွှေလှားစာကြည့်တိုက် ဖွင့်လှစ်ရခြင်း အစီအစဉ်၌ ပူးပေါင်းဆောင်ရွက်လိုသော ဖျာပုံမြို့နယ်အတွင်းမှ ကျောင်းများရှိပါကလည်း စာကြည့်တိုက်သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# စစ်တွေမြို့၌ စတုတ္ထအကြိမ်မြောက် မရမာကြီးအမျိုးသားနေ့ ကျင်းပ

**စစ်တွေ မေ ၁၉**

စတုတ္ထအကြိမ်မြောက်မရမာကြီးတိုင်းရင်းသားတို့၏ အမျိုးသားနေ့အခမ်းအနားကို မေ ၁၈ ရက် နံနက် ၉ နာရီတွင် စစ်တွေမြို့မရမာကြီးဘုန်းတော်ကြီးကျောင်းဟောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်တွေမြို့ စည်းကမ်းထိန်းသိမ်းရေးဆရာတော် ဦးဝဏ္ဏသာရက မရမာကြီး အမျိုးသားနေ့ကျင်းပခြင်းနှင့် ပတ်သက်၍ သြဝါဒမိန့်ကြားသည်။ ဆက်လက်၍ ရခိုင်ပြည်နယ် ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးပုန်ဘွေက လူမျိုးနွယ်စုတိုင်းတွင် မိမိတို့၏အမျိုးသားနေ့ ဖြစ်ပေါ်လာသည့် သမိုင်းကြောင်းများရှိပါကြောင်း၊ အမျိုးသားနေ့ကျင်းပခြင်းဖြင့် မရမာကြီးတိုင်းရင်းသားများ သာမကပဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားမျိုးနွယ်စုအားလုံးသည် တစ်ဦးကိုတစ်ဦးချစ်ခင်မြတ်နိုးစိတ်၊ လေးစားလိုစိတ်ရှိကြသည် ဆိုခြင်းကို ပြသနေခြင်းဖြစ်ကြောင်း၊ အမျိုးသားနေ့သည် မိမိတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ဖော်ပြသောနေ့တစ်နေ့ဖြစ်ပါကြောင်း၊ ထိုသို့ဖော်ပြရာတွင် မိမိတို့၏ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများကိုဖော်ပြရန်လိုကြောင်း၊ ထိုသို့ဖော်ပြနိုင်ရန် နိုင်ငံတော် အစိုးရမှလည်း တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနကို ရခိုင်ပြည်နယ်စစ်တွေမြို့တွင် ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားစာပေနှင့်ပတ်သက်ပြီး အကြံဉာဏ်များ လိုအပ်လာလျှင် မိမိထံသို့သော်လည်းကောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနသို့သော်လည်းကောင်း အကူအညီများ တောင်းခံနိုင်ပါကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မရမာကြီးအမျိုးသားနေ့ဖြစ်ပေါ်လာပုံစာတမ်းကို မရမာကြီးစာပေနှင့် ယဉ်ကျေးမှုအသင်း(ရခိုင်ပြည်နယ်)အတွင်းရေးမှူး ဦးလှရွှေက ဖတ်ကြားပြီး ရခိုင်တစ်မျိုးသားလုံးညီညွတ်ရေးကော်မတီ၊ ဗဟိုဦးဆောင်ကော်မတီအဖွဲ့ဝင် ဦးအောင်ဌေးက မရမာကြီးအမျိုးသားနေ့ ဂုဏ်ပြုစကားပြောကြားသည်။ ယင်းနောက် မရမာကြီးစာပေနှင့် ယဉ်ကျေးမှုအသင်း(ရခိုင်ပြည်နယ်)နာယက ဦးမောင်နုက မရမာကြီးတိုင်းရင်းသားမျိုးနွယ်စုများ၏ သမိုင်းကြောင်းနှင့် အမျိုးသားနေ့ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ပေးကြသူများကိုကျေးဇူးတင်စကားပြောကြားပြီး ကွယ်လွန်တော်မူကြသော သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

မရမာကြီးအမျိုးသားနေ့ကို ပြည်နယ်အတွင်းဖြန့်ခွဲနေထိုင်ကြသည့် မရမာကြီးတိုင်းရင်းသားအချင်းချင်းချစ်ခင်ရင်းနှီးမှုမှတစ်ဆင့် ဒေသနေတိုင်းရင်းသားများအားလုံးနှင့် စည်းလုံးညီညွတ်မှု အားကောင်းလာစေရန်၊ မိမိလူမျိုးတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့အား ပြသဖော်ထုတ်နိုင်စေရန်၊ မရမာကြီးတိုင်းရင်းသားတို့၏ သမိုင်းကြောင်း၊ စာပေ၊ ယဉ်ကျေးမှု၊ ပညာရေး၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင်ဖော်ထုတ်လိုစိတ်နှင့် ထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန်များကို လူငယ်၊ လူရွယ်များကိုလက်ဆင့်ကမ်းအမွေပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မရမာကြီးတိုင်းရင်းသားလူမျိုးများသည် မြန်မာနိုင်ငံတွင် ၁၅၀၀၀ ခန့်သာရှိပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေထိုင်လျက်ရှိပြီး ရခိုင်ပြည်နယ် စစ်တွေမြို့၊ ကျောက်ဖြူမြို့၊ ပုဏ္ဏားကျွန်းမြို့၊ မြောက်ဦးမြို့နယ်၊ မင်းပြားမြို့နယ်နှင့် မောင်တောမြို့နယ်တို့တွင် အများဆုံးနေထိုင်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ချင်းတိုင်းရင်းသားစာပေ သင်တန်းဆင်း

**မန္တလေး မေ ၁၉**

ချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ ကြီးမှူး၍ နွေရာသီ ချင်းတိုင်းရင်းသားစာပေ သင်တန်းဆင်းပွဲအခမ်းအနားကို မေ ၁၈ ရက် မွန်းလွဲ ၁ နာရီက ချမ်းအေးသာစံမြို့နယ် လမ်း ၆၀၊ ၂၉ လမ်းနှင့် လမ်း ၃၀ ကြားရှိ သုံးပါးတစ်ဆူဇေတဝံဂေလိ ဘုရားကျောင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ချင်းတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကော်မတီနှင့် ချင်းလူမှုရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဝမ်လျန်းထန်က အမှာစကားပြောကြားပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နုနုအောင်က တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုများ ထိန်းသိမ်းရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးနေမှုများအား ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက အငယ်တန်းနှင့်အကြီးတန်းသင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်ဆုများချီးမြှင့်သည်။

ထို့နောက် ချင်းတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး(ငြိမ်း) ဦးအင်ခန့်ခွါလ်က သင်တန်းဆရာ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ သင်တန်းသား သင်တန်းသူများက တေးသီချင်းများဖြင့်ဖျော်ဖြေသည်။

အခမ်းအနားသို့ တာဝန်ရှိသူများ၊ မန္တလေးမြို့ရှိ တိုင်းရင်းသားလူမျိုးစုအဖွဲ့များ၊ ချင်းတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ချင်းလူမှုရေးအသင်းအဖွဲ့များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**မန်း(ကိုယ်ပွား)**

မြန်မာနိုင်ငံကြက်ခြေနီအသင်း

ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ - ၂၀၁၉ ခုနှစ်

၂၇-၅-၂၀၁၉ရက်မှ ၁-၆-၂၀၁၉ ရက်ထိ မြစ်ကြီးနားတက္ကသိုလ်၊ ကချင်ပြည်နယ်

# အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) ၌ ရိုးရာယဉ်ကျေးမှုအကများ တင်ဆက်ကပြမည်

**နေပြည်တော် မေ ၁၉**

အမျိုးသား အထိမ်းအမှတ် ဥယျာဉ် (နေပြည်တော်) သို့ လာရောက်ကြည့်ရှု လေ့လာကြမည့် အများပြည်သူများ ကြည်နူးပျော်ရွှင်စွာ အပန်းဖြေစေနိုင်ရန်အတွက် မေ ၂၅ ရက် (စနေနေ့) နံနက် ၁၀ နာရီမှ မွန်းလွဲ ၁၂ နာရီအထိ အမျိုးသားအထိမ်းအမှတ် ဥယျာဉ် (နေပြည်တော်) ၌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ယိမ်းအကများ၊ ပဒေသာယိမ်းအကများ၊ အာဆီယံနိုင်ငံများမှ အကများ၊ အငြိမ့်တို့ဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်သဖြင့် မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

အမျိုးသား အထိမ်းအမှတ် ဥယျာဉ် (နေပြည်တော်) ကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ပကတိအချိုးအစားကို ရယူ၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စေတီပုထိုးများ၊ အထိမ်းအမှတ် အဆောက်အအုံများ၊ ရေမြေတောတောင်သဘာဝများ၊ တိုင်းရင်းသား သွေးချင်းများ၏ ရိုးရာနေအိမ်များ၊ ဓလေ့ထုံးစံဝတ်စားဆင်ယင်မှုများ၊ ရိုးရာအစားအစာများဖြင့် စိတ်ဝင်စားဖွယ်ဖြစ်စေရန် တည်ဆောက် ပြသထားလျက်ရှိသည်။

**သတင်းစဉ်**



# ပြည်ခရိုင်အတွင်း သစ်တောများစိမ်းလန်းစိုပြည်စေရန် သစ်ပင်ပေါင်း ၁၀ သိန်းကျော် စိုက်ပျိုးမည်

**ပြည် မေ ၁၉**

မြန်မာနိုင်ငံတွင် သစ်တောများပြုန်းတီးမှုကြောင့် သစ်တောအတန်းအစားများ လျော့ကျလျက်ရှိပြီး ဂေဟစနစ်များ ပျက်စီး၍ အကျိုးသက်ရောက်မှုအနေဖြင့် မိုးခေါင်ခြင်း၊ အပူချိန်များ လွန်ကဲခြင်းတို့ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်သည်။

ယခုအခါ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သစ်တောဦးစီးဌာနမှ ဦးဆောင်၍ ယခုနှစ်မိုးရာသီကာလမှ စတင်ပြီး သစ်ပင်ပေါင်း ၁၀ သိန်းကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပြည်ခရိုင်သစ်တောဦးစီးဌာနမှ သိရသည်။ ပြည်ခရိုင်အတွင်း၌ ကျေးရွာထင်းစိုက်ခင်း ဧက ၄၅၀၊ စီးပွားရေး ကျွန်းစိုက်ခင်းဧက ၁၁၀၀ ကို လာမည့် ဇွန် ၁၉ ရက်မှ စတင်ကာနေရာ ၆ နေရာတွင် တစ်ချိန်တည်း တစ်ပြိုင်တည်းစိုက်ပျိုးသွားမည်ဖြစ်သည်။

"အားလုံးပေါင်း အပင် ၁၀ သိန်းကျော်ကို ပြန်ပြီးတော့စိုက်ခင်းပုံစံနဲ့ စိုက်ဖို့လုပ်နေပါတယ်။ နောက်တစ်ခုက ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောဆိုပြီးတော့ သစ်တောအတွင်းမှာ ကျူးကျော်နေထိုင်ကြတဲ့ သူတွေကို ဒေသခံပြည်သူအစုအဖွဲ့ပိုင် နည်းလမ်းနဲ့ ပြန်ပြီးတော့ စိုက်ဖို့ ဧက ၄၉၀၀ ကျော် ရှိတော့တစ်ဧကကို အပင် ၁၅၀ ကျော်နဲ့ အပင်ပေါင်း ၇၅၀၀၀ ကျော် ပြန်ပြီးစိုက်မှာ အားလုံးပေါင်းလိုက်လို့ရှိရင် အပင်ပေါင်း ၁၀ သိန်းကျော် ၁၁ သိန်းနီးပါးတော့ စိုက်ဖို့ရှိတယ်" ဟု ပြည်ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းဦးက ပြောသည်။ သစ်ပင်များ စိုက်ပျိုးရာတွင် စီးပွားရေးစိုက်ခင်းများတွင်ကျွန်းနှင့် ပျဉ်းကတိုးပင်များကို စိုက်ပျိုးမည်ဖြစ်ပြီး ကျေးရွာထင်းစိုက်ခင်းများတွင် ယူကလစ်၊ မန်ကျည်းရှားများကို စိုက်ပျိုးမည်ဖြစ်ကြောင်း၊ ဒေသခံအစုအဖွဲ့ပိုင် စိုက်ခင်းများတွင် ကျွန်း၊ မန်ကျည်းရှား၊ ယူကလစ်၊ လျှော်ဖြူပင်များစိုက်ပျိုးသွားမည်ဖြစ်ကာ ယခုနှစ်တွင် အစိုးရမဟုတ်သောဒေသတွင်း NGO အဖွဲ့အစည်းများ၏ အကူအညီဖြင့် ဒေသခံပြည်သူများအတွက် နှစ်စဉ်ဝင်ငွေရနိုင်မည့် သစ်များ၊ သီးနှံများရောနှောစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်**



# ငါးသယံဇာတများကို ထိန်းသိမ်းရန် ငါးမဖမ်းရကာလများ သတ်မှတ်ထား

**မကွေး မေ ၁၉**

ဂေဟစနစ်နှင့် အစာကွင်းဆက်များအဖြစ် လူသားတို့ကို အကျိုးပြုနေသော ငါးသယံဇာတများကို ထိန်းသိမ်းနိုင်ရန်အတွက် ငါးမဖမ်းရကာလများ သတ်မှတ်ထားပြီး ကြီးကြပ်စစ်ဆေးမှုများ လုပ်ဆောင်နေကြောင်း မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ဒေသရေချိုငါးများဖြစ်သည့် ငါးရစ် ငါးသန်ငါးများကို မေလမှ ဇူလိုင်လကုန် အထိ ၊ ကကတစ်ငါးများကို ဇန်နဝါရီလမှ ဩဂုတ်လအထိ၊ ကျောက်ပုစွန်၊ ကင်းပုစွန်များကို ဧပြီလမှ ဇွန်လကုန်အထိ ဖမ်းဆီးခြင်းမပြုရန် ပိတ်ပင်ထားပြီး ငါးအမျိုးအစားအလိုက် ငါးများပေါက်ပွားသည့်အချိန်၌ တားမြစ်မှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

"အခုချိန်က ငါးရစ်ငါးသန်ကာလ မျိုးတွေနဲ့ ပြည့်နေတဲ့ငါးတွေ၊ ဥတွေနဲ့ ပြည့်နေတဲ့ ငါးမကြီးတွေ သားပေါက်တဲ့ ရာသီအစ ဖြစ်ပါတယ်။ အဲဒါကြောင့် ငါးရစ် ငါးသန်ကာလ ငါးဖမ်းဆီးမှုမရှိစေရေးအတွက် နှစ်စဉ်စီမံချက်ရေးဆွဲဆောင်ရွက်နေပါတယ်" ဟု ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးလှိုင်မြင့်က ပြောသည်။

၂၀၁၈ ခုနှစ်တွင် မကွေးတိုင်းဒေသကြီးအတွင်း တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာများ၌ ငါးသယံဇာတထိန်းသိမ်းကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်းနိုင်ခဲ့ပြီး ကျေးရွာများတွင် ငါးသယံဇာတဆိုင်ရာအသိပညာပေးပွဲများ လတ်တလော လုပ်ဆောင်နေပြီး မြစ်ကမ်းဘေးများ၌ အသိပညာပေးဆိုင်းဘုတ်များလည်း စိုက်ထူပေးထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

မကွေးတိုင်းဒေသကြီး၌ ၂၀၁၈ ခုနှစ်အတွင်း တရားမဝင်ဘက်ထရီရှော့တိုက်ငါးဖမ်းဆီးမှု (ပိုင်ရှင်မဲ့ပစ္စည်းများသိမ်းဆည်းထားမှု) ၂၇ မှု ရှိကြောင်းသိရပြီး ဘက်ထရီရှော့တိုက်ခြင်း ၊ အဆိပ်ခတ်ခြင်း၊ ဖောက်ခွဲရေးပစ္စည်းများ အသုံးပြုခြင်း ၊ ခွင့်ပြုထားသည့် ပိုက်အရွယ်အစားထက် သေးငယ်သောပိုက်များ အသုံးပြုခြင်း ၊ တရားမဝင်နှင့်ငါးမဖမ်းရကာလစည်းကမ်းချိုးဖောက်ခြင်းများကို သက်ဆိုင်ရာကော်မတီများမှ စောင့်ကြည့်အရေးယူမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**ဇေယျတု(မကွေး)**

# ပြည်ထောင်စုအဆင့် လူထုဗဟိုပြုစီမံကိန်းမှ အဖွဲ့ဝင်များ ကော့မှူးမြို့နယ်တွင် လာရောက်လေ့လာ

**ရန်ကုန် မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်အတွင်း လူထုဗဟိုပြုစီမံကိန်း ဖော်ဆောင်နေသော ကျေးရွာပေါင်း ၁၃၄ ရွာရှိသည့်အနက် ကျေးရွာ ရှစ်ရွာ၌ လက်ရှိဖော်ဆောင်နေသော စီမံကိန်းစက်ဝန်း လုပ်ငန်းများကို ပြည်ထောင်စုအဆင့် လူထုဗဟိုပြုစီမံကိန်းရုံးမှ ဦးဆောင်ပြီး ရမည်းသင်းမြို့နယ်မှ လူထုဗဟိုပြုစီမံကိန်းဖော်ဆောင်ရေး တာဝန်ခံများ ပါဝင်သော ၄၈ ဦး အဖွဲ့က မေ ၁၆ ရက်နှင့် ၁၇ ရက်က လာရောက်လေ့လာခဲ့ကြသည်။

နှစ်ရက်ကြာလေ့လာမှုတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ပြည်ထောင်စုအဆင့် လူထုဗဟိုပြုစီမံကိန်းရုံးမှ ဦးဝေယံထွန်း၊ မန္တလေးတိုင်းဒေသကြီး သတင်းပြန်ကြားဆက်သွယ်ရေးတာဝန်ခံ ဒေါ်ရတနာချစ်၊ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ CSAG တာဝန်ခံ ဦးရဲအောင်တို့ ဦးဆောင်သော ရမည်းသင်းမြို့နယ်မှ လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူးများ စုစုပေါင်း ၄၈ ဦး အဖွဲ့က ကော့မှူးမြို့နယ်အတွင်းရှိ ထမ္မနိုင်၊ တာတိုက်၊ ခရိုက္ခနိ၊ စက်စု၊ နတ်စင်ကုန်း၊ တကူပုံ၊ မြို့ကုန်းနှင့် ပုပ္ပါးကျေးရွာတို့ရှိ စီမံကိန်းစက်ဝန်း လေးနှစ်အတွင်းဆောင်ရွက်ခဲ့ပြီးသော စီမံကိန်းလုပ်ငန်းများကို ကွင်းဆင်းလေ့လာခဲ့ကြခြင်းဖြစ်သည်။



စက်စုကျေးရွာမှ လူထုဗဟိုပြုစီမံကိန်းကော်မတီဝင်များနှင့် လေ့လာရေးအဖွဲ့များ တွေ့ဆုံစဉ်။

ကော့မှူးမြို့နယ် လူထုဗဟိုပြုစီမံကိန်း တာဝန်ခံ ဦးကျော်ညီညီထွန်းက "အခိက လာရောက်လေ့လာဖြစ်တာက တစ်နေရာနဲ့တစ်နေရာ မြေမျက်နှာသွင်ပြင်အနေအထား မတူညီတာတွေ ရှိတယ်၊ ဒီအပေါ်မှာ လူထုဗဟိုပြုစီမံကိန်းတွေ ဖော်ဆောင်ရတာလည်း မတူညီကြဘူးလေ၊ စီမံကိန်းလုပ်ငန်းတွေမှာ အားသာချက် အားနည်းချက်တွေ ရှိတယ်၊ ဒါကိုလေ့လာတဲ့အဖွဲ့တွေအနေနဲ့လည်း သိရှိပြီး ကျေးလက်နေလူထုကို အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ဖို့က ဒီလိုလေ့လာမှုတွေကနေ အတွေ့အကြုံကောင်းတွေ ရရှိမှသာ ပိုကောင်းမယ်လို့ မြင်ပါတယ်"ဟု ပြောသည်။

ကော့မှူးမြို့နယ်အနေဖြင့် လက်ရှိအချိန်တွင် ကျေးရွာပေါင်း ၁၃၄ ရွာ၌ နှစ်အလိုက် လူထုဗဟိုပြု ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် လေးနှစ်မြောက် စတုတ္ထနှစ်စက်ဝန်းသို့ ရောက်ရှိနေပြီဖြစ်သည်။ စီမံကိန်းလုပ်ငန်းများအနေဖြင့် ကျေးရွာချင်းဆက်လမ်းများဖောက်လုပ်ခြင်း၊ ချောင်းကူးတံတားများတည်ဆောက်ခြင်း၊ ကျေးရွာအတွင်း မီးလင်းရေးလုပ်ငန်းနှင့် ရေပေးဝေရေးလုပ်ငန်းများ ဖော်ဆောင်ခြင်း၊ ဘက်စုံသုံးခန်းမများ တည်ဆောက်ခြင်းနှင့် မွမ်းမံပြင်ဆင်ခြင်းတို့ကို စီမံကိန်းအရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ကော့မှူးမြို့နယ်၌ လူထုဗဟိုပြုစီမံကိန်းများ ဖော်ဆောင်ခဲ့သည့် လေးနှစ်အတွင်း ကျေးရွာများရှိ အခြေခံအဆောက်အအုံများ တိုးတက်ပြောင်းလဲလာခြင်းသာမက ဝန်ထမ်းများ၏စွမ်းဆောင်ရည် မြင့်မားလာခြင်း၊ လုပ်ကိုင်သည့်စီမံကိန်းများတွင် ကျေးရွာနေပြည်သူလူထုကိုယ်တိုင် ကော်မတီများဖွဲ့စည်း၍ ပါဝင်ရသောကြောင့် စီမံကိန်းတစ်ခု လုပ်ငန်းတစ်ခု ဖော်ဆောင်သည့်အခါ ကျေးရွာနေပြည်သူများကိုယ်တိုင် လုပ်ဆောင်တတ်လာခြင်း စသည့် အကျိုးကျေးဇူးများကိုလည်း ရရှိလာကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)၊ ဓာတ်ပုံ - မျိုးကြီး**

# နယ်လှည့်စာကြည့်တိုက်လုပ်ငန်းနှင့် ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်ပေး

**မိုးကောင်း မေ ၁၉**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံမှ တာဝန်ရှိသူများနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ သိုက်ဝါးကုန်းကျေးရွာမှ ပြည်သူများအား သဘာဝဘေးအန္တရာယ်အကြောင်း ပညာပေးဟောပြောခြင်း၊ နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေးခြင်းနှင့် တိုင်းရင်းဆေးဖြင့် ဆေးဝါးကုသပေးခြင်းတို့ကို မေ ၁၉ ရက်က ဆောင်ရွက်ခဲ့သည်။

နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများအဖြစ် သုတရသ စာအုပ်စာစောင်များ ခင်းကျင်းပြသခြင်း၊ သုတရသစာအုပ်များကို ကျောင်းသားကျောင်းသူများထံ ဖြန့်ဝေ၍ စာဖတ်စေခြင်းတို့ကို မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်နီနီလွင်နှင့် ဝန်ထမ်းများက ဆောင်ရွက်ခဲ့ပြီး ဒေသခံပြည်သူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ သိကောင်းစရာများကိုလည်း ပညာပေးဟောပြောကာ နံရံကပ်စာစောင်များလည်း ပြသခဲ့သည်။

ထို့အတူ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံမှ ဆေးရုံအုပ်နှင့် ဝန်ထမ်းများကလည်း သိုက်ဝါးကုန်းကျေးရွာနေ ပြည်သူများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် တိုင်းရင်းဆေးဖြင့် ဆေးကုသပေးခြင်းများကို အခမဲ့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သန်းလွင်ဦး(ပြန်/ဆက်)**



# (၉၁)ကြိမ်မြောက် ဝါဆိုခြင်းအလှုခတ်ပွဲတော် ခြောက်ပေါက်တန်းဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး မေ ၁၉**

မဟာမုနိဘုရားကြီး (၉၁)ကြိမ်မြောက် ဝါဆိုခြင်းအလှုခတ်ပွဲတော်၊ နိုင်ငံတကာ ခြင်းလုံးအားကစားရုံသစ် ဖွင့်ပွဲအထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခြောက်ပေါက်တန်းဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့ မွန်းလွဲ ၁ နာရီက အဆိုပါ မဟာမုနိဘုရားကြီး နိုင်ငံတကာအဆင့်မီ ခြင်းလုံးအားကစားရုံသစ်၌ ကျင်းပရာ ပြိုင်ပွဲယှဉ်ပြိုင်ကစားမှုကို ဝါဆိုခြင်းပွဲတော်ကျင်းပရေးကော်မတီ နာယကများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြိုင်ပွဲတာဝန်ရှိသူများ၊ အဖွဲ့ချုပ်ဒိုင်များ၊ ပြိုင်ပွဲဝင် ခြင်းအသင်းများနှင့် ခြင်းအားကစားဝါသနာရှင် ဘုရားဖူးလာပြည်သူများ တက်ရောက်အားပေးကြသည်။

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ပြိုင်ပွဲကူညီဆောင်ရွက်ပေးကြသည့် ဒိုင်လူကြီးများကို ဂုဏ်ပြုငွေကျပ်လေးသိန်းငါးသောင်း၊ နှစ်သိမ့်ဆုရ မြေစွန်းဝန်အသင်းအား ဆုငွေကျပ်တစ်သိန်း၊ ရမှတ် ၁၀၁၁ မှတ်ဖြင့် စတုတ္ထဆုရ ထွန်းရွှေဝါတိုင်းရင်းဆေးအသင်းအား ဆုငွေကျပ်နှစ်သိန်း၊ ရမှတ်ပေါင်း ၁၀၃၇ မှတ်ဖြင့်တတိယဆုရ စစ်ကိုင်းတိုင်းဒေသကြီးအသင်းအား ဆုငွေကျပ်သုံးသိန်းတို့နှင့် တစ်ဦးချင်းဆုတံဆိပ်များကို ဝါဆိုခြင်းပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ညွန့်၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ရမှတ်ပေါင်း ၁၁၀၉ မှတ်ဖြင့် ဒုတိယဆုရ နဂါးနီအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုငွေကျပ်ငါးသိန်းကို ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးကျော်ကျော်ဦးက ဆုချီးမြှင့်ပေးအပ်ပြီး မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဝါဆိုခြင်းပွဲတော်ကျင်းပရေးကော်မတီနာယက ဦးစိုးနိုင်က ဆုရအသင်းငါးသင်းတို့အား ဆုငွေကျပ်တစ်သိန်းစီနှင့် ရမှတ်ပေါင်း ၁၁၄၇ မှတ်ဖြင့် ပထမဆုရ ဝမ်းတူးတူးဝမ်း အသင်းမှ အားကစားသမားများကို တစ်ဦးချင်းဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား ဝါဆိုခြင်းပွဲတော်ကျင်းပ



ရေးကော်မတီနာယက မဟာမုနိဂေါပက အဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းက ပထမဗိုလ်စွဲသည့် ဝမ်းတူးတူးဝမ်းအသင်းအား ပထမတံခွန် စိုက်ဆုဖလားနှင့် ဆုငွေကျပ်ခုနစ်သိန်း တို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ၂၀၁၉ ဂေါက်သီးစည်းမျဉ်းသင်တန်း မန္တလေးမြို့၌ ဖွင့်လှစ်

**ရန်ကုန် မေ ၁၉**

မြန်မာနိုင်ငံ ဂေါက်သီးအားကစားဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် R&A တို့ ပူးပေါင်းဖွင့်လှစ်သော ဂေါက်သီးစည်းမျဉ်းသင်တန်း (R & A Level-1 Rules Seminar 2019) ကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ရှိ ရွှေမန်းတောင်ဂေါက်ကွင်း၌ ဖွင့်လှစ်သည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ သင်တန်းပို့ချမည့် နည်းပြများ၊ သင်တန်းသူ၊ သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် အထက်မြန်မာပြည် ဂေါက်သီးအဖွဲ့ဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်ကိုကိုတို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက ရွှေမန်းတောင်ဂေါက်ကွင်းသို့ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ ဒါရိုက်တာ ဦးတင်ကိုကိုက လက်ခံရယူသည်။ သင်တန်းသို့ ဂေါက်သီးအားကစား စိတ်ပါဝင်စားသူ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၉၁ ဦး တက်ရောက်ပြီး ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

**ဖိုးသော်ဇင်**

# အာဆီယံပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၈ အသင်းကို ကစားသမား ၂၆ ဦးဖြင့် ပြန်လည်ဖွဲ့စည်း

**ရန်ကုန် မေ ၁၈**

၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၈ အသင်းကို ကစားသမား ၂၆ ဦးဖြင့် ပြန်လည်ဖွဲ့စည်းလိုက်ပြီဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် ယခင်ဖွဲ့စည်းထားသည့် ကစားသမားများကို အခြေခံကာ ကစားသမားသစ်အချို့အားဖြည့်ရွေးချယ်ထားခြင်းဖြစ်သည်။

ပြန်လည်ဖွဲ့စည်းလိုက်သည့် မြန်မာ ယူ-၁၈ အသင်းတွင် ဟောင်ကောင် ဖိတ်ခေါ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ကစားသမား ၂၀ စလုံး ပြန်ပါလာပြီး ဒဏ်ရာမှ ပြန်ကောင်းလာသူများအပါအဝင် ကစားသမားသစ် ခြောက်ဦး အားဖြည့်ထားခြင်း ဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်းက ဆက်လက်တာဝန်ယူ ကိုင်တွယ်မည်ဖြစ်ပြီး မြန်မာအသင်းသည် ယခုနှစ်အတွင်း အဓိက ပြိုင်ပွဲနှစ်ခု ယှဉ်ပြိုင်ရန်ရှိသော်လည်း သြဂုတ်လတွင် ယှဉ်ပြိုင်ရမည့် ၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲအတွက် စတင်ပြင်ဆင်မည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် ၂၀၁၉ MNL ယူ-၂၁ အမှတ်ပေးပြိုင်ပွဲတွင် MFF Youth အသင်းအမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ဇွန်လတွင်စတင်မည့် ဒုတိယအကျော့ပွဲစဉ်များတွင် ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာယူ-၁၈ အသင်းသည် ဇူလိုင်လတွင် နိုင်ငံတကာ ခြေစမ်းပွဲများ၊ ပြည်ပလေ့ကျင့်ရေးခရီးစဉ်များ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲကို သြဂုတ် ၅ ရက်မှ ၁၈ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု(က)တွင် အင်ဒိုနီးရှား၊ လာအို၊ တီမော၊ ဖိလစ်ပိုင်၊ ဘရူနိုင်းတို့နှင့်ကျရောက်နေသည်။ မြန်မာ ယူ-၁၈ အသင်းသည် မေ ၁၆ ရက်မှစ၍ လေ့ကျင့်မှုများ စတင်ပြုလုပ်လျက်ရှိသည်။

မြန်မာ ယူ-၁၈ အသင်းတွင် **အုပ်ချုပ်သူ -** ဦးရဲဝင်းအောင်၊ **နည်းပြချုပ်-** ဦးစိုးမြတ်မင်း၊ **လက်ထောက်နည်းပြ-** ဦးမင်းမင်းထွန်း၊ **ဂိုးနည်းပြ -** ဦးစိန်အေး၊ ကစားသမားများအဖြစ် **ဂိုး -**နေလင်းထက်၊ ပြည့်ဖြိုးသူ၊ စောခူမူ၊ **နောက်တန်း-** ရဲထက်အောင်၊ စည်သူမိုးခန့်၊ ကောင်းခန့်ကျော်၊ ဉာဏ်လင်းထက်၊ ရှင်းသန့်အောင်၊ ဝေယံစိုး၊ မျိုးကိုကိုလင်း၊ သက်ဟိန်းစိုး၊ **အလယ်တန်း -** ရန်ကျော်စိုး၊ ဇော်ဝင်းသိန်း၊ အောင်ကိုဦး၊ ပြည့်ဖြိုးအောင်၊ ရန်နိုင်လင်း၊ သူရအောင်၊ ရဲမင်းကျော်၊ နောင်နောင်စိုး၊ ခွန်ကျော်ဇင်ဟိန်း၊ **ရှေ့တန်း -** သြဘာခ၊ လမင်းထွေး၊ စောကျော်အဲ၊ ညီညီ၊ ပြည့်စုံနိုင်နှင့် ကောင်းခန့်ကျော်တို့ ပါဝင်ကြသည်။

မြန်မာ ယူ-၁၈ အသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲနှစ်ခု ယှဉ်ပြိုင်ခဲ့ရာ ဟောင်ကောင် ယူ-၁၈ ဖိတ်ခေါ်ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိခဲ့သည်။

**ညီမြတ်သော်တာ**

# အာဆီယံ ယူ-၁၅ ပြိုင်ပွဲအတွက် မြန်မာအသင်း လေ့ကျင့်ပြင်ဆင်

**ရန်ကုန် မေ ၁၈**

မြန်မာ ယူ-၁၅ အမျိုးသားအသင်းသည် ဇူလိုင်လတွင် ယှဉ်ပြိုင်ရမည့် ၂၀၁၉ အာဆီယံ ယူ-၁၅ ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာ ယူ-၁၅ အသင်းသည် ဟောင်ကောင်ခြေစမ်းခရီးစဉ်အပြီးတွင် ကစားသမားများအပြောင်းအလဲပြုလုပ်ခဲ့ပြီး ယခင်ရွေးချယ်ထားသည့် ကစားသမားအများစုကို အခြေခံကာ ကစားသမားသစ် ၁၀ ဦးကျော် ရွေးချယ်ထားသည်။ မြန်မာ ယူ-၁၅ အသင်းသည် ကစားသမားများ၏ခြေစွမ်းကို လေ့ကျင့်မှုပြုလုပ်ကာ စောင့်ကြည့်သွားမည်ဖြစ်ပြီး အသင်းနှင့် အံမဝင်သည့် ကစားသမားများကို အပြောင်းအလဲပြုလုပ်မည်ဖြစ်သည်။

ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား တာကာမူက ကိုင်တွယ်နေပြီး မတ်လတတိယပတ်တွင် စတင်လေ့ကျင့်ကာ ဧပြီလအတွင်း နိုင်ငံတကာပြိုင်ပွဲနှစ်ခု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ မြန်မာ ယူ-၁၅ အသင်းသည် ဧပြီလဆန်းတွင် တရုတ် ယူ-၁၆ ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့ပြီး ဧပြီ ၁၉ ရက်မှ ၂၂ ရက်အထိ ဟောင်ကောင်၌ ကျင်းပသည့် ဟောင်ကောင်ခြေစမ်းခရီးစဉ်သို့ ထပ်မံသွားရောက်ခဲ့သည်။

နည်းပြချုပ် တာကာမူသည် နိုင်ငံတကာခရီးစဉ်နှစ်ခုအပြီးတွင် အသင်းနှင့် အံမဝင်သည့် ကစားသမားများကို ပြန်လည်စေလွှတ်ခဲ့ခြင်း ဖြစ်သည်။ မြန်မာယူ-၁၅ အသင်းသည် အာဆီယံ ယူ-၁၅ ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများ ထပ်မံကစားမည်ဖြစ်သည်။

မြန်မာ ယူ-၁၅ အသင်းသည် ဇူလိုင် ၂၇ ရက်မှ သြဂုတ် ၉ ရက်အထိ ကျင်းပမည့် ၂၀၁၉ အာဆီယံ ယူ-၁၅ ပြိုင်ပွဲ၊ စက်တင်ဘာတွင် ကျင်းပမည့် ၂၀၂၀ အာရှ ယူ-၁၆ ခြေစစ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အာဆီယံ ယူ-၁၅ ပြိုင်ပွဲတွင် မြန်မာအသင်းသည် အင်ဒိုနီးရှား၊ ဗီယက်နမ်၊ တီမော ၊ စင်ကာပူ၊ ဖိလစ်ပိုင်တို့နှင့် အုပ်စု (က) တွင် ပါဝင်နေသည်။

**ညီမြတ်သော်တာ**

❍ *ကျောဖုံးမှ*

"ကျွန်တော်ကီလိုတန်းလိုက် ပထမရရှိတဲ့သူတွေနဲ့ပြိုင်လိုက်တော့ စိတ်လှုပ်ရှားမိတယ်။ နိုင်ငံကိုယ်စားပြုတစ်ယောက်ထဲလာပြိုင်တာပါ။ ဒီပြိုင်ပွဲမှာ အကောင်းဆုံးဆုရမယ်လို့ မထင်ထားဘူး။ ပြိုင်ဘက်တွေက ကိုယ့်ထက်ကောင်းကြတယ်။ သင်ကြားပြသပေးတဲ့ နည်းပြဆရာကိုလည်း ကျေးဇူးတင်တယ်။ နောက်ပြိုင်ပွဲတွေမှာလည်း ဒီထက်ကောင်းအောင်ကြိုးစားမယ်။ အာရှပြိုင်ပွဲတွေမှာ ထပ်မံကြိုးစားမယ်"ဟု အကောင်းဆုံး ကာယဗလမောင်ဆုရ ဘရူနိုင်းကစားသမား ZORIZAL က ပြောသည်။ ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ ကျင်းပရာ World Bodybuilding and Physique Sports Federation (WBPF) ဥက္ကဋ္ဌ Mr. DATUK PAUL CHUA၊ အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Phumvarin Chunhawongvarit တို့နှင့် မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညီညီနှင့်အမှုဆောင်များက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ယင်းပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ ပြိုင်ပွဲအမျိုးအစား ၂၂ မျိုးကို အားကစားသမား ၄၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဆုတံဆိပ် ၂၉ ခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ၌ နိုင်ငံအလိုက်တွင် ရွှေကိုးခု၊ ငွေ ၁၀ ခု၊ ကြေး ၁၀ခုဖြင့် မြန်မာက ပထမ၊ ရွှေငါးခု၊ ငွေလေးခု၊ ကြေးခြောက်ခုဖြင့် ထိုင်းက ဒုတိယ၊ ရွှေသုံးခု၊ ငွေငါးခု၊ ကြေးလေးခုဖြင့် ဗီယက်နမ်က တတိယရရှိသွားကြောင်း သိရသည်။

**အေးကေလင်း**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ရိုဒရီဂိုအား ပရီမီယာလိဂ်သို့ မန်စီးတီးအသင်း ခေါ်ယူလို**

မန်စီးတီးအသင်းသည် အက်သလက်တီကို မက်ဒရစ်အသင်းမှ ကွင်းလယ်ကစားသမား ရိုဒရီဂို (၂၂နှစ်) အား ပရီမီယာလိဂ်သို့ ခေါ်ယူလိုနေသော်လည်း နည်းပြ ဂွါဒီယိုလာက အသင်းမှ ဘရာဇီးတိုက်စစ်ကစားသမား ဂျီးဆပ် (၂၂နှစ်) အား ပထမဆုံး ရောင်းထုတ်သွားဖွယ်ရှိနေကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

**ဟာသာဘာလင်အသင်းသို့ ဘိုရာတာ ပြောင်းရွှေ့မည်**

ဆဲလ်တစ်ခံစစ်ကစားသမား ဘိုရာတာသည် ယခု နွေရာသီအပြောင်းအရွှေ့ကာလတွင် ဟာသာဘာလင်အသင်းသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**ပီအက်စ်ဂျီအသင်း ကန်တီအား ခေါ်ယူသွားဖွယ်ရှိ**

ပီအက်စ်ဂျီအသင်းသည် ယခုနှစ်နွေရာသီတွင် ချယ်လ်ဆီးအသင်းမှ ပြင်သစ် ကွင်းလယ်ကစားသမား ကန်တီ (၂၈နှစ်) အား ခေါ်ယူသွားဖွယ်ရှိကြောင်း မေရာတွင် ဖော်ပြထားသည်။

**ဇာဟာအား ခေါ်ယူလိုနေသည့် အာဆင်နယ်**

အာဆင်နယ်အသင်းသည် ခရစ္စတဲလ်ပဲလေ့စ်အသင်းမှ ဇာဟာ (၂၆နှစ်) အား အသင်းသို့ ခေါ်ယူလိုနေသော်လည်း ခရစ္စတဲလ်ပဲလေ့စ်အသင်းမှ အလိုရှိနေသည့် ပြောင်းရွှေ့ကြေး ထက်ဝက်ခန့်သာ အာဆင်နယ်အသင်းက ပေးချေလိုကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

**ပိုချက်တီနိုအား ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူလို**

တော့တင်ဟမ်နည်းပြ ပိုချက်တီနိုအား ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူလိုနေကြောင်း ဒေးလီးစတားတွင် ဖော်ပြထားသည်။

**ဘေးလ်၊ ဆီဘယ်လော့၊ နားဗက်စ်နှင့် လော်ရန်တီ အသင်းမှ ထွက်ခွာမည်**

ဝေးလ်တောင်ပံကစားသမား ဂါးရက်ဘေးလ် (၂၉နှစ်)၊ စပိန်ကွင်းလယ်ကစားသမား ဆီဘယ်လော့ (၂၂နှစ်)၊ ကော့စတာရီကာ ဂိုးသမား နားဗက်စ် (၃၂နှစ်) နှင့် စပိန်ကွင်းလယ်ကစားသမား လော်ရန်တီ (၂၄နှစ်) တို့သည် ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာဖွယ်ရှိကြောင်း မာကာတွင် ဖော်ပြထားသည်။

**မားကပ်စ် ရပ်ရှ်ဖို့ဒ်စာချုပ်သစ်ချုပ်ဆိုနိုင်လိမ့်မည်ဟု မန်ယူအသင်း ယုံကြည်**

မန်ယူအသင်းသည် အင်္ဂလန်တိုက်စစ်ကစားသမား မားကပ်စ် ရပ်ရှ်ဖို့ဒ် (၂၁နှစ်) အနေဖြင့် တစ်ပတ် ပေါင် သုံးသိန်းဖြင့် စာချုပ်သစ်ချုပ်ဆိုနိုင်လိမ့်မည်ဟု ယုံကြည်နေကြောင်း ဒေးလီးစတားတွင် ဖော်ပြထားသည်။

**အောင်ဇော်**

❑ *ကျောဖုံးမှ*

ယင်းနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ဟံသာဝတီအသင်းအနေဖြင့် ဂိုးထပ်ရရန် ရုန်းကန်ခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးကို ၉၀+၃ မိနစ်တွင် ကွင်းလယ်လူ မက်ဆီမင်က ထောင့်ကန်ဘောမှ ခေါင်းတိုက်ပြီး သွင်းယူခဲ့ခြင်းဖြစ်သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်အသင်းက မကွေးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရခိုင်အသင်းသည် ပထမပိုင်းတွင် တစ်ဂိုးဖြင့်ရှုံးနေသော်လည်း ဒုတိယပိုင်းတွင် လေးဂိုးပြန်သွင်းပြီး ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ၄၃ မိနစ်တွင် စိုးလွင်လွင်က မကွေးအသင်းအတွက် ဂိုးစတင်သွင်းသော်လည်း ၅၄ မိနစ်တွင် စိုးမြတ်သူက ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့၍ ရခိုင်အသင်း ချေပဂိုးပြန်ရခဲ့သည်။ သရေကျပြီးနောက်ပိုင်းတွင် ရခိုင်အသင်းကစားပုံပိုကောင်းလာပြီး အနိုင်ဂိုးများကို ၆၃ မိနစ်တွင် ဆင်မြရယ်၊ ၆၇ မိနစ်တွင် ဇော်သိန်းဝင်း၊ ၈၄ မိနစ်တွင် ဇော်ဇော်နိုင်တို့က သွင်းယူခဲ့သည်။ ဆီမီးဖိုင်နယ်တွင် ရှမ်းယူနိုက်တက်နှင့် ရခိုင်အသင်းတွေ့ဆုံနေပြီး ပထမအကျော့ကို မေ ၂၅ ရက်တွင် ရှမ်းယူနိုက်တက်၏ အိမ်ကွင်းဖြစ်သော တောင်ကြီးကွင်း၊ ဒုတိယအကျော့ကို ဇွန် ၁ ရက်တွင် ရခိုင်အသင်း၏ အိမ်ကွင်းဖြစ်သော ဝေသာလီကွင်း၌ ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၉**

မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၈ ရက် မွန်းလွဲ ၂ နာရီက ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု နမ့်လန်ကျေးရွာအဝင်လမ်းတွင် ဇော်ဝင်းမောင်မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၁၀ သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ မေ ၁၉ ရက် နံနက်ပိုင်းက မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှာင်မြို့နယ် မြင်းကျဒိုးကျေးရွာအထွက် ဘုရားကြီးကုန်းကျေးရွာ အဝင်လမ်းတွင် ရင်မောင်လွင် မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် ထွန်းထွန်းဝင်း မောင်းနှင်လာသည့် ဆိုင်ကယ်နှစ်စီးတို့ကို ရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ၁၈ကီလိုနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း။

အလားတူ မေ ၁၈ ရက် မွန်းလွဲပိုင်းက သီပေါမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သီပေါမြို့နယ် နောင်အန်ကျေးရွာအုပ်စု ပန်ဆောက်ကျေးရွာအနီး သီပေါ-လားရှိုး သွားကားလမ်းတွင် ရပ်တန့်ထားသော ၁၈ ဘီးတွဲ မော်တော်ယာဉ်ကို ရှာဖွေစစ်ဆေးရာ သံပီပါ ၆၈ လုံးအတွင်းမှ အီသိုင်းအီသာ ၁၀၂၀၀ လီတာကို လည်းကောင်း။

ထို့အတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၂၈)ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့နှင့် ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု နောင်နွမ်းပူးပေါင်းစစ်ဆေးရေးစခန်းတွင် ပါဂျဲရိုးယာဉ်ကို ရပ်တန့် ရှာဖွေရာ ကတ်တမင်း ၈၇ ဒသမ ၃ ကီလို၊ ငွေကျပ် ၇၀၉၀၀၀ နှင့် လက်ကိုင်ဖုန်းလေးလုံးတို့ကို လည်းကောင်း။

ထို့အတူ မွန်းလွဲ ၁၂ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် အမှတ်(၅/၁၇-က)နေ ဒေါ်ဘောက်နန်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ၄၄၀ ဂရမ် သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းများနှင့် သယ်ဆောင်လာသောယာဉ်အား တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၂၀-၅-၂၀၁၉ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ - အပူဒဏ်အန္တရာယ် ကာကွယ်ရေး
- ၇း၄၀ - MRTV Travelogue
- ၉း၁၀ - မြို့ပြအတု
- ၉း၁၅ - BBC Click
- ၉း၂၅ - "စွမ်းရည်မြင့်မား အမျိုးသမီးများ"
- ၉း၄၀ - ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ "Wimer" (Germany)
- ၁၀း၃၀ - လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ပန်ကြားချက်
- ၁၂း၃၀ - အပူဒဏ်ကြောင့် ကျန်းမာရေးပြဿနာ
- ၁၄း၀၀ - ဆေးလိပ်ဆေးရွက်ကြီး ကင်းဝေးစေရေး (ကာတွန်း)

**ညပိုင်း**

- ၁၆း၂၅ - လူ့အသက်၊ အရှိန်လျှော့ မောင်း၊ သတင်းလိုက်နာ
- ၁၆း၃၀ - အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ပထမနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
- ၁၇း၂၀ - ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာအစီအစဉ် "ပရဆေးဥယျာဉ် (နေပြည်တော်)နှင့် ရှားစောင်းလက်ပတ်ပင် အကြောင်း သိကောင်းစရာ"
- ၁၇း၅၅ - စုပေါင်းကာကွယ်မီးအန္တရာယ်
- ၁၈း၂၀ - ရှေးဟောင်းအနုသုခုမ ပန်းထိမ်ပညာ၏ အံ့မခန်းဆန်းကြယ်မှု
- ၁၈း၃၀ - ဥပဒေရေးရာအဖြာဖြာ "အကြောဆေး"
- ၁၈း၅၅ - မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ
- ၁၉း၁၅ - "ပုဂံမြေမှယွန်းလက်မှုပညာ"
- ၁၉း၃၀ - "ဒီမိုကရေစီစိတ်ထား" (အပိုင်း-၅)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- \- မူးယစ်၏သားကောင် (ကာတွန်း)
- ၂၀း၃၅ - "လှပစွာပုံဖော် ထုဆစ်ထားသော သလ္လာမြေမှ သဘာဝတွင်းထွက်ကျောက် အလှဆင်ပစ္စည်းများ"

# မြဝတီမြို့နယ်၌ သေနတ်ကိုင်ရမ်းကားသူသုံးဦး ဖမ်းဆီးရမိ

**မြဝတီ မေ ၁၉**

မြဝတီမြို့ ရေလယ်ကျွန်းပေါ်တွင် မေ ၁၈ ရက် ညပိုင်းက သေနတ်ကိုင်ရမ်းကားနေသူသုံးဦးအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိကြောင်း သိရသည်။



မြင့်ဆွေ(ခ)ရွှေဘ၊ အောင်အောင်(ခ)ကော်ပူးနှင့် သန်းနိုင်တို့သုံးဦးအား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

မြဝတီမြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ်မင်းမင်းထွန်းနှင့် မြဝတီခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များသည် မေ ၁၈ ရက် ည ၁၁ နာရီခွဲတွင် မြဝတီရေလယ်ကျွန်းပေါ်တွင် မြင့်ဆွေ(ခ)ရွှေဘ၊ သန်းနိုင်နှင့် အောင်အောင်(ခ)ကော်ပူးတို့သုံးဦးအား လက်နက်ကိုင်ရမ်းကားနေကြောင်း သတင်းအရ စစ်ဆေးရာ ဖုန်းနှစ်လုံး နှင့် ၉ မမ ကျည်ခြောက်တောင့်ပါ ကျည်အိမ်တပ်ဆင်ထားသော MA-5 ဘရောင်ဒင် ပစ္စတိုသေနတ်တစ်လက်တို့ကို သိမ်းဆည်းရမိခဲ့သည်။

တရားမဝင် လက်နက်ကိုင်ဆောင်ရမ်းကားသူ မြဝတီမြို့ အမှတ်(၁)ရပ်ကွက် ရေလယ်ကျွန်းနေသူများဖြစ်သည့် မြင့်ဆွေ(ခ)ရွှေဘ(၅၅ နှစ်)၊ အောင်အောင်(ခ)ကော်ပူး(၂၈နှစ်)နှင့် မြဝတီမြို့ အမှတ်(၃)ရပ်ကွက်နေသူ သန်းနိုင်(၃၈နှစ်)တို့ သုံးဦးအား မြဝတီရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ဓားကိုင်၍ရမ်းကားနေသူအား သွားရောက်ဖမ်းဆီးရာမှ ပြန်လည်ရန်ပြုသောကြောင့် သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီး

**နေပြည်တော် မေ ၁၉**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဒေါနရပ်ကွက် ၆၆×၁၄ လမ်းထောင့်၌ မေ ၁၈ ရက် နံနက် ၄ နာရီတွင် အမျိုးသားတစ်ဦး ဓားကိုင်ရမ်းကားနေကြောင်း သတင်းအရ အမှတ်(၁)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးခဲ့သည်။

အဆိုပါအမျိုးသားက ရဲတပ်ဖွဲ့ဝင်များအား ဓားဖြင့် ပြန်လည်ရန်ပြုလာသောကြောင့် သေနတ်ဖြင့် တစ်ချက် သတိပေးပစ်ခတ်၍ ဓားချအဖမ်းခံရန် ပြောဆိုသော်လည်း လိုက်နာခြင်းမရှိဘဲ ဆက်လက်ရန်ပြုသဖြင့် ထပ်မံ၍ တစ်ချက်ပစ်ခတ်ခဲ့ရာ ၎င်းတွင် ဝဲလက်မှ ဝမ်းဗိုက်သို့ ကျည်ဖောက်ဝင်၊ ယာခြေမျက်စိအထက် ထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသစဉ် နံနက် ၄ နာရီခွဲတွင် သေဆုံးသွားခဲ့သည်။

သေဆုံးသူအမျိုးသား၏ခန္ဓာကိုယ်အား ရှာဖွေရာ ဦးမင်းထွေး အမည်ပါ နိုင်ငံသားစိစစ်ရေးကတ်(ဓာတ်ပုံမပါ) တစ်ခုနှင့် လားရှိုး-မန္တလေး ရထားလက်မှတ်တစ်ခုတို့ တွေ့ရှိခဲ့ပြီး ယင်းသေဆုံးမှုအား အမှတ်(၁)နယ်မြေရဲစခန်းက သေမှုသေခင်းရေးဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# ကလေးဝမြို့နယ်၌ ကျောက်မီးသွေးမိုင်းပေါက်ကွဲ၍ ခြောက်ဦးဒဏ်ရာရ

**ကလေးဝ မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် သစ်ချောက်ကျေးရွာအုပ်စုရှိ မြန်မာ့စီးပွားရေးဦးပိုင်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ထူးဟန်သစ် ကျောက်မီးသွေးကုမ္ပဏီ၏ ကျင်းအမှတ် ၂ အတွင်းပိုင်းပေ ၅၀၀ အကွာတွင် မေ ၁၉ ရက် ညနေ ၅ နာရီခန့်က ယမ်းဖောက်ခွဲရာမှ အီသိန်းဓာတ်ငွေ့ထိတွေ့၍ ထပ်ဆင့် ပေါက်ကွဲမှုကြောင့် တရုတ်နိုင်ငံသားတစ်ဦးနှင့် မြန်မာနိုင်ငံသား ငါးဦး ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် ဦးစိုးအောင် (၃၈ နှစ်)၊ ဦးမျိုးသန့်ထွန်း (၂၃နှစ်)၊ ဦးမျိုးခန့်(၃၅နှစ်)၊ ဦးပြည့်ဖြိုးအောင်(၁၈နှစ်)၊ ဦးမောင်ကျော်(၂၆နှစ်)နှင့် တရုတ်နိုင်ငံသား CAO-SHOUTUAN Visa No-IA 186689 တို့ မီးလောင်ဒဏ်ရာများ ရရှိခဲ့သည်။

ဒဏ်ရာရရှိသူများအနက် တရုတ်နိုင်ငံသားနှင့် ဦးမောင်ကျော်တို့မှာ စိုးရိမ်ရသဖြင့် ကလေးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားပြီး ကျန်လေးဦးမှာ ကလေးဝမြို့ ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေရဲစခန်းက စိစစ်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သီဟ (ပြန်/ဆက်)**

# ဆွတ်ဆိုင်ကျေးရွာ၌ လွယ်ယွန်းခမ်းရှေးဟောင်းစေတီတော်နှီးဘုရားကျောင်းဆောင် မီးလောင်မှုဖြစ်

**ဝမ်ပုံ မေ ၁၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ဆွတ်ဆိုင်ကျေးရွာတောင်ပေါ် လွယ်ယွန်းခမ်းစေတီတော်အနီး နှီးဘုရားကျောင်းဆောင်ကို မေ ၁၈ ရက်ညပိုင်းက မီးလောင်ခဲ့ကြောင်း ဝမ်ပုံနယ်မြေရဲစခန်းမှ သိရသည်။

မေ ၁၈ ရက် ည ၁၁ နာရီခန့်တွင် တာချီလိတ်မြို့ ဆွတ်ဆိုင်ကျေးရွာတောင်ပေါ် လွယ်ယွန်းခမ်းစေတီတော်အနီး နှီးဘုရားကျောင်းဆောင်မှာ လျှပ်စစ်ဝိုင်ယာရှော့ခ်မှ မီးလောင်ခဲ့သဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားများက ဝိုင်းဝန်းမီးငြှိမ်းသတ်ခဲ့ရာ ည ၁၁ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# မြို့နယ်အချို့၌ လေပြင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံအချို့ပျက်စီး

**နေပြည်တော် မေ ၁၉**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်အတွင်း မေ ၁၈ ရက် ညနေ ၄ နာရီ မိနစ် ၄၀ က လေပြင်းတိုက်ခတ်မှုကြောင့် သံရှင်ရဲကင်းစခန်းအရှေ့ဘက်ရှိ ကာရံထားသည့် စခန်းခြံစည်းရိုး ကွန်ကရစ်တိုင်ခြောက်တိုင် ပြိုကျပျက်စီးကြောင်း သိရသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အတွင်း မေ ၁၈ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် တုံကင်းကျေးရွာပါနှစ်ရွာ၌ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းနေအိမ်ကိုးလုံး ပျက်စီးခဲ့သည်။

ထို့အတူ မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်း ထီးရိုးကျေးရွာပါ ကျေးရွာလေးရွာတို့၌ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း နေအိမ်ခြောက်လုံးနှင့် ဘုန်းကြီးကျောင်းတစ်ကျောင်း အမိုးလန်ပျက်စီးခဲ့ကြောင်းနှင့် ကံမမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် (၄)ရပ်ကွက် နှင့် ဂွန်းတောင်ကျေးရွာတို့၌ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာနေအိမ်သုံးလုံး အမိုးလန်ပျက်စီးဆုံးရှုံးခဲ့သည်။

အလားတူ ကယားပြည်နယ် ရှားသစ်မြို့တွင် ယနေ့ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် ဘောလခဲ-ရှားသစ် ဓာတ်အားလိုင်း ပြတ်တောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ရှားသစ်လမ်း (၂၁)မိုင်အနီး သစ်ပင်ကြီး ဓာတ်အားလိုင်းပေါ် လဲပြိုခဲ့ကာ စုစုပေါင်း လျှပ်စစ်မီးတိုင်ခြောက်တိုင် ကျိုးခဲ့ကြောင်း၊ ဓာတ်အားလိုင်း ပြန်လည်ရရှိရေးအတွက် အမြန်ဆုံးပြန်လည်ပြုပြင်နေကြောင်း ရှားသစ်မြို့လျှပ်စစ်မှူးထံမှ သိရသည်။

**နန်းဆွေဆွေအေး (ပြန်/ဆက်)၊ (ရဲပြန်ကြား)**

# နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် ဘုရားမီးပူဇော်ရာမှ မီးလောင်မှုဖြစ်

**နေပြည်တော် မေ ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် ဘုရားမီးပူဇော်ရာမှ မီးလောင်မှုဖြစ်ကြောင်း သိရသည်။

မေ ၁၉ ရက် ည ၈ နာရီ မိနစ် ၄၀ က ပုဗ္ဗသီရိမြို့နယ် အောင်သာယာရပ်ကွက် သရဖီလမ်းထိပ်ရှိ ဒေါ်ဌေးမြင့် (၅၀ နှစ်)၏ ပျဉ်ခင်းထရံကာ သွပ်မိုးနေအိမ်တွင် ဖယောင်းတိုင်ဖြင့် ဘုရားမီးပူဇော်ရာမှ မီးစတင်လောင်ခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံများက ဝိုင်းဝန်းငြှိမ်းသတ်ရာ ည ၉ နာရီ မိနစ် ၂၀ တွင် မီးငြှိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် တခြားအိမ်များသို့ မီးကူးစက်မှုမရှိကြောင်းနှင့် ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ အိမ်ရှင် ဒေါ်ဌေးမြင့်အား ပတ္တာနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

# ဖျာပုံ၌ မွေးကင်းစကလေးငယ်ကို စွန့်ပစ်ခဲ့သူအား အရေးယူထား

**နေပြည်တော် မေ ၁၉**

ဖျာပုံမြို့နယ် (၉)ရပ်ကွက်ရှိ လမ်းဘေးခေါက်ဆွဲကြော်ဆိုင်ကြမ်းပြင်၌ မေ ၁၈ ရက် မွန်းလွဲ ၂ နာရီက မွေးကင်းစကလေးငယ်တစ်ဦး စွန့်ပစ်ထားသူအား အရေးယူထားကြောင်း သိရသည်။

ကလေးငယ်တစ်ဦးစွန့်ပစ်ထားကြောင်း သတင်းအရ ဖျာပုံမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဖျာပုံမြို့နယ် ဖိုးစွာကျေးရွာနေ မဝင်းပပ(၁၉နှစ်)သည် ဖျာပုံမြို့ပြည်သူ့ဆေးရုံ၌ အဆိုပါကလေးအား မွေးဖွားခဲ့ပြီး မေ ၁၈ ရက် နံနက် ၁၀ နာရီခန့်က ဆေးရုံမှဆင်းသွားပြီး ကလေးဆေးကုသစရိတ်မရှိသောကြောင့် စွန့်ပစ်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် မဝင်းပပအား ဖျာပုံမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# ပင်လယ်ကွေ့ဒေသတွင် အခြေအနေတင်းမာနေချိန် ဆော်ဒီက အာရပ်သမဂ္ဂအစည်းအဝေး ခေါ်ယူ

**ရီယာ့ဒ် မေ ၁၉**

ဆော်ဒီအာရေဗျနိုင်ငံသည် ပင်လယ်ကွေ့ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးကောင်စီနှင့် အာရပ်သမဂ္ဂတို့ကို အစည်းအဝေး ခေါ်ယူခဲ့သည်။ ပင်လယ်ကွေ့ဒေသအတွင်း တင်းမာနေမှုများ ဖြေလျှော့နိုင်ရေး ဆွေးနွေးတိုင်ပင်ကြရန် ယခုလို ခေါ်ယူခဲ့ခြင်း ဖြစ်ကြောင်း ဆော်ဒီသတင်းအေဂျင်စီက စနေနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

ဆော်ဒီဘုရင်သည် ပင်လယ်ကွေ့ခေါင်းဆောင်များနှင့် အာရပ်တိုင်းပြည်များကို ဖိတ်ခေါ်ခဲ့ပြီး မက္ကာ၌ မေ ၃၀ ရက်တွင် ထိပ်သီးအစည်းအဝေးပြုလုပ်ရန် စီစဉ်ခဲ့သည်ဟု ဆော်ဒီသတင်းအေဂျင်စီက ပြောသည်။ ဒေသတွင်း လတ်တလောဖြစ်ပေါ်နေသည့် ကျူးကျော်ရန်လိုမှုနှင့် နောက်ဆက်တွဲအကျိုးဆက်များကို ဆွေးနွေးကြရန် ဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။ အီရန်၏ခြိမ်းခြောက်မှုကို ခံရသည်ဟုဆိုကာ အမေရိကန်ပြည်ထောင်စုမှ လေယာဉ်တင်သင်္ဘောနှင့် ဗုံးကြဲလေယာဉ်အုပ်စုကို စေလွှတ်ပြီးသည့်နောက် ဒေသတွင်း အခြေအနေမှာ ပိုမိုဆိုးရွားလာခဲ့သည်။

ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး အဒယ်အယ်ဂျူဘီယာကမူ ဆော်ဒီနိုင်ငံသည် အီရန်နှင့်စစ်မက်ဖြစ်ပွားရန် အစီအစဉ်မရှိကြောင်း၊ သို့သော် ကိုယ့်တိုင်းပြည်အကျိုးစီးပွားကို ကာကွယ်ရန်မှု အဆင်သင့်ဖြစ်နေကြောင်း ပြောခဲ့သည်။ ဆော်ဒီသည် စစ်ကို မလိုလားသကဲ့သို့ ဖြစ်လာနိုင်သည့် အရာရာတိုင်းအတွက်လည်း ကာကွယ်မှုများ ပြုလုပ်ထားကြောင်း ၎င်းက ပြောသည်။

ယူအေအီးနိုင်ငံကလည်း ဆော်ဒီ၏ ဖိတ်ခေါ်မှုကို လက်ခံခဲ့သည်။ ပြီးခဲ့သည့်တနင်္ဂနွေနေ့ကလည်း ဆော်ဒီရေနံတင်သင်္ဘောနှစ်စင်းသည် ယူအေအီးရှိဆိပ်ကမ်းတွင် ဖျက်ဆီးခံခဲ့ရသည်။ ယင်းဖြစ်ရပ်သည် ယီမင်ဟူသီသူပုန်များက ဆော်ဒီ၏ အဓိကရေနံပိုက်လိုင်းကို ဒရုန်းဖြင့် တိုက်ခိုက်မှုပြုလုပ်ခဲ့ပြီးနောက် နောက်ဆက်တွဲဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

နိုင်ငံတကာက သံသယများ ရှိနေသော်လည်း အမေရိကန်ပြည်ထောင်စုကမူ အီရန်၏ ခြိမ်းခြောက်မှုများ တိုးပွားလာသည်ဟု ထောက်ပြခဲ့သည်။ အီရန်သည် အမေရိကန်နှင့် မဟာမိတ်များဖြစ်သည့် ဆော်ဒီအာရေဗျနှင့် အစ္စရေးနိုင်ငံတို့၏ ဒေသတွင်းပြိုင်ဘက်လည်း ဖြစ်သည်။ ဒေသတွင်းလုံခြုံရေးကိစ္စများ တိုးမြှင့်ရန်အတွက်လည်း ဆော်ဒီအိမ်ရှေ့မင်းသားက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုနှင့် တယ်လီဖုန်းဖြင့် ဆွေးနွေးခဲ့ကြောင်း ဆော်ဒီသတင်းအေဂျင်စီက ပြောသည်။

**အေအက်ဖ်ပီ**



ဆော်ဒီဘုရင် ဆယ်မန်။

## ဆူဒန်၌ ဆန္ဒပြပြည်သူများအား သတ်ဖြတ်ခဲ့သူများကို ဖမ်းဆီး

**ခါတွမ် မေ ၁၉**

ဆူဒန်နိုင်ငံ ခါတွမ်၌ ပြီးခဲ့သည့်တနင်္လာနေ့က ဆန္ဒပြပြည်သူများကို တိုက်ခိုက်သတ်ဖြတ်ခဲ့သည့် ကြိုတင်ကြံစည်သူများကို ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း ဆူဒန်စစ်ဘက်ကောင်စီ ဒုတိယဥက္ကဋ္ဌ မိုဟာမက်ဟမ်ဒန်ဒါကလူက ပြောကြားလိုက်သည်။

တနင်္လာနေ့ကဖြစ်ပွားခဲ့သည့် လူအများအပြားသတ်ဖြတ်ခံရမှုတွင် ကြိုတင်ကြံစည်ခဲ့သူများကို ၎င်းတို့၏ ဖြောင့်ချက်ပေးဝန်ခံမှုဖြင့် ဖမ်းဆီးအရေးယူလိုက်ပြီဖြစ်ပြီး ဂြိုဟ်တုရုပ်မြင်သံကြားချန်နယ်များမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ဒါကလူက ဆူဒန်အုပ်ချုပ်ရေးဆိုင်ရာအကြီးအကဲများသို့ ပြောကြားခဲ့သည်။ ဆူဒန်၌ ပြစ်မှုတစ်ရပ်ကို ကျူးလွန်သူတိုင်း အပြစ်ပေးအရေးယူခံရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

နိုင်ငံအတွင်းဖြစ်ပွားနေသည့် နိုင်ငံရေးဆိုင်ရာ ပဋိပက္ခများအဆုံးသတ်သွားစေမည့် အဆုံးသတ်သဘောတူညီမှုတစ်ရပ်ရရှိစေရေးအတွက် ဆွေးနွေးပွဲများဆက်လက်ပြုလုပ်သွားရန် အရေးကြီးကြောင်းကိုလည်း ဒါကလူက ပြောကြားခဲ့သည်။

ဆူဒန်စစ်ဘက်ကောင်စီနှင့် အတိုက်အခံအင်အားစုများအကြား အုပ်ချုပ်ရေးအာဏာလွှဲပြောင်းမှုဆိုင်ရာ အပြောင်းအလဲကာလသုံးနှစ်သတ်မှတ်ရန် ပြီးခဲ့သည့်တနင်္လာနေ့က သဘောတူညီမှုတစ်ရပ်ရရှိခဲ့ပြီးနောက် မကြာမီ ယူနီဖောင်းများဝတ်ဆင်ထားကြသည့် သေနတ်သမားအချို့သည် ခါတွမ်ရှိ ဆန္ဒပြပြည်သူများစခန်းချရာဧရိယာများကို တိုက်ခိုက်မှုလုပ်ဆောင်ခဲ့ရာ ဆန္ဒပြပြည်သူခြောက်ဦးနှင့် စစ်ဘက်အရာရှိတစ်ဦးသေဆုံးခဲ့ပြီး လူ ၁၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

စစ်အာဏာသိမ်းခေါင်းဆောင်ဖြစ်သည့် သမ္မတဟောင်း အိုမာအယ်လ်ဘာရှာကို ဖြုတ်ချလိုက်ပြီးနောက်တွင် နိုင်ငံကို အဘဒယ်လ်ဖာတက်အယ်လ်ဘာဟန် ဦးဆောင်သည့် ဆူဒန်စစ်ဘက်ကောင်စီက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

**ဆင်ဟွာ**

## ဩစတြေးလျရွေးကောက်ပွဲတွင် စကောက်မော်ရစ်ဆင်၏ပါတီမှ အလေးသာလျက်ရှိ

**ကင်ဘာရာ မေ ၁၈**

လေဘာပါတီခေါင်းဆောင် ဘေရှော့တန်းသည် စနေနေ့က ပြုလုပ်သော ဩစတြေးလျ ရွေးကောက်ပွဲတွင် အရေးနိမ့်ခဲ့ကြောင်း သိရသည်။ ၎င်းသည် ဩစတြေးလျ လေဘာပါတီခေါင်းဆောင်နေရာမှလည်း နုတ်ထွက်သွားခဲ့သည်။

ယင်းသို့ ကြေညာမှု မပြုလုပ်မီ ဩစတြေးလျ ရုပ်သံကော်ပိုရေးရှင်းမှ ရွေးကောက်ပွဲ သုတေသီ အန်တိုနီဂရင်းက လက်ရှိဝန်ကြီးချုပ် စကောက်မော်ရစ်ဆင် ဦးဆောင်သည့် လစ်ဘရယ် အမျိုးသားညွန့်ပေါင်းပါတီ LNP ပါတီက အနိုင်ရလိမ့်မည်ဟု ခန့်မှန်းခဲ့သည်။ လေဘာပါတီသည်အစိုးရအဖွဲ့ ဖွဲ့ရန်မဖြစ်နိုင်တော့ကြောင်း ဘေရှော့တန်းက မဲရာခိုင်နှုန်း ၆၈ ရာခိုင်နှုန်း ရေတွက်ပြီးချိန်တွင် ပြောသည်။

ယခုယှဉ်ပြိုင်မှုသည် ခက်ခဲသည့် ယှဉ်ပြိုင်မှုဖြစ်ပြီး မိမိတို့အားလုံး ရလဒ်ကို လေးစားရန် လိုအပ်ကြောင်း၊ ဩစတြေးလျပြည်သူများ၏ ဆန္ဒကို လေးစားရန်လိုအပ်ကြောင်း ၎င်းက ဆက်ပြောသည်။ ဘေရှော့တန်းသည် ၂၀၁၃ ခုနှစ်က လေဘာပါတီ ရွေးကောက်ပွဲတွင် ရှုံးနိမ့်ပြီးနောက် ပါတီကိုဦးဆောင်ခဲ့သည်။ လေဘာပါတီ၏ လာမည့်အောင်မြင်မှုများသည် ခေါင်းဆောင်အသစ်နှင့်အတူ ဖြစ်ပေါ်လာမည်ဖြစ်ပြီး လာမည့် ရွေးကောက်ပွဲတွင် လေဘာပါတီ အနိုင်ရလိမ့်မည်ဟု ယုံကြည်ကြောင်း ပြောခဲ့သည်။




ရွေးကောက်ပွဲရလဒ်များ ထွက်လာပြီးနောက် လေဘာပါတီခေါင်းဆောင် ဘေရှော့တန်း မိန့်ခွန်းပြောကြားနေသည်ကို တွေ့ရစဉ်။

စကောက်မော်ရစ်ဆင်သည် ဩစတြေးလျနိုင်ငံ၏ အယောက် ၃၀ မြောက် ဝန်ကြီးချုပ်ဖြစ်ပြီး LNP ပါတီတွင် မယ်ကွန်တန်ဘဲ့လ်၏ နေရာ၌ အစားထိုးခန့်အပ်ခဲ့ခြင်းဖြစ်သည်။ မဲဆွယ်စည်းရုံးရေးကာလအတွင်း ၎င်းသည် ဘဏ္ဍာရေးတည်ငြိမ်မှု၊ တိုင်းပြည်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် အခွန်ဖြတ်တောက်မှုတို့အတွက် ကတိပြု ပြောကြားခဲ့သည်။ ရွေးကောက်ပွဲမတိုင်မီ လူထုဆန္ဒ ကောက်ယူမှုများအရ လေဘာပါတီက အနိုင်ရရှိလိမ့်မည်ဟု ခန့်မှန်းမှုများ ထွက်ပေါ်ခဲ့သည်။

ဘေရှော့တန်းကမူ ပါတီခေါင်းဆောင်အဖြစ် နောက်တစ်ခါ ထပ်မံရွေးကောက်ခံတော့မည်မဟုတ်ဟု ပြောကြားခဲ့သည်။ နောက်ဆုံးရလဒ်များ မသိရသေးသော်လည်း မဲအရေအတွက် ၇၅ ရာခိုင်နှုန်း ရေတွက်ပြီးချိန်တွင် လစ်ဘရယ်အမျိုးသားညွန့်ပေါင်းပါတီ LNP ပါတီက အနိုင်ရရှိလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**




တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ(ဝဲ) နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို(ယာ)

## တရုတ်နိုင်ငံ၏ အကျိုးစီးပွားကို ထိခိုက်စေသည့် အမေရိကန်၏လုပ်ရပ်များကို ပြင်းပြင်းထန်ထန် ကန့်ကွက်ကြောင်း ဝမ်ယိပြော

**ပေကျင်း မေ ၁၉**

မကြာသေးမီရက်ပိုင်းအတွင်း အမေရိကန်က ပြောဆိုခဲ့သည့် စကားလုံးများနှင့် အပြုအမူများကို ပြင်းပြင်းထန်ထန် ကန့်ကွက်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသို့ ပြောကြားလိုက်ကြောင်း သိရသည်။

ဝမ်သည် မေ ၁၈ ရက်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုနှင့် ဖုန်းဖြင့် ဆက်သွယ်ပြောဆိုခဲ့သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနကဆိုသည်။ မစ္စတာဝမ်ယိက ၎င်းအနေဖြင့် တရုတ်နိုင်ငံ၏ အကျိုးစီးပွားနှင့် တရုတ်ကုမ္ပဏီများ၏ အကျိုးစီးပွားကို ထိခိုက်အောင်လုပ်ဆောင်နေသည့် အမေရိကန်၏ နိုင်ငံရေးအရဖြေရှင်းမှုပုံစံနှင့် အခြားလုပ်ရပ်များကို ပြင်းပြင်းထန်ထန် ကန့်ကွက်ကြောင်း မစ္စတာပွန်ပီအိုသို့ ပြောကြားခဲ့သည်ဟု အာဏာပိုင်များက ဖော်ပြသည်။

တရုတ်နည်းပညာလုပ်ငန်းစုကြီးဖြစ်သည့် ဟွာဝေးကုမ္ပဏီနှင့် ဆက်စပ်ကုမ္ပဏီများကို အမေရိကန်က အမည်ပျက်စာရင်းတွင် ထည့်သွင်းလိုက်ပြီးနောက်တွင် တရုတ်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး နှစ်ဦးတို့၏ ဆွေးနွေးမှုပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။ အမေရိကန်ကုမ္ပဏီများအနေဖြင့် အမည်ပျက်စာရင်းတွင် ပါဝင်သည့် ကုမ္ပဏီများနှင့် လုပ်ငန်းဆောင်ရွက်ခြင်းကို တားမြစ်ပိတ်ပင်ခံထားရသည်။

တရုတ်နိုင်ငံသည် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ အခြေခံစည်းမျဉ်းများကို လေးစားလိုက်နာကြောင်း အလေးအနက်ပြောကြားခဲ့ပြီး သာတူညီမျှအခြေအနေတစ်ခုတွင် ညှိနှိုင်းဆွေးနွေးမှုများမှတစ်ဆင့် ကုန်သွယ်ရေးကိစ္စရပ်များကို ဖြေရှင်းသင့်ကြောင်း မစ္စတာဝမ်ယိက မစ္စတာပွန်ပီအိုသို့ ပြောကြားခဲ့သည်။ ခေါင်းဆောင်နှစ်ဦးတို့သည် အီရန်အရေးနှင့် ပတ်သက်၍လည်း အမြင်ချင်းဖလှယ်ခဲ့ပြီး အမေရိကန်အနေဖြင့် တင်းမာမှုများမြင့်တက်လာစေမည့် အပြုအမူများကို ရှောင်ရှားရန် တိုက်တွန်းလိုက်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# မြောက်အမေရိက ကုန်သွယ်ရေးစာချုပ်သစ်အတွက် အလားအလာကောင်းတစ်ခု

ချိုးစန္ဒီနွေး

**အမေရိကန်ဟာ တရုတ်ကုန်ပစ္စည်းတွေအပေါ် ထပ်မံအခွန်စည်းကြပ်ဖို့ ပြင်ဆင်ခဲ့ပေမယ့် ကနေဒါနိုင်ငံအပေါ်မှာတော့ အခွန်စည်းကြပ်မှုတွေကို ဖြေလျှော့ပေးခဲ့ပါတယ်။ ကနေဒါနိုင်ငံက သံမဏိနဲ့အလူမီနီယံ သွင်းကုန်ပစ္စည်းတွေအပေါ် အခွန်စည်းကြပ်မှုကို အမေရိကန်က ဖြေလျှော့ပေးနိုင်ဖို့ သဘောတူညီချက် ရရှိခဲ့ပါတယ်။ ဒီအရွေ့ကနေ မြောက်အမေရိကကုန်သွယ်ရေး သဘောတူစာချုပ်အသစ်ကို ချုပ်ဆိုနိုင်ဖို့ ထောက်ခံမှုတစ်ခု ဖြစ်လာမှာပါ။**

**သတင်းကောင်းတစ်ခု**

ပူးတွဲသတင်းထုတ်ပြန်ချက်မှာတော့ သံမဏိသွင်းကုန်ပစ္စည်းတွေအပေါ် ၂၅ ရာခိုင်နှုန်း အခွန်စည်းကြပ်ထားမှုနဲ့ အလူမီနီယံသွင်းကုန်တွေကို ၁၀ ရာခိုင်နှုန်း အခွန်စည်းကြပ်ထားတာကို အဆုံးသတ်တော့မယ်လို့ အမေရိကန်ရော ကနေဒါကပါ ကြေညာခဲ့ပါတယ်။ မက္ကဆီကိုဘက်ကလည်း အလားတူကြေညာချက် ထုတ်ပြန်လိမ့်မယ်လို့ ခန့်မှန်းထားကြပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ လွန်ခဲ့တဲ့နှစ်ကစပြီး သံမဏိနဲ့အလူမီနီယံပစ္စည်းတွေအပေါ် အခွန်စည်းကြပ်မှု ပြုလုပ်ခဲ့တာပါ။ ဒါပေမယ့်လည်း အမေရိကန်နဲ့ ကနေဒါတို့ဟာ သွင်းကုန်တွေကိုစောင့်ကြည့်ကြမှာဖြစ်ပြီး ဈေးကွက်ကိုထိခိုက်စေမယ့် စုပြုံမှုမျိုးဖြစ်မလာအောင် နှစ်ဖက်စလုံးက ထိန်းသိမ်းကြမှာပါ။ ဒ့ါအပြင် အခွန်စည်းကြပ်မှုကို ပြန်လည်ပြုလုပ်လို့ရတယ်လို့ သိရပါတယ်။

**အထောက်အကူဖြစ်**

အခုလို အခွန်စည်းကြပ်မှု ဖြေလျှော့ပေးလိုက်ခြင်းအားဖြင့် ကုန်သွယ်ရေးစာချုပ်နဲ့ ပတ်သက်ပြီး အမေရိကန်၊ ကနေဒါ၊ မက္ကဆီကို သုံးနိုင်ငံ သဘောတူညီချက်အတွက် အများကြီးအထောက်အကူဖြစ်စေမှာပါ။ USMCA လို့ခေါ်တဲ့ အမေရိကန်၊ ကနေဒါ၊ မက္ကဆီကို သုံးနိုင်ငံသဘောတူညီမှုဟာ ၂၀၁၈ ခုနှစ်မှာ လက်မှတ်ရေးထိုးခဲ့ကြတာလည်း ဖြစ်ပါတယ်။ မြောက်အမေရိက လွတ်လပ်စွာကုန်သွယ်ရေးသဘောတူစာချုပ် NAFTA အစား ချုပ်ဆိုခဲ့တဲ့စာချုပ်လည်း ဖြစ်ပါတယ်။ အမေရိကန်နဲ့ မက္ကဆီကိုနိုင်ငံတို့က သံမဏိနဲ့အလူမီနီယံပစ္စည်းတွေအပေါ် အခွန်စည်းကြပ်မှု ဖြေလျှော့ကြောင်း ကြေညာခြင်းအားဖြင့် အမေရိကန်၊ မက္ကဆီကို၊ ကနေဒါ အစိုးရတို့ဟာ USMCA စာချုပ်ကို အတည်ပြုဖို့ ကိုယ့်အစိုးရအဖွဲ့အတွင်းမှာ တောင်းဆိုခွင့်ရသွားတော့မှာပါ။ ကနေဒါနိုင်ငံကလည်း အမေရိကန်သွင်းကုန်ပစ္စည်း သံမဏိနဲ့ အလူမီနီယံတို့ကို အခွန်စည်းကြပ်မှု ဖယ်ရှားပေးတော့မယ်လို့ ကြေညာခဲ့ပါတယ်။

**အတားအဆီးများရှိခဲ့**

အခုဆိုရင် တရုတ်နဲ့ အမေရိကန်တို့ရဲ့ ကုန်သွယ်ရေးသဘောထားတင်းမာမှုဟာ တဖြည်းဖြည်း မြင့်တက်လာတဲ့အတွက် တစ်ကမ္ဘာလုံးရဲ့စိတ်ဝင်စားမှုဟာလည်း ဒီအပေါ်မှာပဲ ကျရောက်နေပါတယ်။ ဒီလိုအချိန်မျိုးမှာ ကနေဒါနဲ့ မက္ကဆီကိုကလာမယ့် သံမဏိနဲ့ အလူမီနီယံတို့အပေါ် အမေရိကန်က အခွန်စည်းကြပ်မှု ဖြေလျှော့ပေးဖို့ ဆုံးဖြတ်ချက်ချလိုက်ခြင်းဟာဆိုရင် အံ့အားသင့်ဖွယ် သတင်းကောင်းတစ်ခုပါပဲ။ အမေရိကန်၊ ကနေဒါ၊ မက္ကဆီကို သုံးနိုင်ငံသဘောတူစာချုပ်ကို အတည်ပြုဖို့အတွက် အခွန်စည်းကြပ်မှုတွေဟာ အတားအဆီးတွေဖြစ်ခဲ့ပြီး ကနေဒါနဲ့ မက္ကဆီကိုဟာလည်း သူတို့အပေါ် အခွန်စည်းကြပ်မှု ပြုလုပ်ထားသရွေ့ ဒီသဘောတူစာချုပ်ကို ရှေ့မဆက်ဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ ဒ့ါအပြင် လွှတ်တော်အမတ်တချို့ရဲ့ ကန့်ကွက်မှုတွေလည်း ပေါ်ပေါက်လာခဲ့ပါတယ်။ ဒါပေမယ့် အခုအခါမှာတော့ ဒါတွေကိုဖြေရှင်းပြီး



မက္ကဆီကိုသမ္မတ အန်နရီကေး ပီနာ နီယာတို၊ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုတို့ USMCA စာချုပ်တွင် လက်မှတ်ရေးထိုးကြစဉ်။

မြောက်အမေရိက ကုန်သွယ်ရေးချဲ့ထွင်မှုအတွက် ခေတ်သစ်ကို ရောက်လာတော့မှာပါ။

**နှစ်ဖက်စလုံးကို ထိခိုက်နစ်နာစေ**

အခွန်စည်းကြပ်မှုပြုလုပ်ရတာကို နှစ်သက်သူလို့ နာမည်ကြီးနေတဲ့ ထရမ့်အတွက်လည်း အောင်မြင်မှုတစ်ခုဖြစ်လာမှာပါ။ မြောက်အမေရိကတိုင်းပြည်တွေနဲ့ ကုန်သွယ်ရေး ချစ်ကြည်ရင်းနှီးမှု ခိုင်မာလာခြင်းဟာ တရုတ်နိုင်ငံနဲ့ ကုန်သွယ်ရေးဆွေးနွေးပွဲအတွက် အလားအလာကောင်း ဖြစ်မလာနိုင်ဘူးလို့လည်း ဘယ်သူမှ မပြောနိုင်ပါဘူး။ တရုတ်နိုင်ငံရဲ့အခွန်စည်းကြပ်မှုကတော့ အမေရိကန်လယ်ယာထွက်ကုန်တွေနဲ့ အိမ်သုံးပစ္စည်းတွေအပေါ် အဓိကပစ်မှတ်ထားပါတယ်။ ဒီအခွန်စည်းကြပ်မှုတွေဟာ နှစ်နိုင်ငံနယ်စပ်မှာရှိတဲ့ အလုပ်သမားတွေ၊ ဝယ်ယူသူတွေ အားလုံးအတွက် ထိခိုက်နစ်နာမှုကိုဖြစ်စေတယ်လို့ ပြီးခဲ့တဲ့ သောကြာနေ့မှာပဲ ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုက ပြောပါတယ်။ NAFTA စာချုပ်အသစ်ဆီကို ချီတက်နေတဲ့ အချိန် ကျွန်တော်တို့နိုင်ငံတွေကြားမှာ သံမဏိနဲ့အလူမီနီယံတို့အပေါ် အခွန်စည်းကြပ်မှုမျိုး မရှိသင့်ဘူးလို့ ၎င်းက ဆက်ပြောပါတယ်။

**ဆုံးဖြတ်ချက်ချရန်နှောင့်နှေး**

သမ္မတ ထရမ့်ဟာ မကြာခဏဆိုသလို အခွန်စည်းကြပ်မှုတွေ ပြုလုပ်လို့ အခွန်စည်းကြပ်ရေးသမားလို့ ခေါ်ဝေါ်ခံနေရသူပါ။ အမေရိကန်ရဲ့အခွန်စည်းကြပ်မှုကြောင့် တခြားသောတိုင်းပြည်တွေမှာ ဘယ်လိုမျိုးသက်ရောက်မှုတွေ ရှိခဲ့ကြပါသလဲ။ ဥရောပသမဂ္ဂကနေ အမေရိကန်ကိုတင်ပို့တဲ့ စတီးနဲ့အလူမီနီယံပစ္စည်းတွေအပေါ်မှာတော့ အခုထက်ထိတိုင် အခွန်စည်းကြပ်မှုက ရှိနေတုန်းပါပဲ။ ဒါပေမယ့် နှစ်ဖက်အကြားမှာ သတင်းကောင်းရှိတယ်လို့တော့ ထရမ့်က ပြောခဲ့ပါတယ်။ အမေရိကန်ကို ကားနဲ့ ကားအစိတ်အပိုင်းပစ္စည်းတွေ တင်သွင်းမှုမှာ အခွန်စည်းကြပ်မှု ပြု မပြု ဆုံးဖြတ်ချက်ချဖို့ ထရမ့်က နှောင့်နှေးခဲ့ပါတယ်။ အမေရိကန်ဘက်က ဆုံးဖြတ်ချက်ချဖို့ နောက်ထပ်ခြောက်လ ရွှေ့ဆိုင်းလိုက်ပြီး ဥရောပသမဂ္ဂနဲ့ ဂျပန်နိုင်ငံတို့အတွက် ကုန်သွယ်ရေးဆွေးနွေးဖို့ အချိန်ပိုရသွားပါတယ်။ အမေရိကန်ကို တင်သွင်းမယ့် ကားနဲ့ ကားအစိတ်အပိုင်းပစ္စည်းတွေကို ၂၅ ရာခိုင်နှုန်း အခွန်စည်းကြပ်မယ့်အရေး ဆုံးဖြတ်ချက် မချရသေးပါဘူး။ စဉ်းစားဆဲအခြေအနေမှာပဲ ရှိပါသေးတယ်။

**အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်**

ကုန်သွယ်ရေးဌာနရဲ့ပြောဆိုချက်အရတော့ ပြည်ပက တင်သွင်းတဲ့ ကားနဲ့ ကားအစိတ်အပိုင်းပစ္စည်းတွေဟာ အမျိုးသားလုံခြုံရေးအတွက် ခြိမ်းခြောက်မှုတစ်ခုပဲလို့ ဆိုပါတယ်။ ဒီအစီရင်ခံစာကို လူသိရှင်ကြား ထုတ်ဖော်ကြေညာရခြင်း မပြုရသေးပါဘူး။ ဒါပေမယ့် အမေရိကန်ကားထုတ်လုပ်ရေးကုမ္ပဏီကြီးတွေဟာ သုတေသနနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေအတွက် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ဖို့ ပျက်ကွက်ကြတယ်လို့ ထရမ့်က ပြောကြားခဲ့ပါတယ်။

**ပြည်တွင်းစီးပွားရေးကို ယိုင်နဲ့စေ**

အမေရိကန် ကားထုတ်လုပ်ရေးကုမ္ပဏီကြီးတွေဟာ ဆန်းသစ်တီထွင်မှု ပြုလုပ်ဖို့ အားနည်းကြတယ်လို့ ထရမ့်က ပြောပါတယ်။ ကားနဲ့ ထရပ်ကားတွေ ပြည်ပကနေ တင်သွင်းခြင်းဟာ ပြည်တွင်းစီးပွားရေးကို ယိုင်နဲ့စေတယ်ဆိုတဲ့ လေ့လာမှုကိုတော့ ထရမ့်က သဘောတူခဲ့ပါတယ်။ ဒါပေမယ့်လည်း ဥရောပသမဂ္ဂနဲ့ ဂျပန်တို့ရဲ့ ကားနဲ့ ဆက်စပ်ပစ္စည်းအပေါ် အခွန်စည်းကြပ်မှု တိုးမြှင့်ဖို့ကိုတော့ ထရမ့်အနေနဲ့ နှောင့်နှေးနေဆဲပါပဲ။

**တရုတ်သမ္မတနှင့် တွေ့ဆုံနိုင်ရန် မျှော်လင့်**

ပြီးခဲ့တဲ့တနင်္လာနေ့မှာတော့ ထရမ့်က ဒေါ်လာ ၂၀၀ ဘီလီယံ တန်ဖိုးရှိတဲ့ တရုတ်ကုန်ပစ္စည်းတွေကို အမေရိကန်က အခွန်စည်းကြပ်မှု ပြုလုပ်ခဲ့တဲ့နောက်မှာတော့ တရုတ်ကလည်း အမေရိကန်သွင်းကုန်တွေအပေါ် တန်ပြန်အခွန်စည်းကြပ်မှု ပြုလုပ်ဖို့ အကောင်အထည်ဖော်ပါတော့တယ်။ အမေရိကန်သမ္မတကတော့ ဇွန်လအတွင်း ဂျပန်နိုင်ငံမှာ ပြုလုပ်မယ့် ဂျီ - ၂၀ ထိပ်သီးအစည်းအဝေးပွဲမှာ တရုတ်သမ္မတနဲ့ တွေ့ဆုံသွားဖို့ မျှော်လင့်ထားပါတယ်။ ။

**ကိုးကား - ဘီဘီစီ**

> **“အမေရိကန်၊ ကနေဒါ၊ မက္ကဆီကို သုံးနိုင်ငံသဘောတူစာချုပ်ကို အတည်ပြုဖို့အတွက် အခွန်စည်းကြပ်မှုတွေဟာ အတားအဆီးတွေဖြစ်ခဲ့ပြီး ကနေဒါနဲ့ မက္ကဆီကိုဟာလည်း သူတို့အပေါ် အခွန်စည်းကြပ်မှု ပြုလုပ်ထားသရွေ့ ဒီသဘောတူစာချုပ်ကို ရှေ့မဆက်ဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်”**

## နိုင်ငံတကာသတင်းတိုများ

### မြောက်ကိုရီးယားခေါင်းဆောင်ကင်နှင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးလိုဟု အာဘေးပြော

**တိုကျို မေ ၁၉**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ပြန်ပေးဆွဲခံရသည့် အမှုများကိုဖြေရှင်းရန် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် တွေ့ဆုံလိုသည်ဟု ထပ်လောင်းပြောဆိုခဲ့သည်။ မစ္စတာအာဘေးနှင့် အစိုးရအဖွဲ့ အတွင်းရေးမှူး ရိုရှီဒိုက်ဆူဂါတို့သည် တနင်္ဂနွေနေ့က တိုကျိုမြို့၌ ပြန်ပေးဆွဲခံရသူများ၏ မိသားစုဝင်များနှင့် တွေ့ဆုံခဲ့သည်။ အဆိုပါ အစည်းအဝေးသည် တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပသည့် ပွဲလည်းဖြစ်သည်။ မစ္စတာအာဘေးက ယင်းကိစ္စမှာ ဖြေရှင်းရန်လွယ်ကူသည့် ကိစ္စမဟုတ်ကြောင်း ယင်းကိစ္စကို ဖြေရှင်းရန် ဂျပန်နိုင်ငံဘက်မှ လိုလားလျက်ရှိကြောင်း ပြောသည်။

ထို့ကြောင့် မစ္စတာကင်နှင့်တွေ့ဆုံကာ ပွင့်ပွင့်လင်းလင်း ဆွေးနွေးလိုကြောင်း ပြောခဲ့သည်။ ဦးစွာ မစ္စတာအာဘေးသည် ဆာကီယိုကိုတာနှင့် တွေ့ဆုံခဲ့သည်။ ၎င်း၏သမီးဖြစ်သူ မီဂူမီသည် ၁၉၇၇ ခုနှစ်တွင် မြောက်ကိုရီးယားအေဂျင့်၏ ခေါ်ဆောင်သွားမှုကိုခံရသည်ဟု ပြောသည်။ ဆာကီယိုကိုတာနှင့် တွေ့ဆုံစဉ် မစ္စတာအာဘေးက အမေရိကန်သမ္မတ ထရမ့်ကလည်း ယင်းကိစ္စများကို ဖြေရှင်းနိုင်ရေး ဂျပန်နိုင်ငံကို ကူညီလိုကြောင်း ပြောသည်။ **အင်န်အိတ်ချ်ကေ**

### ဗြိတိန်သို့ ဦးတည်ထွက်ခွာလာသည့် ရွှေ့ပြောင်းသွားလာသူ ကိုးဦးကို ပြင်သစ်ကမ်းခြေစောင့်တပ်ဖွဲ့ တားဆီး

**ပါရီ မေ ၁၉**

ရွှေ့ပြောင်းသွားလာသူ ကိုးဦးလိုက်ပါလာသည့် လှေငယ်တစ်စင်းကို ပြင်သစ်ကမ်းခြေစောင့်တပ်ဖွဲ့က မေ ၁၉ ရက်တွင် တားဆီးခဲ့ကြောင်း သိရသည်။ လိုက်ပါလာသူများထဲတွင် ကိုယ်ပူရှိန်အလွန်အမင်းကျဆင်းမှုကို ခံစားနေရသည့် ယောက်ျားလေး တစ်ဦးပါဝင်ကြောင်းနှင့် ဗြိတိန်သို့သွားရောက်ရန် ထွက်ခွာလာခြင်းဖြစ်ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လှေပေါ်လိုက်ပါလာသည့် ရွှေ့ပြောင်းသွားလာသူများတွင် ဆယ်ကျော်သက်များပါဝင်ပြီး ၎င်းတို့မှာ အီရန်နိုင်ငံသားများ ဖြစ်သည်ဟု သိရကြောင်း ဒေသဆိုင်ရာ ပင်လယ်ရေကြောင်းသွားလာမှုအဖွဲ့က ဖော်ပြသည်။ တူးမြောင်းကို ကျော်ဖြတ်သော ဖြတ်လမ်းဖြစ်သည့် ကမ်းလွန်ပင်လယ်ပြင်မှ ၅ ဒသမ ၅ ကီလိုမီတာအကွာခန့်တွင် ကင်းလှည့်ရေယာဉ်တစ်စင်းက ရွှေ့ပြောင်းခရီးသည်များ လိုက်ပါလာသည့်လှေကို ကြားဖြတ်တားဆီးခဲ့ခြင်းဖြစ်သည်။ ရွှေ့ပြောင်းခရီးသည်များကို အနီးအနားမြို့ဖြစ်သည့် ကာလိုက်စ်သို့ ခေါ်ဆောင်သွားခဲ့ပြီး နယ်စပ်အာဏာပိုင်များဆီသို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## လွိုင်ကော်မြို့၌ ကဆုန်လပြည့်ဗုဒ္ဓနေ့ ညောင်ရေသွန်းပွဲတော်အခမ်းအနား ကျင်းပ

**လွိုင်ကော် မေ ၁၉**
ကယားပြည်နယ် လွိုင်ကော်မြို့ ဆုတောင်းပြည့်မြို့နာမ်စေတီတော် ပရိဝုဏ်အတွင်း၌ ကျင်းပသော ကဆုန်လပြည့် ဗုဒ္ဓနေ့ ညောင်ရေသွန်းပွဲတော်အခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တက်ရောက်လာသူများက ဘုရားကန်တော့၍ အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး မဟာဗောဓိဒုမေနာထောဂါထာရွတ်ဆို၍ မြတ်စွာဘုရားရှင်အား ပူဇော် ကန်တော့ကြသည်။

ထို့နောက် အရပ်လေးမျက်နှာရှိ ဗြဟ္မာများ၊ နတ်များ၊ နဂါးများ၊ ဂဠုန်များ ကြွေးကြော်သည့် သံပေါက်ကဗျာများကို ဝတ်အဖွဲ့က သုံးကြိမ်ရွတ်ဆို ပူဇော်ကြကာ ညောင်ရေတော်သွန်းရန် တိုက်တွန်းနှိုးဆော်သည့် ဗောဓိရုက္ခာဒက သိဒ္ဓနဥယျောဇနေ ဂါထာတော်ကို ဖတ်ကြားပူဇော်၍ ဝတ်အသင်းအဖွဲ့များက သံပေါက်ကဗျာများကို ရွတ်ဆိုပူဇော်ခြင်း၊ ပရိသတ်အပေါင်းတို့က ဇယမင်္ဂလာအောင် ဂါထာတော်ကို သုံးကြိမ်ရွတ်ဆိုပူဇော်ခြင်း၊ မေတ္တာပို့ ဆုတောင်း အမျှဝေခြင်းနှင့် ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ညောင်ရေသွန်းလောင်း ပူဇော်ခြင်းကို ပြုလုပ်ခဲ့ကြသည်။

**လွိုင်ကော်သား**



ကယားပြည်နယ်ဝန်ကြီးချုပ် ကဆုန်လပြည့်နေ့ ညောင်ရေသွန်းလောင်း ပူဇော်နေသည်ကို တွေ့ရစဉ်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့ ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ကြစဉ်။

## (၁၂၆ ) ကြိမ် ရွှေဘိုမြို့လုံးဆိုင်ရာ ကဆုန်ညောင်ရေသွန်းပွဲတော်နှင့် တတိယအကြိမ် စုပေါင်းစတုဒိသာကျွေးမွေးလှူဒါန်းပွဲ ကျင်းပ

**ရွှေဘို မေ ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ မော်ဓောမြင်သာ မြို့ထောင့်စေတီ ဆုတောင်းပြည့်မြတ်စွာဘုရားဝင်းအတွင်း နှစ်စဉ်ကျင်းပလျက်ရှိသော (၁၂၆ ) ကြိမ် ရွှေဘိုမြို့လုံးဆိုင်ရာ ကဆုန်ညောင်ရေသွန်းပွဲတော်နှင့် တတိယအကြိမ် စုပေါင်း စတုဒိသာကျွေးမွေးလှူဒါန်းပွဲကို ယမန်နေ့က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်နှင့် ဇနီး ဒေါ်တင့်တင့်တို့က ဗောဓိညောင်ပင်ပလ္လင်ထက်တွင် ခေတ္တပင့်ဆောင်ထားသော ရွှေတန်ဆာမြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီးမီးတို့ကို ကပ်လှူကြပြီး ရှေးမူမပျက် နဂါး၊ ဂဠုန်၊ ဗြဟ္မာ၊ နတ် စသည့် ရာဇာဝင်း ဒေဝါဝင်းများ၊ တူညီဝတ်စုံများ ဝတ်ဆင်ကာ ဗောဓိညောင်ပင်အား ရေသွန်းလောင်းပေးခဲ့ပြီး တက်ရောက်လာကြသော ညှော့ပရိသတ်အပေါင်းတို့က ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ စုပေါင်းကာ ရွှေဘိုမြို့နယ်ရှိ ပင့်သံဃာ ၃၃၂ ပါးတို့အား ဆွမ်းခဲဖွယ်များ လောင်းလှူခဲ့ကြပြီး ရွှေဘိုမြို့သူ မြို့သားများ၊ စေတနာရှင် အလှူရှင်များက ဘုရားဖူးလာရောက်ကြသည့် ပြည်သူများကို မြန်မာ့ရိုးရာ စားသောက်ဖွယ်ရာမျိုးစုံတို့ဖြင့် စတုဒိသာညှော့ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို (ယင်းမာပင်)**

## တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ တွေ့ဆုံဆွေးနွေး

**မန္တလေး မေ ၁၉**
တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ တွေ့ဆုံဆွေးနွေးပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ဆာကူယာဟိုတယ်၌ ယနေ့ နံနက်က ကျင်းပပြုလုပ်သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်နှင့် တိုင်းဒေသကြီး တရားလွှတ်တော်၊ တရားသူကြီးချုပ် ဦးစိုးသိန်းတို့က အမှာစကားပြောကြားသည်။ ထို့နောက် တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့(နေပြည်တော်)မှ အတွင်းရေးမှူး၊ ရှေ့နေချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်က တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာများ ပေါင်းစပ်ညှိနှိုင်းရေးနှင့် ပတ်သက်၍ ငါးနှစ်စီမံကိန်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ ရှင်းလင်းတင်ပြခြင်း၊ တိုင်းဒေသကြီး တရားမျှတရေးကဏ္ဍ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲခေါင်းဆောင်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးတင်အောင်က တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးနှင့် ပတ်သက်၍ တင်ပြဆွေးနွေးသည်။ ယင်းနောက် တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းရာ ဆွေးနွေးသူများက ပြန်လည်ဖြေကြားသည်။

**သန်းဇော်မင်း (ပြန်/ဆက်)**

## မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးအတွက် သထုံ၊ ပေါင်မြို့နယ်များသို့ ကွင်းဆင်း စစ်ဆေး

**သထုံ မေ ၁၉**
မွန်ပြည်နယ် သထုံမြို့နယ် မိုးကောင်းကျေးရွာအုပ်စု ကလိကျွန်းကျေးရွာ၌ ယမန်နေ့က ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် အစိုးရအဖွဲ့ဝင်၊ တာဝန်ရှိသူများသည် ဒေသတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် နွေစပါးစိုက်ပျိုးနိုင်ရေး၊ ရေကြီးရေလျှံမဖြစ်စေရေး၊ ဘီးလင်းမြစ် (သထုံဘက်ခြမ်း) မြစ်ရေတင်လုပ်ငန်း၊ ဆားချောင်းတူးဖော်ရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပေါင်မြို့နယ် ကတိုက်ရေလှောင်တမံမှ အနီးပတ်ဝန်းကျင် ကျေးရွာများအတွက် နွေစပါးစိုက်ပျိုးရေလုံလောက်အောင် ရရှိရန်ဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခွန် (ဝင်းပ)**



မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံ ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းစစ်ဆေး ဆောင်ရွက်စဉ်။

## ဘားအံမြို့၌ တောင်သူလယ်သမားများဈေးကွက်ပြပွဲ ကျင်းပ

**ဘားအံ မေ ၁၉**
ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပြည်နယ်အတွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သော တောင်သူများကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်ရောင်းချသော တောင်သူလယ်သမားများ ဈေးကွက် (Farmers Market) ပြပွဲကို ယနေ့ နံနက်က ဘားအံမြို့ ကန်သာယာ (ယာယီညဈေး) ကွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် တက်ရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ Farmers Market ကို တောင်သူလယ်သမားများ စိုက်ပျိုးပြီး ထွက်ရှိသော ဓာတုကင်းလွတ် ထုတ်ကုန်များကို တစ်နေရာတည်း၌ စုစည်းပြသပြီး ရောင်းချခြင်းတစ်ခုတည်းသာမက စိုက်ပျိုးရေးနှင့် ပတ်သက်သော သတင်းအချက်အလက်များ ဖလှယ်နိုင်ခြင်း၊ ဈေးကွက်၊ နည်းပညာ၊ သွင်းအားစုများကို ချိတ်ဆက်ပေးနိုင်စေခြင်း၊ တောင်သူအချင်းချင်း အမြင်ဖလှယ်နိုင်ခြင်း၊ စိုက်ပျိုးရေး၊ ဈေးကွက်စီးပွားရေးနှင့် ပတ်သက်သော ဌာန၊ အဖွဲ့အစည်းများနှင့် နည်းပညာအချက်အလက်များ ရယူနိုင်ခြင်း စသောအကျိုးကျေးဇူးများ ရရှိနိုင်စေရန် ရည်ရွယ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

တောင်သူလယ်သမားများ ဈေးကွက်ပြပွဲကို မေ ၄ ရက်က ဖွင့်လှစ်ခဲ့ပြီး အပတ်စဉ် စနေနေ့တိုင်း ခင်းကျင်းပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**



ကရင်ပြည်နယ်ဝန်ကြီးချုပ် တောင်သူလယ်သမားများဈေးကွက်ပြပွဲ လှည့်လည်ကြည့်ရှုစဉ်။

# ရှမ်းပြည်နယ်အရှေ့ပိုင်း သံလွင်မြစ်ကူးတံတား (တာဆန်း) အမှတ် (၂) တည်ဆောက်

**ရန်ကုန် မေ ၁၉**

ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းကို ဆက်သွယ်ထားသော နမ့်ဆန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ် ကားလမ်းရှိ သံလွင်မြစ်ပေါ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက တည်ဆောက်ထားပြီး ကြံ့ခိုင်မှုအားနည်းသော အမှတ် (၁) သံလွင်မြစ်ကူးတံတား (တာဆန်း) နှင့် ယှဉ်၍ သံလွင်တံတား (တာဆန်း) အမှတ် (၂) ကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၃) က တာဝန်ယူ၍ တည်ဆောက်လျက်ရှိသည်။

အဆိုပါတံတားမှာ ပင်မတံတားအရှည် ၂၀၀ မီတာ တံတားအမျိုးအစား (က) အုတ်မြစ် -1.5m Ø Rc Borde Pile ၊ (ခ) တံတားအောက်ထည် -RC Abutment ၊ (ဂ) တံတားအပေါ်ထည် Cable Suspension စီမံကိန်းတန်ဖိုးမှာ ခန့်မှန်းငွေကျပ် သန်း ၁၃၀၀၀ ဖြစ်သည်။

သံလွင်တံတား (တာဆန်း) သည် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းကို ပိုင်းခြားထားသော သံလွင်မြစ်ကို ဖြတ်ကျော် တည်ဆောက်ထားသည့် အရေးပါသော တံတားတစ်စင်းဖြစ်သည်။

သံလွင်မြစ်ကူးတံတား(တာဆန်း) တံတားဟောင်းမှာ ၁၉၉၆-၁၉၉၉ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ၁၉၉၉ ခုနှစ်မှ စတင်၍ အသုံးပြုခဲ့ရာ တံတားသက်တမ်းမှာ ၁၉ နှစ်ခန့် ကြာမြင့်ပြီဖြစ်သည်။

သံလွင်မြစ်ကူးတံတား (တာဆန်း) အား မြန်မာနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များနှင့်သာမက တရုတ်ပြည်မှ ကျွမ်းကျင်ပညာရှင်များ၏ အကူအညီဖြင့်ပါ တံတားအခြေအနေကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ရာ တံတားသက်တမ်းကြာမြင့်လာသည်နှင့်အညီ တံတားခံနိုင်ဝန်မှာ လျော့ကျလာကြောင်း သိရသဖြင့် ယခုအချိန် တွင် ၁၆ တန်သာ ခွင့်ပြုထားသည်။

တံတားကြီးပေါ်မှ နေ့စဉ်ယာဉ်ငယ် ၃၅ စီးခန့်နှင့် ယာဉ်ကြီးသုံးစီးခန့်ဖြတ်သန်းသွားလာလျက်ရှိရာ တာဆန်းကြိုးတံတားကို ရေရှည်အသုံးပြုနိုင်ရန်အတွက် ၁၀ ဘီးနှင့်အထက် ယာဉ်ကြီးများမှာ တာဆန်းကြိုးတံတားသို့ ရောက်ပါက ယာဉ်+ကုန် ၁၆ တန်ထက်ကျော်သော ကုန်ပစ္စည်းများကို တစ်ဖက်ကမ်းသို့ ယာဉ်ငယ်များဖြင့် ပြန်လည်သယ်ယူပို့ဆောင်နေရသည့် အခက်အခဲများကြောင့် သံလွင်တံတား (တာဆန်း)ကို အသစ်အစားထိုး တည်ဆောက်နေခြင်း ဖြစ်သည်။ **ခရမ်းစိုးမြင့်**



အသစ်တည်ဆောက်ပြီးပါက တွေ့မြင်ရမည့် သံလွင်တံတား(တာဆန်း) ပုံစံငယ်။

# ရွှေစက်တော်ဘေးမဲ့တော၌ ရွှေသမင်အရေအတွက်စာရင်း လျော့နည်းသွား

**မင်းဘူး မေ ၁၉**

မကွေးတိုင်းဒေသကြီး ရွှေစက်တော် ဘေးမဲ့တောထဲတွင် သဘာဝအတိုင်း ပေါက်ဖွားရှင်သန်နေသော ဒေသမျိုးစိတ်ရှားပါးရွှေသမင်အကောင်ရေ စာရင်းများကို နှစ်စဉ် ဧပြီလရောက်တိုင်း ကောက်ယူခဲ့ရာ ယခုနှစ်တွင် သမင်ကောင်ရေ ၉၅၂ ကောင်သာရှိသည်ဟု တွက်ချက်နိုင်ခဲ့ပြီး မျှော်မှန်းကောင်ရေထက် ကောင်ရေ ၆၀၀ ခန့်လျော့နည်းသွားကြောင်း ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရုံးမှ သိရသည်။

သမင်ကောင်ရေစာရင်းကို မျက်မြင်တစ်ကောင်ချင်းအပေါ် ရေတွက်ကောက်ယူခြင်းမျိုးမဟုတ်ဘဲ စာရင်းကောက်လိုင်းများ သတ်မှတ်၍ King Method နည်းစနည်းဖြင့် ကောက်ယူခဲ့ရာတွင် ရာသီဥတုအပူဒဏ်ပြင်းထန်မှုနှင့် သမင်များအတွက် သောက်သုံးရေ ရှားပါးသွားသည့် အခြေအနေများကြောင့် ယင်းသို့ လျော့နည်းခဲ့ရခြင်းဖြစ်သည်ဟု သုံးသပ်ကြသည်။

"အရင်နှစ်က ရေကန်တွေနားမှာ သမင်တွေကို အုပ်စုလိုက်တွေ့ရတယ်။ ဒီနှစ်မှာ သူတို့ရှိတတ်တဲ့ ရေကန်တွေကလည်း အစောကြီးခန်းသွားတော့ နွေစပါးအတွက် ရေလွှတ်ထားတဲ့ မုန်းဆည်၊ မန်းဆည်၊ မဲဇလီဆည် ရေလွှတ်မြောင်းတွေဘက် ပြန့်သွားတာတွေလည်း ရှိတယ်။ သမင်တွေက မနက်ပိုင်း ၁၀ နာရီလောက်အထိ ကျက်စားကြတယ်။ ဒါပေမယ့် နေကလည်း ပူလွန်းတော့ တောရိပ်တောင်ရိပ်ခိုနေတာတွေလည်း ရှိပါတယ်။ နေပြင်းတော့ ဝန်ထမ်းတွေကလည်း စာရင်းကောက် Transit Line အရှည်ကြီး မလျှောက်နိုင်ကြတာလည်းပါတယ်။ အဲဒီတော့ အကောင်ရေတွေ့ရှိမှုက နည်းသွားပြီး တွက်ချက်မှုဇယားထဲထည့်လိုက်တော့ စာရင်းလျော့သွားတဲ့ သဘောပါ" ဟု ဘေးမဲ့တော ဦးစီးအရာရှိ ဦးသိန်းလွင်က ပြောသည်။

၁၉၈၉ ခုနှစ်တွင် စတင်ကောက်ယူခဲ့သော စာရင်းအရ ရွှေသမင် ၃၉၄ ကောင်ရှိခဲ့ပြီး နှစ်စဉ်ကောင်ရေများ တိုးပွားလာခဲ့ရာ ၂၀၁၈ ခုနှစ်၌ ၁၅၀၄ ကောင်အထိ မှတ်တမ်းတင်နိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် ရာသီဥတုနှင့် သောက်သုံးရေအခက်အခဲများကြောင့် သမင်များ၏ နေထိုင်မှုပုံစံအပြောင်းအလဲများရှိခဲ့ပြီး တွက်ချက်မှု၌ သက်ရောက်မှုများဖြစ်ပေါ်ကြောင်း ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရုံးမှ သိရသည်။

ရွှေစက်တော် ဘေးမဲ့တောထဲ၌ မိုးရေစု ရေကန် ကိုးကန်ရှိပြီး ရေကားဝင်ထွက်၍ရသည့် ရေပြာကန်၊ မုဆိုးကန်နှင့် ကျောက်ဖြူကန်တို့တွင် တပ်မတော်(ဝါစိုက်ခင်း) ရေကားများ အကူအညီဖြင့် သမင်များအတွက် သောက်သုံးရေဖြည့်ပေးနေကြောင်း၊ စေတနာရှင်များထံမှ အလှူငွေကျပ် ၁၉ သိန်းခန့်ရထားပြီး နေ့စဉ် ရေကားသုံးစီးမှ ငါးစီးအထိ ရေဖြည့်ပေးနေကာ ယနေ့အထိ အကြိမ်ရေ ၄၀ ကျော် ရေဖြည့်တင်းပေးထားကြောင်း သိရသည်။ **ဇေယျာတု (မကွေး)**

## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည် -

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှု မရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သော နေရာများစီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်း မရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသော ခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများ ထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၉-၅-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၉၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၁၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၉၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၅၅/၁၀၀၀ ကျပ် | ၁၀၁၀/၁၀၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၆၅/၁၀၁၀ ကျပ် | ၁၀၂၅/၁၀၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၅၀/၉၁၀ ကျပ် | ၉၄၅/၉၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၉၂၀/၉၇၀ ကျပ် | ၁၀၁၀/၁၀၃၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၆ ・ ၇ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၁၆ ・ ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၇ ・ ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၆၃ ・ ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၀၂ ・ ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၅၆ ・ ၆ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၂ ・ ၂၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၉၀၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၈ ・ ၆၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၇ ・ ၉၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၄၁၅ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကျွန်တော်နဲ့ စာရေးခြင်း



**ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်**

**ကျွန်တော်ဟာ စာရေးရတာကို ဝါသနာပါလှတယ်။ အခွင့်အရေးရတိုင်းလည်း ရေးဖြစ်တယ်။ ပုံမှန်တော့ တစ်ပတ်တစ်ကြိမ် မြန်မာ့အလင်းသတင်းစာမှာ ဆောင်းပါးရေးဖြစ်တယ်။ အခုဆိုငါးနှစ်ကျော်လောက်ရှိပြီ။ အခုလိုရေးဖြစ်လို့လည်း ကျွန်တော့်ရဲ့အမြင်၊ ကျွန်တော့်ရဲ့အယူအဆ၊ အတွေးအခေါ်တွေ စာဖတ်ပရိသတ်တွေကို မျှဝေခွင့်ရခဲ့တယ်။**

တစ်ခါတလေ မထင်မှတ်ဘဲ စာဖတ်ပရိသတ်က ကျွန်တော့်ကို လာနှုတ်ဆက်ရင် အလွန်ကျေနပ်မိတာ။ အထူးသဖြင့် လူငယ်တွေက လာပြောရင် ပိုပြီးဝမ်းသာမိတယ်။ လူငယ်တွေ စာဖတ်တာကို သိရလို့ပျော်ရပါတယ်။ တချို့က ကျွန်တော့်ကို မေးကြတယ်။ ဘယ်အချိန် စာရေးသလဲ၊ စာရေးချင်စိတ်ပေါ်အောင် ဘယ်လိုကြိုးစားသလဲ။ ဒီမေးခွန်းတွေကို ကြားရရင် ကျွန်တော့်မှာ အခက်အခဲတွေ့ရတယ်။ ကျွန်တော့်မှာ စာရေးဖို့အချိန် သတ်မှတ်တာမရှိဘူး။ စိတ်ထဲပေါ်တာနဲ့ ရေးတာပါပဲ။ သတ်မှတ်တဲ့အချိန်မရှိသလို သတ်မှတ်တဲ့နေရာလည်း မရှိပါဘူး။ ရုပ်မြင်သံကြားကြည့်ရင်းလည်း ရေးဖြစ်တာပဲ။ အိမ်မှာ မိသားစုနဲ့ နားနေချိန်မှာလည်း စာရေးဖြစ်တယ်။ စိတ်ထဲမှာ ပေါ်လာတဲ့အကြောင်းအရာကို အာရုံပြုပြီး ရေးလိုက်တာ။

စိတ်မပါတဲ့အခါတော့ မရေးဖြစ်ဘူး။ သင်္ကြန်အပြီးကာလမှာ အလုပ်တွေက ရှုပ်နေတာမို့လည်း မရေးဖြစ်ပြန်ဘူး။ သင်္ကြန်မတိုင်ခင်ကတော့ ကိုရီးယားနိုင်ငံရောက်နေတာမို့ မရေးဖြစ်ခဲ့ဘူး။

### ကိုရီးယားသို့ ပထမခရီးစဉ်

ကိုရီးယားခရီးစဉ်အကြောင်း ပြည့်ပြည့်စုံစုံရေးဖို့ စဉ်းစားထားပေမယ့် အခုပဲတင်ပြပါ့မယ်။ ကျွန်တော် တောင်ကိုရီးယားကို အရင်တုန်းက နှစ်ကြိမ်ရောက်ခဲ့တယ်။ ပထမအကြိမ်က ကျန်းမာရေးဝန်ကြီးဌာနမှာ ညွှန်ကြားရေးမှူးချုပ်အနေနဲ့ ရောက်ခဲ့တာ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစီအစဉ်နဲ့ လေ့လာရေးသွားခဲ့တယ်။ စီစဉ်ပေးသူက ဆရာကြီးဒေါက်တာဦးကိုကို။ အခုတော့ ဆရာကြီးကဆုံးသွားပြီ။ ကျွန်တော့်ကို တောင်ကိုရီးယားနဲ့ အင်ဒိုနီးရှားနိုင်ငံ နှစ်နိုင်ငံကို စေလွှတ်ခဲ့တယ်။ သွားတဲ့ကိစ္စက ကျန်းမာရေးအာမခံ။ ဒီကိစ္စကို ကျွန်တော်က သိပ်စိတ်ဝင်စားတယ်။ မြန်မာနိုင်ငံရဲ့ ကျန်းမာရေးကဏ္ဍမှာ အလွန်အရေးပါတဲ့အရာက ကျန်းမာရေးအာမခံပဲဖြစ်တယ်။

ညွှန်ချုပ်တာဝန်ယူစဉ်က "စရိတ်မျှပေး၊ ကျန်းမာရေး" အစီအစဉ်ကို အကောင်အထည်ဖော်ခဲ့တယ်။ ဒီအစီအစဉ်ကလည်း အာဖရိကနိုင်ငံတွေမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အကောင်အထည်ဖော်တဲ့ပုံစံ။ ဒါပေမယ့် ဒီအစီအစဉ်က မလုံလောက်ကြောင်း သတိပြုမိတယ်။ အမှန်တော့ လိုတာက ကျန်းမာရေး အာမခံအစီအစဉ်။ ထိုင်းနိုင်ငံ ကျေးလက်ဒေသမှာ အကောင်အထည်ဖော်နေတဲ့ တစ်ကြိမ် ဘတ် ၃၀ စီမံချက်။ အဓိပ္ပာယ်က လူနာတစ်ဦး ဆေးရုံဆေးခန်းသွားရင် ကုန်ကျငွေ ဘတ် ၃၀ ပဲကုန်ကျခံရမှာ။ တစ်ခေါ်လာပဲကုန်တဲ့သဘော။ မြန်မာငွေနဲ့ ဆို ကျပ် ၁၅၀၀ လောက်။ တောင်ကိုရီးယားနိုင်ငံမှာ အကောင်အထည်ဖော်တဲ့ ကျန်းမာရေးအာမခံ အစီအစဉ်ကတော့ အလွန်ကျယ်ပြန့်လှပါတယ်။ ချမ်းသာတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လို့သာ လုပ်ဆောင်နိုင်ခြင်း ဖြစ်ပါတယ်။

### ကိုရီးယားမှာ KDI၊ မြန်မာမှာ MDI

ဒုတိယအကြိမ်ကတော့ သမ္မတဦးသိန်းစိန်လက်ထက်။ ဒီတုန်းက ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနဲ့အတူ သွားရောက်ခဲ့ခြင်းဖြစ်တယ်။ အဓိကအကြောင်းကတော့ ကိုရီးယားနိုင်ငံရဲ့နာမည်ကြီးလှတဲ့ Korea Development Institute (KDI) ပုံစံကို မြန်မာပြည်မှာ အကောင်အထည်ဖော်ဖို့၊ KDI ရဲ့အောင်မြင်မှုကို တစ်ကမ္ဘာလုံးက အသိအမှတ်ပြုခဲ့တယ်။ သမ္မတကြီးပတ်ချွန်ဟီး လက်ထက်။ ဒီတုန်းက ကိုရီးယားစစ်ပွဲပြီးချိန်၊ နိုင်ငံတိုးတက်မှုအတွက် ဘယ်လိုဆောင်ရွက်ဖို့ စဉ်းစားတဲ့အချိန် သမ္မတကြီးက နိုင်ငံခြားရောက်နေတဲ့ကိုရီးယားပညာရှင်တွေကို ဖိတ်ခေါ်ခဲ့တယ်။ ဒီဖိတ်ခေါ်မှုတွေကြောင့် အမေရိကန်နိုင်ငံမှာ ရောက်နေတဲ့ ကိုရီးယားပညာရှင် ၁၂ ဦး ပြန်ရောက်လာပြီး KDI ကို တည်ထောင်ခဲ့တယ်။ ဒီပညာရှင်တွေဟာ စီးပွားရေးပညာရှင်တွေ ဖြစ်ကြပြီး ကိုရီးယားနိုင်ငံဖွံ့ဖြိုး မှုစီမံချက်တွေကို အကောင်အထည်ဖော်နိုင်ခဲ့တယ်။ KDI ရဲ့ထူးခြားချက်က စတင်အကောင်အထည်ဖော်ချိန်ကစပြီး ယနေ့အချိန်အထိ သမ္မတအဆက်ဆက် အပြောင်းအလဲတွေဖြစ်ပေမယ့် KDI ကတော့ ဆက်လက်တည်မြဲနေတာ တွေ့ရတယ်။ မြန်မာနိုင်ငံမှာ KDI ပုံစံကိုယူပြီး Myanmar Development Institute (MDI) ကို စတင်ခဲ့တယ်။ ကိုရီးယားနိုင်ငံရဲ့ အကူအညီနဲ့ ဖွဲ့စည်းနိုင်ခဲ့တယ်။

KDI ရဲ့ထူးခြားချက်က ဒီအဖွဲ့ကို သမ္မတကြီးရဲ့တိုက်ရိုက်စီမံမှုအောက်မှာထားခဲ့တယ်။ ဝန်ကြီးဌာနတစ်ခုမှာထားရင် လေးနက်မှုမရှိမှာ စိုးရိမ်တဲ့အတွက် MDI ကိုလည်း ရေရှည်ရပ်တည်နိုင်အောင် စီစဉ်သင့်တယ်။ အစိုးရအပြောင်းအလဲဖြစ်ပေမယ့် MDI က ဆက်ပြီး လှုပ်ရှားနိုင်အောင် စဉ်းစားရတယ်။ KDI ရဲ့ပညာရှင်တွေကို လုပ်ခလစာတွေ အများကြီးပေးပြီး တာဝန်ပေးခဲ့တယ်။ ကျွန်တော်တို့နိုင်ငံမှာ အခုလိုစဉ်းစားဖို့ ခက်ခဲမယ်ထင်တယ်။ အစိုးရဝန်ထမ်းနှုန်းထားနဲ့ အလုပ်လုပ်မယ့်သူတွေ ရှာဖွေဖို့ခက်မှာ။ နိုင်ငံအတွက် အနစ်နာခံပြီးလုပ်စေချင်တဲ့ဆန္ဒရှိပေမယ့် လက်တွေ့ကျဖို့ လိုလိမ့်မယ်ထင်တယ်။

KDI ကို လေ့လာရင်း ထူးခြားချက်နောက်တစ်ခုတွေ့ရပြန်တယ်။ ဒီအဖွဲ့အစည်းနဲ့တွဲဖက်ပြီး KDI School ကျောင်းကို တည်ထောင်ထားတယ်။ ကျောင်းလို့ခေါ်ပေမယ့် အမှန်တော့ ဘွဲ့လွန်သင်တန်းပေးတဲ့တက္ကသိုလ်။ ကျွန်တော်က ကျောင်းဆရာမို့ ဒီကျောင်းကို ပိုပြီးစိတ်ဝင်စားတယ်။ မြန်မာပြည်မှာလည်း MDI School တည်ထောင်ဖို့ စီစဉ်ခဲ့တယ်။ အခုတော့ အခြေအနေတွေက ပြောင်းလဲသွားပြီမို့ ပရိသတ်တစ်ယောက်အနေနဲ့သာ သုံးသပ်နိုင်တာ။

### တတိယအကြိမ်ရောက်ရှိခြင်း

တတိယအကြိမ် ရောက်လာခဲ့တာက Korea Foundation အစီအစဉ်နဲ့။ နိုင်ငံအသီးသီးက ပညာရှင်တွေ၊ အစိုးရအရာရှိကြီးတွေကို ကိုရီးယားနိုင်ငံကို ခြောက်ရက်တာ ဖိတ်ကြားပြီး သူတို့နိုင်ငံရဲ့လုံခြုံရေး၊ နိုင်ငံရေးအခြေအနေတွေကို ရှင်းပြ၊ တင်ပြတဲ့အစီအစဉ်။ တစ်ဖက်ကလည်း ဖိတ်ကြားခြင်းခံရသူတွေက ကိုယ့်အစီအစဉ်နဲ့ ကိုယ်တွေ့ချင်တဲ့သူ၊ သွားချင်တဲ့ရုံး၊ ကျောင်းတွေ သွားခွင့်ပေးတယ်။ ဒီတစ်ခေါက်မှာ ကျွန်တော်နဲ့အတူ နိုင်ငံပေါင်း ၁၇ နိုင်ငံက ဖိတ်ကြားခြင်းခံရသူ ၁၈ ဦးက အရှေ့တောင်အာရှနိုင်ငံတွေအနက် မြန်မာပြည်နဲ့ မလေးရှားက တစ်ဦးစီ။ တောင်အမေရိကနိုင်ငံ၊ ဆူဒန်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စု နိုင်ငံတွေက စုံလှတယ်။ ဒုတိယဝန်ကြီးတွေ၊ ညွှန်ချုပ်တွေ၊ ပါမောက္ခတွေ ပါဝင်တယ်။ တောင်ကိုရီးယားမြို့တော် ဆိုးလ်မြို့ကို တိုက်ရိုက်လေယာဉ်ခရီးရှိတာမို့ ခရီးကလွယ်တယ်။ သန်းခေါင်ချိန် ရန်ကုန်ကထွက်ပြီး နောက်တစ်နေ့မနက်ကျတော့ ဆိုးလ်မြို့ကိုရောက်တယ်။ လေယာဉ်ကွင်းမှာ လာကြိုတဲ့သူနဲ့တည်းခိုမယ့် ဟိုတယ်ကို ခရီးထွက်ခဲ့တယ်။ ဟိုတယ်က ကြယ်ငါးပွင့်မို့ ခမ်းနားတယ်။ ဈေးကြီးမှာပါပဲ။ ပထမနေ့မှာ နားခွင့်ရတယ်။ ဒုတိယနေ့မှာတော့ Korea Foundation ရုံးချုပ်ကိုသွားကြပြီး ဥက္ကဋ္ဌ လုပ်သူက လုံခြုံရေး၊ နိုင်ငံရေးအခြေအနေကို ရှင်းပြတယ်။ သိတဲ့အတိုင်း အခုချိန်မှာ တောင်နဲ့မြောက်ကိုရီးယားရဲ့ဆက်ဆံမှုအခြေအနေတွေဟာ အလွန်သိမ်မွေ့ပြီး ရှုပ်ထွေးနေတဲ့အချိန်၊ အမေရိကန်သမ္မတနဲ့ မြောက်ကိုရီးယားခေါင်းဆောင်ရဲ့ နောက်ဆုံးဆွေးနွေးမှုတွေ ပျက်ခဲ့တာမို့ အခြေအနေတွေက စိုးရိမ်စရာ။

ကိုရီးယားနိုင်ငံဟာ ဒုတိယကမ္ဘာစစ်ပြီးချိန်ကစပြီး နှစ်ခြမ်းကွဲခဲ့တယ်။ ရုရှားနိုင်ငံနဲ့ တရုတ်နိုင်ငံရဲ့ အကူအညီနဲ့ မြောက်ကိုရီးယားနိုင်ငံဖြစ်လာပြီး အမေရိကန်နိုင်ငံရဲ့ အကူအညီနဲ့ တောင်ကိုရီးယားနိုင်ငံ ရပ်တည်ခဲ့တယ်။ တောင်ကိုရီးယားဟာ အခုချိန်မှာ အလွန်တိုးတက်တဲ့၊ အောင်မြင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်နေပြီ။ ဝင်ငွေအဆင့်အတန်းဟာ အလွန်မြင့်မားတယ်။ အနောက်နိုင်ငံတွေရဲ့ အခြေခံအဆောက်အအုံပုံစံ။ ဒါပေမယ့် မြောက်ကိုရီးယားနဲ့ ဆက်ဆံမှုပြဿနာက ယခုချိန်အထိ ခပ်တင်းတင်း။

နေ့လယ်စာကို ကိုရီးယားစားသောက်ဆိုင်တစ်ဆိုင်မှာ ကျွေးမွေးဧည့်ခံတယ်။ ညဘက်မှာ မြန်မာနိုင်ငံရဲ့သံအမတ်ကြီးနဲ့ Yonsei တက္ကသိုလ်က ပါမောက္ခတွေ တည်ခင်းတဲ့ညစာစားကြတယ်။ ကျွန်တော်ကကိုယ်ပိုင် အစီအစဉ်နဲ့ Kyuns Yee တက္ကသိုလ်မှာ ဟောပြောပွဲတစ်ရပ်လုပ်ဖြစ်တယ်။ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေအကြောင်း။ မြန်မာနိုင်ငံရဲ့ သံအမတ်ကြီးနဲ့ စီးပွားရေးတာဝန်ခံလည်း တက်ရောက်ကြတယ်။ ပရိသတ်တွေက ၁၅၀ ကျော်။ စိတ်ဝင်တစားနဲ့ မေးခွန်းတွေ မေးကြတယ်။

### စစ်မဲ့ဒေသမှာ လည်ပတ်ခွင့်ရခဲ့

တက္ကသိုလ်ကြီး အလွန်ခမ်းနားလှတာ။ ဘွဲ့နှင်းသဘင်ခန်းမက လူ ၅၀၀၀ ကျော်ဆံ့တာ။ ကျွန်တော့်ကို KDI ကို ပို့ပေးတယ်။ အရင်တစ်ခေါက်က သိခဲ့သူတွေနဲ့ ပြန်တွေ့ရတယ်။ ကျေနပ်တာက KDI School မှာ ပါရဂူဘွဲ့ယူဖို့ ကျောင်းတက်နေတဲ့ မြန်မာကျောင်းသူ သုံးဦး၊ ကျောင်းသား နှစ်ဦးတို့နဲ့ တွေ့ခွင့်ရတာ။ သူတို့တစ်တွေက ဘွဲ့ရပြီးတဲ့အချိန် မြန်မာပြည်ပြန်ပြီး MDI မှာ တာဝန်ယူကြမှာ။ သူတို့ရဲ့တင်ပြချက်တွေကို နားထောင်ပြီး ကျွန်တော်အားပေးခဲ့တယ်။ ခရီးစဉ်မှာ အထူးခြားဆုံးက မြောက်ကိုရီးယားနဲ့ တောင်ကိုရီးယားနယ်စပ် စစ်မဲ့ဒေသကို လေ့လာခွင့်ရတာဖြစ်တယ်။ ဒီနယ်စပ်ဒေသက နာမည်ကြီး ရုပ်မြင်သံကြားအစီအစဉ်တွေမှာ အမြဲမြင်တွေ့နေရတယ်။ နယ်စပ်ဒေသဖြစ်တာမို့ လုံခြုံရေးဟာအပြည့်။ သံဆူးကြိုးတွေ ကာထားသလို မိုင်းဗုံးတွေလည်း ထောင်ထားတာမြင်ရတယ်။

ဒါပေမယ့် ဒီနေရာကို ကမ္ဘာလှည့်ခရီးသည်တွေအတွက် စီစဉ်ဆောင်ရွက်ထားတာကို အံ့သြစရာတွေ့ရတယ်။ ထုံးစံအတိုင်း ဈေးဆိုင်တွေ၊ စားသောက်ဆိုင်တွေ၊ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်တွေအပြည့်။ မြောက်ကိုရီးယားက တူးထားတဲ့ ဥမင်လိုဏ်ခေါင်းထဲလည်း သွားခဲ့တယ်။ အတော်လေးပင်ပန်းတာ။ ရောက်ဖူးအောင်သာသွားခဲ့တာ။

ဒီတစ်ခေါက် သွားခဲ့တာ အရင်အခေါက်တွေနဲ့ မတူတဲ့ အတွေ့အကြုံတွေ ရခဲ့ပါတယ်။ မိတ်ဆွေအသစ်တွေလည်း ရခဲ့တယ်။ ကိုရီးယားနိုင်ငံရဲ့ တိုးတက်ဖွံ့ဖြိုးမှုပုံစံကိုလည်း သုံးသပ်ခွင့်ရခဲ့ပါတယ်။ ။

> **"ခရီးစဉ်မှာ အထူးခြားဆုံးက မြောက်ကိုရီးယားနဲ့ တောင်ကိုရီးယားနယ်စပ် စစ်မဲ့ဒေသကို လေ့လာခွင့်ရတာဖြစ်တယ်။ ဒီနယ်စပ်ဒေသက နာမည်ကြီး ရုပ်မြင်သံကြားအစီအစဉ်တွေမှာ အမြဲမြင်တွေ့နေရတယ်။ နယ်စပ်ဒေသဖြစ်တာမို့ လုံခြုံရေးဟာအပြည့်။ သံဆူးကြိုးတွေ ကာထားသလို မိုင်းဗုံးတွေလည်း ထောင်ထားတာမြင်ရတယ်။ ဒါပေမယ့် ဒီနေရာကို ကမ္ဘာလှည့်ခရီးသည်တွေအတွက် စီစဉ်ဆောင်ရွက်ထားတာကို အံ့သြစရာတွေ့ရတယ်။ ထုံးစံအတိုင်း ဈေးဆိုင်တွေ၊ စားသောက်ဆိုင်တွေ၊ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်တွေအပြည့်"**

# ပွင့်ဖြူမြို့နယ် ရေပုတ်ကြီးကျေးရွာတွင် အာရ်စီနှစ်ထပ် စံပြကျောင်းဆောင်သစ် ဆောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

**ပွင့်ဖြူ မေ ၁၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရေပုတ်ကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးအတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တင်ဒါအောင်မြင်သည့် အောင်ပဒေသာ ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်နေသည့် အာရ်စီနှစ်ထပ် စံပြကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ယမန်နေ့က မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေနှင့် မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့မှ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၆၅၂ ဒသမ ၃၀၁၃၅ သန်းဖြင့် အလျား ၁၆၈ ပေ၊ အနံ ၁၈၄ ပေရှိ အာရ်စီနှစ်ထပ် စံပြကျောင်းဆောင်သစ်အား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်နေမှုရှိ / မရှိတို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီမှ တာဝန်ရှိသူများက ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ စံပြကျောင်းဆောင်သစ် တည်ဆောက်ခြင်းလုပ်ငန်းကို တင်ဒါရရှိသည့် အောင်ပဒေသာ ဆောက်လုပ်ရေးကုမ္ပဏီက ၂၀၁၉ ခုနှစ် မတ် ၂၄ ရက်က စတင်ဆောက်လုပ်ခဲ့ပြီး ယခုလက်ရှိတွင် ကျောင်းဆောင်သစ်မှာ ၁၅ ရာခိုင်နှုန်းခန့် တည်ဆောက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



စံပြကျောင်းဆောင်သစ် ဆောက်လုပ်ရာ သတ်မှတ်စံနှုန်းများနှင့် ကိုက်ညီမှု ရှိ မရှိ တာဝန်ရှိသူများ စစ်ဆေးကြစဉ်။

# သဘာဝပင်လယ်ပြင်အတွင်းသို့ ရေချိုပုစွန်သားပေါက် မျိုးစိုက်ထည့်ခြင်း အခမ်းအနား လောင်းလုံးမြို့နယ်၌ကျင်းပ

**လောင်းလုံး မေ ၁၉**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ကျောက်ဝပ်ပြင်ကျေးရွာ ဒီရေတော၌ မေ ၁၇ ရက်က သဘာဝပင်လယ်ပြင်အတွင်းသို့ ရေချိုပုစွန်သားပေါက်မျိုးစိုက်ထည့်ခြင်း အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်း၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ခေတ္တဦးစီးမှူး ဦးမြင့်ရွှေ၊ ထားဝယ်ခရိုင် ငါးလုပ်ငန်း ဦးစီးမှူး ဦးတင်အောင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရိန်ထွန်း၊ မြို့နယ်ငါးလုပ်ငန်း ခေတ္တဦးစီးမှူး ဦးသိန်းဝင်းတို့က ပင်လယ်ပြင်အတွင်းသို့ ရေချိုပုစွန်သားပေါက် ၁၀ သိန်းနှင့် ၄ လက်မ ရေချိုပုစွန် အထီး၊ အမကောင်ရေ ၄၀ တို့ကို လွှတ်ခဲ့ကြောင်း သိရသည်။

**မိုးဝါ (ပြန်/ဆက်)**



ပင်လယ်ပြင်အတွင်းသို့ ရေချိုပုစွန်သားပေါက်မျိုး စိုက်ထည့်ရန် ပြင်ဆင်ထားမှုကို တွေ့ရစဉ်။

# မြန်မာ့သရက်သီးနှင့် သရက်သီးတန်းဖိုးမြှင့်ထုတ်ကုန်များ ဈေးရောင်းပွဲတော် ရောင်းချသူ ဝယ်ယူသူများဖြင့်အထူးစည်ကား

**မန္တလေး မေ ၁၉**

မြန်မာနိုင်ငံ သရက်ဈေးကွက်နှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ကြီးမှူးကျင်းပသော ဒုတိယအကြိမ် မြန်မာ့သရက်သီးနှင့် သရက်သီးတန်းဖိုးမြှင့်ထုတ်ကုန်များ ဈေးရောင်းပွဲတော်ကို မန္တလေးမြို့ ကုသိုလ်တော်ဘုရားဝင်းအနောက်ဘက်တွင် မေ ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပရာ ကဆုန်လပြည့်နေ့တွင် သရက်သီးရောင်းချသူများ၊ ဝယ်ယူသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

"သရက်သီးပွဲတော်မှာ သရက်သီးတစ်လုံးကို ကျပ် ၅၀ တန်တစ်ရွက်နဲ့ ဝယ်လို့ရတယ်ဆိုလို့ ငါးဆယ်တန်အရွက် ၃၀ ကျော်လောက်ပါတာ။ အားလုံးဝယ်ပစ်ခဲ့တယ်။ တချို့ သရက်သီးတွေကတော့ ဆယ်လုံးကို ငွေကျပ် ၁၂၀၀၊ ၁၅၀၀၊ ငါးထောင်အထိ ပေးရပါတယ်။ အမျိုးအစားနဲ့ အကြီးအသေးပေါ် မူတည်ပြီး ဈေးကွာတာပေါ့"ဟု အဆိုပါ သရက်သီးဈေးရောင်းပွဲတော်သို့ လာရောက်ဝယ်ယူသူတစ်ဦးက ပြောသည်။

"သရက်သီး ဈေးရောင်းပွဲတော်မှာ သရက်သီးတစ်လုံးကို ကျပ် ၅၀ တန်တစ်ရွက်နဲ့ရောင်းချတာတွေလည်း ရှိပါတယ်။ ဒီနေ့ ကဆုန်လပြည့်နေ့လည်းဖြစ်တော့ သရက်သီးဈေးရောင်းပွဲမှာ ဝယ်ယူသူရော၊ရောင်းချသူပါ အလွန်ပဲ စည်ကားလျက်ရှိပါတယ်"ဟု မြန်မာနိုင်ငံ သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာ့သရက်သီးနှင့် သရက်သီးတန်းဖိုးမြှင့်ထုတ်ကုန်များ ဈေးရောင်းပွဲတော်တွင် စိန်တလုံး၊ ပတ္တမြား ငမောက်၊ ဟသ်ာ၊ သုံးလုံးတစ်ထောင်၊ ရင်ကွဲ၊ မချစ်စု၊ သံကောက်၊ ဘဲလေး၊ ပန်းဆွဲ အစရှိသည့် သရက်သီးများ ရောင်းချလျက်ရှိပြီး သရက်သီးအရောင်းဆိုင်ခန်းပေါင်း ၅၀ ခန့်နှင့် သရက်ပြခန်းများလည်း ပါဝင်ကာ သရက်သီး စတုဒိသာကျွေးမွေးမှုများလည်း ပါဝင်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



မန္တလေးမြို့ကုသိုလ်တော်ဘုရားဝင်းအနောက်ဘက်၌ ကျင်းပလျက်ရှိသော သရက်သီးဈေးရောင်းပွဲတော်ကို တွေ့ရစဉ်။

# မော်ကျွန်း၌ စီးပွားဖြစ် ဒန့်သလွန်ပင် စိုက်ပျိုးရေးနည်းပညာပေး ဆွေးနွေး

**မော်လမြိုင်ကျွန်း မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ တောင်သူများစိတ်ဝင်စားပြီး စီးပွားရေးတွက်ခြေကိုက်သော အိန္ဒိယခြောက်လဒန့်သလွန်ပင်ကို မြို့နယ်အတွင်းရှိ ကျေးရွာများတွင် စီးပွားဖြစ် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးရေးနည်းပညာပေး ဆွေးနွေးပွဲကို ယမန်နေ့က မော်လမြိုင်ကျွန်းမြို့နယ် မဲဇလီဦးတိုကျေးရွာအုပ်စု အရှေ့စုကျေးရွာ တောင်သူဦးအောင်ကျော်၏ ဥယျာဉ်ခြံဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါ အိန္ဒိယခြောက်လ ဒန့်သလွန်ပင်အကြောင်း သိကောင်းစရာများ၊ ဒန့်သလွန်ပင် မျိုးစေ့ချပျိုး ထောင် စိုက်ပျိုးနည်းများကို နည်းပညာပေးဆွေးနွေးကြပြီး တောင်သူဦးအောင်ကျော်၏ ဥယျာဉ်ခြံမြေအတွင်း အိန္ဒိယခြောက်လဒန့်သလွန်ပင် မျိုးစေ့ချ ပျိုးထောင်စိုက်ပျိုးနည်းများအား လေ့လာရေးတောင်သူများအား လက်တွေ့သရုပ်ပြသကြသည်။

ထို့အပြင် မော်လမြိုင်ကျွန်းမြို့နယ် ဂုံညှင်းတန်းကျေးရွာ တောင်သူဦးမင်းမင်း၏ ဥယျာဉ်ခြံမြေအတွင်း၌လည်း အိန္ဒိယခြောက်လ ဒန့်သလွန်ပင် စိုက်ပျိုးနည်း နည်းပညာပေးဆွေးနွေးပွဲနှင့် အိန္ဒိယခြောက်လ ဒန့်သလွန်ပင် မျိုးစေ့ချပျိုးထောင်နည်းများကို လက်တွေ့သရုပ်ပြသကြသည်။

ယင်းစိုက်ပျိုးရေးကို မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ တောင်သူများက စိတ်ဝင်စားလျက်ရှိပြီး စိုက်ပျိုးကြရန် အားသန်လျက်ရှိကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**



ခြောက်လဒန့်သလွန်ပင် စိုက်ပျိုးနည်း လက်တွေ့သရုပ်ပြရှင်းလင်းပြသစဉ်။

# နေပြည်တော် နွေစပါးစိုက်တောင်သူများ စပါးအခြင်အတွယ်မမှန်မှုကြောင့် အခက်အခဲကြုံ

**နေပြည်တော် မေ ၁၉**

နေပြည်တော်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးသည့် တောင်သူများမှာ စပါးပေါ်ချိန် စပါးဈေးနှုန်း ငါးသိန်းအောက် ရရှိကြရသည့်အပြင် စပါးဝယ်ယူသည့်ပွဲစားများက ၁၆ ပြည်ဆံ့ တင်းတောင်းဖြင့် မခြင်တွယ်ဘဲ ၁၈ပြည် သို့မဟုတ် ၁၉ ပြည်ဆံ့ တင်းတောင်းများဖြင့် ဝယ်ယူခြင်တွယ်နေသောကြောင့် စပါးရောင်းချသူ တောင်သူများ စိတ်မသက်သာဖွယ် ကြုံတွေ့နေရကြောင်း ဒက္ခိဏသီရိမြို့နယ် ထန်းတစ်ပင် ကျေးရွာနေသူ တောင်သူဦးမြရွှေက ယမန်နေ့က ပြောကြားသည်။

"ကျွန်တော်စိုက်တာ ထိုင်းနှံကောက်မျိုးဖြစ်ပါတယ်။ တစ်ဧက တင်း ၁၀၀-၁၂၀ ဝန်းကျင်တော့ တောင်သူတော်တော်များများထွက်ပါတယ်။ စပါးဈေးနှုန်းက အခုမနက်ကျွန်တော်ရောင်းလိုက်တာ ငွေကျပ် ၄၉၀၀၀၀ ပဲရတယ် ။ ယခင်နှစ်ကဈေးနှုန်း ခြောက်သိန်းဝန်းကျင်ရခဲ့တယ်။ ကျွန်တော်တို့တောင်သူတွေက မျိုးဖိုးရယ်၊ ရိတ်သိမ်းခြွေလှေ့စက် ငှားခရယ်၊ သွင်းအားစုတွေပါပေါင်းလိုက်ရင် အရင်း သုံးသိန်းလောက် ရင်းနှီးရတယ်။ ဒါ့အပြင် စပါးဝယ်တဲ့ပွဲစားများက ၁၈ ပြည် သို့မဟုတ် ၁၉ ပြည်ကိုက် တင်းတောင်းနဲ့ ဝယ်ယူနေပြန်တော့ ပိုပြီးကျပ်တည်းပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

"အခြင်အတွယ်မမှန်ရင် မရောင်းပါနဲ့လားလို့ တချို့က ပြောကြတယ်။ ဒါပေမယ့် ကျွန်တော်တို့ တောင်သူအများစုက လက်ဝယ်လှောင်မထားနိုင်တော့ ရောင်းရတယ်။ အားလုံးက စားဝတ်နေရေးအတွက် ငွေလိုအပ်နေတဲ့ တောင်သူတွေချည်းပါပဲ"ဟု ဒေသခံတစ်ဦးကလည်း ပြောသည်။

နေပြည်တော်အတွင်းရှိ နွေစပါးရိတ်သိမ်းပြီးတောင်သူများမှာ မေ ၁၇ ရက် က စပါးဈေးနှုန်း ငါးသိန်းတစ်သောင်းဖြင့် ရောင်းချခဲ့ကြရပြီး မေ ၁၈ ရက်တွင် ငွေကျပ် ၄၉၀၀၀၀ ဖြင့် ရောင်းချနေကြရကြောင်း သိရသည်။

**ကိုပေါက် (ဥက္ကာမြေ)**



နေပြည်တော်ကောင်စီနယ်မြေမှ ထွက်ရှိသော နွေစပါးများ။

# သရက်စိုက်ပျိုးသူများအတွက် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး ဈေးနှုန်းမြင့်တက်ခြင်းများ ကြုံရ

**မုံရွာ မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သရက်စိုက်ပျိုးရေးတောင်သူများသည် ကုန်ထုတ်လမ်းအခက်အခဲ၊ စိုက်ပျိုးရေးသုံးစက်ကိရိယာဈေးနှုန်းမြင့်တက်ခြင်းနှင့် အသုံးပြုလျက်ရှိသော ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး ဈေးနှုန်းမြင့်တက်ခြင်း စသည့်အခက်အခဲများ ရှိနေကြောင်း သရက်စိုက်တောင်သူများထံမှ သိရသည်။

သရက်သီးနဲ့ ပတ်သက်တဲ့အခက်အခဲကတော့ ကုန်ထုတ်လမ်း၊ တောင်သူတွေ အသုံးပြုနေရတဲ့ ဆေးဝါးတွေ ဈေးနှုန်းမြင့်မားခြင်း၊ ထွန်ယက်စိုက်ပျိုးမယ့် စိုက်ပျိုးရေးအတွက်အသုံးပြုနေရတဲ့ စက်ကိရိယာတွေ ဈေးနှုန်းမြင့်မားတဲ့ အခက်အခဲတွေ ရှိနေတယ်။ နောက်တစ်ခုက အသိအမှတ်ပြုလက်မှတ်ရပြီးတဲ့ ထုတ်ကုန်ပစ္စည်းတွေကိုပါ အသိအမှတ်ပြုလက်မှတ်ရတဲ့ တောင်သူတွေရောင်းချသော အရောင်းစင်တာတစ်ခု ဖွင့်ပေးစေချင်တယ်။ အဲဒီလိုဖြစ်မယ်ဆိုရင် တခြားကျွန်တော်တို့ သီးနှံတွေကို ဝယ်ယူချင်တဲ့ကုန်သည်တွေ စိတ်ဝင်စားမှု မြင့်တက်လာမှာဖြစ်သလို အသိအမှတ်ပြုလက်မှတ်ကိုလည်း အခြားတောင်သူတွေ ပိုပြီးစိတ်ဝင်စားမှုရှိလာနိုင်မယ်"ဟု သရက်စိုက်တောင်သူ ဦးကျော်မြင့်က ပြောသည်။

ဒီပဲယင်းကွဲကျေးရွာတွင် စိန်တလုံး၊ ရွှေဟသ်ာ၊ ရင်ကွဲ၊ မယ်သီ၊ ပတ္တမြားငမောက် စသည့် သရက်သီးနှံ တောင်သူ ၃၀၀ ခန့်မှ စိုက်ဧက ၃၀၀၀ ခန့်ရှိရာ ယခုနှစ်တွင် ရာသီဥတုအခြေအနေအရ တန်ချိန်တစ်သောင်းခန့် ထွက်ရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း ပြောသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ဖားကန့်မြို့နယ်အတွင်းရှိ တောင်သူများအား မိုးသီးနှံမျိုးစေ့ထောက်ပံ့

**ဖားကန့် မေ ၁၉**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်းရှိ လယ်ယာလုပ်ကိုင်လျက်ရှိကြသည့် တောင်သူများထံ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မိုးသီးနှံမျိုးစေ့ မော်ဘီ-၂ အမျိုးအစား တင်းငါးဆယ်ကို ယမန်နေ့က လုံးခင်းကျေးရွာအုပ်စု လယ်ပြင်ကျေးရွာ ရှင်းလင်းဆောင်၌ ထောက်ပံ့ပေးအပ်သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဇော်လင်းက တောင်သူများ သီးနှံမျိုးစေ့များကို စီးပွားဖြစ်ကိုယ်တိုင်ပျိုးထောင်နိုင်စေရန်အတွက် အသိပညာပေး ဟောပြောခဲ့ပြီး တောင်သူများက သီးနှံအထွက်တိုးစေမည့် စိုက်ပျိုးရေးနည်းစနစ်များနှင့် ပတ်သက်၍ မေးမြန်းမှုကို ဦးစီးမှူးက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် မိုးသီးနှံမျိုးစေ့များကို တောင်သူများထံ စနစ်တကျ ခွဲဝေထောက်ပံ့ပေးအပ်ပြီး လယ်ပြင်ကျေးရွာရှိ တောင်သူတစ်ဦးစိုက်ပျိုးထားသည့် ပဲပုပ်စိုက်ခင်းသို့ ဦးစီးမှူးနှင့် တောင်သူများက သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

**တာလင်းမောင်(ပြန်/ဆက်)**

# ကျောင်းအပ်နှံရာတွင် အဆင်ပြေစေဖို့ မိဘများလည်း သတိပြု

— ခွန် (ဝင်းပ) —

**ကျောင်းဖွင့်ချိန် နီးကပ်လာပြီဖြစ်သောကြောင့် မပျက်မကွက် ကျောင်းအပ်ရန် ကျောင်းသားမိဘများလည်း တာဝန်ရှိလာပါ ပြီ။ ကျောင်းဖွင့်ချိန်တွင် ကျောင်းသားမိဘများက မိမိရင်သွေးငယ်များအား ဂရုစိုက်၍ အချိန်မီ ကျောင်းအပ်ကြပါ။ ဇွန်လ ၁ ရက်တွင် မြန်မာနိုင်ငံ တစ်နိုင်ငံလုံး အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ပါတော့မည်။ ကျောင်းအပ်နှံချိန် နီးကပ်လာသည်နှင့်အမျှ ကျောင်းအပ်နှံမည့် ကျောင်းသားမိဘအချို့ နှစ်စဉ် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို ရင်ဆိုင်ကျော်ဖြတ်နိုင်ရန် ကြိုတင်ဆောင်ရွက်ရပါမည်။ ကျောင်းသားမိဘအားလုံးကို မဆိုလိုပါ။ အခက်အခဲ အနည်းငယ်မျှသာ ရှိပါသည်။**



## လွယ်မယောင်နှင့် ခက်

အသေးအဖွဲ့ကိစ္စလေးပါဟု ထင်မှတ်မထားဘဲ တိကျမှန်ကန် အချိန်မှန်ဆိုသကဲ့သို့ ကျောင်းအပ်နှံရာတွင် အဓိကလိုအပ်သော ကျောင်းသားမိဘအမည်၊ အမျိုးသား မှတ်ပုံတင်အမှတ်၊ ကျောင်းသား ကျောင်းသူ၏ အမည်၊ မွေးသက္ကရာဇ် (မွေး စာရင်း)၊ အိမ်ထောင်စုစာရင်း စသည့်အချက်များကို လွဲမှားမှုများမဖြစ်ရစေရန် တိကျမှန်ကန်စွာ ဖြည့်သွင်း၍ သက်ဆိုင်ရာ နေရာဒေသကျောင်းများတွင် ကျောင်းအပ်နှံရမည်ဖြစ်သည်။ သို့ရာတွင် အချို့သော ရွှေ့ပြောင်းအလုပ်သမားများ၊ အိမ်ထောင်စုစာရင်း၊ မှတ်ပုံတင်ပြုလုပ်ထားရခြင်းမရှိသေးသော ကျေးလက်နေပြည်သူတချို့မှာ မိမိကလေးအား ကျောင်းအပ်နှံရာ၌ လိုအပ်သော အချက်အလက်မပြည့်စုံမှုကြောင့် မိဘများနှင့် ကျောင်းအပ်လက်ခံသူ ဆရာဆရာမများအကြား ဗျာများကြရသည်ကို နှစ်စဉ်နှစ်တိုင်း တွေ့နေရသည်။

“ကျောင်းစတင်အပ်နှံစဉ်ကတည်းက ကျောင်းသားမိဘတွေရဲ့ အမည်၊ မှတ်ပုံတင်၊ နေရပ်၊ အိမ်ထောင်စုဇယား၊ မွေးစာရင်း စသည်တို့အပြင် ကျောင်းအပ်နှံတဲ့ ကလေးနာမည်၊ မွေးသက္ကရာဇ်၊ အတိအကျ မှန်ကန်စွာ ထည့်သွင်းရေးသားရပါတယ်။ ကျောင်းဝင်စာရင်းမှာ ရေးသွင်းမှတ်သားပေးပြီး ကျောင်းအပ်လက်ခံပြီးရင် နောက်တစ်ကြိမ် ပြန်လည်ပြင်ဆင်ပေးဖို့ရာ ခက်ခဲမှုများရှိလာနိုင်ပါတယ်။ ဒါကြောင့် ကျောင်းအပ်နှံရာမှာ လိုအပ်တဲ့အချက်အလက်တွေ ပြည့်စုံဖို့လိုပါတယ် ”ဟု အငြိမ်းစား ကျောင်းအုပ်ဆရာကြီးတစ်ဦးက ပြောသည်။

အစကောင်းမှ အနှောင်းသေချာမည်ဆိုသော စကားအရ မိဘများက မိမိ၏ သားသမီးများအား ကျောင်းအပ်စဉ်ကာလကတည်းက အထက်ပါ အချက်များကို မှားယွင်းမှု မရှိအောင် သေချာစွာ ကြည့်ရှုစစ်ဆေး၍ ကျောင်းအပ်နှံရပါမည်။ ကျောင်းသားမိဘများက သေချာစွာ မစစ်ဆေးဘဲ ကျောင်းအပ်နှံခဲ့ပါက မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်မှသည် တက္ကသိုလ်၊ ကောလိပ်ရောက်သည့်တိုင်အောင် အလုပ်ဝင်ရောက်လုပ်ကိုင်သည့်နေရာ ဌာနများအထိ တစ်မျိုး (သို့) တစ်မျိုး အခက်အခဲများကို ကြုံတွေ့ရနိုင်သည်။ အဘယ်ကြောင့်ဆိုသော် မှားယွင်းမှုတစ်မျိုးမျိုးဖြစ်သည့် မိဘ၊ သားသမီး၏ အမည်လွဲမှားမှု၊ စာလုံးပေါင်းသတ်ပုံ (မှားယွင်းမှု)၊ မွေးသက္ကရာဇ် (မှားယွင်းမှု)၊ မှတ်ပုံတင်နံပါတ် ( မှားယွင်းမှု)၊ အိမ်ထောင်စုစာရင်းမရှိခြင်းအပြင် အိမ်ထောင်စုစာရင်း မပြည့်စုံ ( မှားယွင်းခြင်း )တို့ကြောင့် ပထမဦးစွာ ကျောင်းအပ်နှံရာတွင် အခက်အခဲဖြစ်ရခြင်း၊ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများအား အမျိုးသားမှတ်ပုံတင်များ ပြုလုပ်ပေးရာတွင် အခက်အခဲဖြစ်ရခြင်း ၊ ကျောင်းပြောင်းရွှေ့ အပ်နှံရာတွင် အခက်အခဲဖြစ်ရခြင်းကို ကြုံတွေ့ရမည်ဖြစ်သည်။

ကျောင်းသားမိဘများသည် မိမိ၏ရင်သွေးများကို ကျောင်းအပ်နှံရာတွင် အဓိက ကြုံတွေ့နေရသည့်ပြဿနာများဖြစ်သည့် မိမိ၏ အိမ်ထောင်စုစာရင်း ၊ မှတ်ပုံတင် ၊ မွေးသက္ကရာဇ်၊ အမည်နာမ လွဲမှားခြင်း၊ ( စာလုံးပေါင်းလွဲမှားခြင်း၊ အမည်နှစ်မျိုး၊ သုံးမျိုးဖြစ်နေခြင်း)၊ မိဘများ၏ အမည်/ မှတ်ပုံတင်အမှတ် လွဲမှားခြင်း (အိမ်ထောင်စုစာရင်းတွင် အမည်တစ်မျိုး၊ မှတ်ပုံတင်တွင် အမည်တစ်မျိုး၊ ကျောင်းအပ်စဉ်ကာလက မိဘများသည် ရပ်ဝေးတွင် သွားရောက် အလုပ်လုပ်နေသဖြင့် ဆွေမျိုးများက ကျောင်းအပ်နှံရာတွင် ကျောင်းဝင်စာရင်းတွင် အချက်အလက် မှားယွင်းစွာ ကျောင်းအပ်နှံခြင်း) စသည်တို့ကြောင့် တချို့သော ကျောင်းသားမိဘများအတွက် ခေါင်းခဲစရာ ပြဿနာများကို ရင်ဆိုင်ကြုံတွေ့နေရမြဲ ဖြစ်နေသည်။

ထိုအခါ လိုအပ်သော အမှားပြင်ဆင်ချက်များကို သက်ဆိုင်ရာ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာများပြုလုပ်ရသည်။ သတင်းစာများတွင် ဖခင်၊ မိခင်အမည်မှန်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ ကျောင်းသား ကျောင်းသူ အမည်မှန်များကို ထည့်သွင်းကြော်ငြာရသည်မှာလည်း လွယ်မယောင်နှင့် ခက်ခဲပြီး ငွေကြေးကုန်ကျသည့်အပြင် အချိန်ကုန် လူစိတ်ညှိုးနွမ်းမှုများ ဖြစ်ပေါ်ရသည်။ တစ်ခါတစ်ရံတွင် လိုအပ်သော အထောက်အထားများ အားလုံးပြည့်စုံစွာရှိနေသော်လည်း တစ်ခုခု တစ်နေရာမှာ မှားယွင်းမှုကြောင့် လဝက က ထုတ်ပေးသော အမည်၊ မှတ်ပုံတင်အမှတ်၊ အိမ်ထောင်စုဇယား အတွင်းမှ အမည်၊ မွေးသက္ကရာဇ်တို့က အမှန် (သို့) ကျောင်းမှ ကျောင်းဝင်မှတ်ပုံတင်စာရင်းရှိ အမည်၊ မွေးသက္ကရာဇ်က အမှန် ဖြစ်သည်ဟု ပြည်သူများအကြား ပြောဆိုမှုများရှိနေကြသောကြောင့် ပြင်ဆင်ရန် အခက်တွေ့နေရသေး၏ ။

“မှတ်ပုံတင်ထဲမှာ နာမည်က ဦးစန်းဝင်းပါ ၊ ကျောင်းဝင်စာရင်းမှာက ဦးဆန်းဝင်း ဖြစ်နေတော့ ဘယ်နာမည်ကို အတည်ယူပြီး ဘယ်နာမည်ကို ပြောင်းရမှန်း မသိဘူး၊ လဝကရုံးက မှတ်ပုံတင်ကလည်း အမှန်၊ ကျောင်းကလည်း အမှန်ဆိုတော့ ဘယ်မှာပြင်လို့ ဘယ်လိုပြောရမှန်း မသိ၊ သတင်းစာမှာ ဖခင်အမည်ပြောင်း ကြော်ငြာထည့်ရတယ်၊ ငွေကုန်တာ အရေးမကြီးပါဘူး၊ ရွာမှာ နေတာဆိုတော့ သိပ်နားမလည်လို့ မြို့တက် စုံစမ်းကြော်ငြာထည့်ရတယ်၊ အချိန်ကုန်တယ်၊ အလုပ်ရှုပ်တယ်”ဟု ယမန်နှစ်က သထုံမြို့နယ်အတွင်းရှိ ကျေးရွာများမှ အမည်ပြောင်းပြုလုပ်သူ ကျောင်းသားမိဘများထံမှ သိရသည်။ ကျောင်းဖွင့်ရာသီတွင် နေ့စဉ်ထုတ် သတင်းစာများပေါ်တွင် “ဖခင် / မိခင် အမည်မှန်ဖြစ်ပါကြောင်း၊ အမည်မှန် ဖြစ်ပါကြောင်း၊ တစ်ဦးတည်း ဖြစ်ပါကြောင်း”စသည့် ကြော်ငြာအများအပြားကို နေ့စဉ်တွေ့နေရခြင်းသည်ပင် အခက်အခဲဖြစ်နေမှုများကို ညွှန်းဆိုပြရာ ရောက်နေသည်။ ထို့ကြောင့် ကလေးငယ်များအား ကျောင်းအပ်နှံရာတွင် အဆိုပါကိစ္စရပ်များအား မှားယွင်းမှု မရှိရလေအောင် မိဘများက မိမိ၏ အိမ်ထောင်စုဇယားတွင် ၁။ အမည်နာမများအား စာလုံးပေါင်းမှန်ကန်အောင် သတိပြုရေးသားခြင်း။ ၂။ သားသမီးများ၏ မွေးသက္ကရာဇ်များအား မြန်မာနေ့ဖြင့် မှတ်သားခြင်းမပြုဘဲ အင်္ဂလိပ်နေ့စွဲဖြင့်သာ ရေးမှတ်ခြင်း။ ၃။ မိဘများ၏ အမျိုးသားမှတ်ပုံတင်များကို ထည့်သွင်းရေးသားရာတွင် မှန်ကန်စွာ ရေးသားဖြည့်သွင်းခြင်း။ ၄။ အိမ်ထောင်စုစာရင်းသည် မရှိမဖြစ်လိုအပ်နေသောကြောင့် မပြုလုပ်ရသေးလျှင် မဖြစ်မနေပြုလုပ်ရခြင်းတို့ကို မိဘများက ကျောင်းဖွင့်ချိန်အမီ ဆောင်ရွက်ရမည်ဖြစ်သည်။

## လွယ်ကူ အဆင်ပြေစွာ ကျောင်းအပ်နှံနိုင်ရန်

ကျောင်းသားမိဘများက မိမိတို့သားသမီးများကို ကျောင်းအပ်ရာမှာ အဆင်ပြေလွယ်ကူချောမွေ့စေရန်အတွက် အချို့သောကိစ္စရပ်များကို သက်ဆိုင်ရာဌာန၊ ကျောင်းများကလည်း အတတ်နိုင်ဆုံး ဖြေလျှော့ဆောင်ရွက်ပေးစေလို၍ အမြန်ဆုံး ကျောင်းအပ်နှံခွင့်ပေးရန်၊ ရရှိနိုင်သည့် အခွင့်အရေးများကို ဆောင်ရွက်ပေးရန် ကျောင်းသားမိဘများက မျှော်လင့်နေကြသည်။ နှစ်စဉ်နှစ်တိုင်း အချို့သော ကျေးလက်ဒေသနေပြည်သူများသည် မိမိတို့သားသမီးများကို ကျောင်းအပ်နှံရာတွင် မိမိတို့ ကိုယ်တိုင်ကပင် မှတ်ပုံတင်များ မပြုလုပ်ရသေးသောကြောင့်လည်းကောင်း၊ ပျက်စီးပျောက်ဆုံး၍ အသစ်ပြန်လည် မပြုလုပ်ရသေးသောကြောင့်လည်းကောင်း၊ အမည်များသည်ပင် နှစ်မျိုးခန့် (အိမ်ထောင်စုစာရင်းတွင် တစ်မျိုး၊ ရွာအခေါ် တစ်မျိုး) ရှိနေသောကြောင့်လည်းကောင်း အခက်အခဲများရှိနေကြောင်း သိရသည်။

## အစကောင်းရင် အနှောင်းသေချာ

ကျောင်းအပ်ရာတွင် အဆင်ပြေစေရန်အတွက် ကျောင်းသားမိဘများက မိမိတို့သားသမီးများကို အခြေခံပညာမူလတန်းအဆင့်မှာပင် တိကျသေချာမှန်ကန်စွာ၊ အချက်အလက်ပြည့်စုံစွာ လုပ်ဆောင်၍ ကျောင်းအပ်ခဲ့မည်ဆိုပါက အလယ်တန်း၊ အထက်တန်း ၊ တက္ကသိုလ်များမှအစ အလုပ် ဌာနများအထိတိုင်အောင် အဆင်ပြေသေချာနေမည်ဖြစ်သည်။

## အမည်၊ မိဘ၊ မွေးစာရင်းများ မှန်ကန်အောင် ဂရုပြု

မည်သို့ဆိုစေကာမူ ထိုကဲ့သို့သော အခက်အခဲများ မကြုံတွေ့စေရန်အတွက် ကျောင်းသားမိဘများသည် ကျောင်းစတင် အပ်နှံသည့် အချိန်ကပင် မိမိတို့ အိမ်ထောင်စုဇယားပါအတိုင်း အမည်၊ မွေးသက္ကရာဇ်၊ အမျိုးသားမှတ်ပုံတင်နံပါတ်များ မလွဲမှားစေရန် အထူးဂရုပြု၍ မိမိတို့ သားသမီးများကို ကျောင်းစတင်အပ်နှံရာတွင် အမှားအယွင်းမရှိ၊ အခက်အခဲမရှိအောင် ကြိုတင်ဆောင်ရွက်ထားကြရန် လိုအပ်ကြောင်းနှင့် ကျောင်းဖွင့်ချိန် နီးကပ်လာပြီဖြစ်သောကြောင့် အချိန်မီ ကျောင်းအပ်နိုင်ရန် အသိပေးတိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

---

# ရေနံလက်ယက်တွင်းများမှ ရေနံစိမ်းများအား တရားဝင်ခွင့်ပြုထားသည့် ဆီတင်ယာဉ်များဖြင့် သယ်ယူခြင်းမရှိပါက ထိရောက်စွာအရေးယူမည်

**မကွေး မေ ၁၉**

မကွေးတိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိက ရေနံလက်ယက်တွင်းများမှ ထွက်ရှိသည့် ရေနံစိမ်းများအား ရေနံချက်လုပ်ရန် သယ်ယူရာ၌ တရားဝင်ခွင့်ပြုထားသည့် ဆီတင်ယာဉ်များဖြင့် သယ်ယူခြင်းမရှိပါက ယခုနှစ် ဒီဇင်ဘာလကုန် နောက်ပိုင်းမှ စ၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်သည်။

တိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိက ရေနံလက်ယက်တွင်းများမှ ထွက်ရှိသည့် ရေနံစိမ်းများကို မုံရွာ၊ တံတားဦး၊ ပျော်ဘွယ်၊ အင်္ဂပူစသည့် မြို့များသို့ ရေနံချက်လုပ်ရန် သယ်ယူရာ၌ အန္တရာယ်ကင်းရှင်းစေရေးအတွက် တရားဝင်ခွင့်ပြုထားသည့် ဆီတင်ယာဉ်များဖြင့် သယ်ယူရေးနှင့် ဆီတင်ယာဉ်အဖြစ်သို့ တရားမဝင်ပြောင်းလဲထားသည့် ယာဉ်များသည် ဒီဇင်ဘာလကုန် အထိ နောက်ဆုံးထား၍ တရားဝင် ဖြစ်အောင် ဆောင်ရွက်သွားရန်နှင့် သတ်မှတ်ကာလ ကျော်လွန်ပါက တရားမဝင် ပြောင်းလဲထားသည့် ယာဉ်များကို ရေနံစိမ်း သယ်ဆောင်ခွင့် လက်မှတ်ထုတ်ပေးခြင်း မပြုဘဲ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း မေ ၁၄ ရက်က ကျင်းပသည့် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍သတင်းစာရှင်းလင်းပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ထည့်သွင်းပြောကြားခြင်းဖြစ်သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်က တိုင်းဒေသကြီးအတွင်း ပုဂ္ဂလိက ရေနံလုပ်ကွက်ပေါင်း ၁၄ ကွက်ရှိကြောင်းနှင့် ပခုက္ကူ ခရိုင်အတွင်း ရေနံချက်စက်ရုံငါးရုံ တည်ဆောက်နိုင်ရေး စီစဉ်လျက်ရှိကြောင်း ရှင်းလင်းပြောကြားချက်အရ သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

---

# ကျောင်းသား ကျောင်းသူများအကြား စာကြည့်တိုက်ယဉ်ကျေးမှုထွန်းကားရေး ပူးပေါင်းဆွေးနွေး

**မြိတ် မေ ၁၉**

ကျောင်းစာကြည့်တိုက်ကို အခြေပြု၍ ကျောင်းသားလူငယ်များအကြား စာကြည့်တိုက်ယဉ်ကျေးမှု ထွန်းကားလာရေးအတွက် ယမန်နေ့က အထက(၁)မြိတ်တွင် ပူးပေါင်းဆွေးနွေးပွဲ ပြုလုပ်သည်။

### ဆွေးနွေးတိုင်ပင်

နောင်နှစ်များတွင် Grade 12 အထိ ဖြစ်လာမည့် ပြောင်းလဲလာသည့် ပညာရေးစနစ်အသစ်နှင့်အတူ ကျောင်းသားလူငယ်များအကြား စာကြည့်တိုက်ယဉ်ကျေးမှုကို တစ်ပါတည်းပျိုးထောင်သွားနိုင်ရေးအတွက် ကျောင်းစာကြည့်တိုက်များကို စနစ်တကျပုံဖော်သွားရန် မြိတ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သန္တာထွေး၊ မြိတ်တက္ကသိုလ်ပထဝီဝင်ဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာညိမ်းညိမ်းဝင်း၊ အထက(၁)မြိတ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာသင်းသင်းခိုင်၊ မြိတ်တက္ကသိုလ်စာကြည့်တိုက်မှ လက်ထောက်စာကြည့်တိုက်မှူး ဒေါ်လှလှနွယ်၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှ တနင်္သာရီတိုင်းဒေသကြီး အလုပ်အမှုဆောင် ဒေါ်ကြူကြူ၊ ဆရာဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ စာကြည့်တိုက်နှင့် ကျောင်းသား ကျောင်းသူ တစ်သားတည်းဖြစ်တည်လာရေး ဆွေးနွေးတိုင်ပင်ကြသည်။

### လေ့လာကြည့်ရှု

ထို့နောက် အထက(၁)မြိတ် ကျောင်းစာကြည့်တိုက်တွင် စာအုပ်ဗီရို၊ စာဖတ်စားပွဲများနှင့် စာအုပ်စင်များ စနစ်တကျဖြစ်ရေး၊ စာဖတ်ခန်းအလင်းရောင် အပြည့်အဝရရှိရေးနှင့် လေဝင်လေထွက်ကောင်းမွန်ရေးအတွက် မြိတ်တက္ကသိုလ် စာကြည့်တိုက်တာဝန်ခံများက ပြီးခဲ့သည့်တစ်ပတ်ခန့်ကတည်းက စနေ၊ တနင်္ဂနွေပိတ်ရက်များတွင် လာရောက်ပြင်ဆင်ဆောင်ရွက်ပေးထားမှုကို လေ့လာကြည့်ရှုကြကာ တက္ကသိုလ်စာကြည့်တိုက်မှ တာဝန်ခံဆရာမကြီးနှင့် စာကြည့်တိုက်ဝန်ထမ်းများအား အထက(၁)ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင်များက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်မျိုးနိုင် (ပြန်/ဆက်)**

# မလှိုင်မြို့ သမိုင်းဝင်ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၏ ရွှေထီးတော်အသစ်၊ ငှက်မြတ်နားတော်အသစ်နှင့် စိန်ဖူးတော် တင်လှူပူဇော်

**မလှိုင် မေ ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့တွင် ယမန်နေ့(ကဆုန်လပြည့်နေ့)၌ မလှိုင်မြို့ သမိုင်းဝင်ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၏ ရွှေထီးတော်အသစ်၊ ငှက်မြတ်နားတော်အသစ်နှင့် စိန်ဖူးတော် တင်လှူပူဇော်၍ လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူ ပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ရာပြည့်ညောင်ရေသွန်းပွဲ အထိမ်းအမှတ်အဖြစ် ရွှေထီးတော်အသစ်၊ ငှက်မြတ်နားတော်အသစ် ၊ စိန်ဖူးတော်ကပ်လှူပူဇော်ရာတွင် တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ခဲ့ပြီး ဩကာသ ကန်တော့ချိုးဖြင့် ရတနာမြတ်သုံးပါးအား ရှိခိုးပူဇော်ကန်တော့ခဲ့ကြကာ မလှိုင်မြို့ ရှစ်မျက်နှာ ပရိယတ္တိစာသင်တိုက် ဆရာတော်နှင့် ဆရာတော်ကြီးများထံမှ ကိုးပါးသီလခံယူခဲ့ကြသည်။ ရွှေထီးတော်အသစ်၊ ငှက်မြတ်နားတော်အသစ်နှင့် စိန်ဖူးတော် တို့အား မလှိုင်မြို့ သမိုင်းဝင်ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးကို လက်ယာရစ်သုံးကြိမ် အပူဇော်ခံရာတွင် သာသနာ့အောင်လံ တော်အဖွဲ့မှ စတင်ထွက်ကာ မင်္ဂလာအောင်မောင်းတော်အဖွဲ့နှင့် မင်္ဂလာခရုသင်း အဖွဲ့တို့က လိုက်လံပူဇော်ခဲ့သည်။ **ဘိုဘို(မလှိုင်)**



ရွှေထီးတော်အသစ်၊ ငှက်မြတ်နားတော်အသစ်နှင့် စိန်ဖူးတော်တင်လှူပူဇော်ပွဲ ကျင်းပစဉ်။

# ပုဏ္ဏားကျွန်းမြို့နယ်၌ ကျေးရွာချင်းဆက်လမ်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်



ကျေးရွာချင်းဆက်လမ်းအား တာဝန်ရှိသူများ သွားရောက်စစ်ဆေးကြစဉ်။

**ပုဏ္ဏားကျွန်း မေ ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရခိုင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးအောင်မျိုးလွင်နှင့် ပြည်နယ်စီမံကိန်းတာဝန်ခံ ဦးညီညီဆွေ (လက် ထောက်ညွှန်ကြားရေးမှူး)တို့က ပုဏ္ဏားကျွန်း မြို့နယ်ရှိ လူထုဗဟိုပြု စီမံကိန်းမှ အကောင်အထည်ဖော် ဆောင်ရွက်နေသော လုပ်ငန်းများကို ယမန်နေ့က ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ပုဏ္ဏားကျွန်းမြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်းမှ တံဘက်လှန်းကျေးရွာ၊ ဖာလာကုန်းကျေးရွာ ရွာချင်းဆက်လမ်း လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းကို တာဝန်ယူဆောင်ရွက်နေသော တာဝန်ရှိသူများအား သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာ စေတနာရှေ့ထားကာ ဆောင်ရွက်ကြရန် အပါအဝင် သတ်မှတ်ချိန်အတိုင်း ပြီးစီးနိုင်အောင် ပြုလုပ်ကြရန် ရှင်းလင်းမှာကြားခဲ့သည်။

ယင်းနောက် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးကျော်သန့်ဇင်နှင့် မြို့နယ်နည်းပညာအကြံပေးအဖွဲ့ ခေါင်းဆောင် ဦးဝင်းရွှေမောင်တို့က အထက်ပါရွာနှစ်ရွာ ကျေးရွာချင်းဆက် လမ်းဖောက်လုပ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ လုပ်ငန်းများကို ပြန်လည်ရှင်းလင်း တင်ပြခဲ့ကြကာ ယင်းလမ်းကို စီမံကိန်း ထောက်ပံ့ငွေကျပ် ၂၂၀၀၀၀၀ ဖြင့် လမ်းအရှည် အလျား ပေ ၁၈၀၀၊ အကျယ် ၆ ပေ၊ ထု ၆ လက်မ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်လှဖြူ (ရမ်းဗြဲ)**

# နေရပ်စွန့်ခွာစခန်းမှ ကျား/မ ၂၃၅ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

**မြစ်ကြီးနား မေ ၁၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ မြို့နယ် ဦးစီးမှူး ဦးဇော်ရာ ဦးဆောင်သော ဝန်ထမ်းများအဖွဲ့သည် မေ ၁၆ ရက်က မြစ်ကြီးနားမြို့နယ် နောင်နန်းကျေးရွာရှိ ဂျော်မဆတ်နှစ်ခြင်း နေရပ်စွန့်ခွာစခန်းသို့ သွားရောက်ပြီး မြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာစခန်းများမှ နေရပ်စွန့်ခွာလာသူ ကျား/မ ၂၃၅ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံး မြို့နယ်ဦးစီးမှူး ဦးဇော်ရာထံမှ သိရသည်။

မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစ်ကြီးနားမြို့နယ် နေရပ်စွန့်ခွာစခန်းများဖြစ်သည့် နောင်နန်းကျေးရွာရှိ ဂျော်မဆတ်နှစ်ခြင်း၊ မော်ဖေါင်း ခါနန်၊ မော်ဖေါင်း လော်ဝေါ်၊ တပ်ကုန်း KBC ၊ စုစုပေါင်း နေရပ်စွန့်ခွာစခန်း ၄ မှ ဒေသခံပြည်သူ အမျိုးသား ၁၁၀၊ အမျိုးသမီး ၁၂၅ ဦးတို့အား အထောက်အထားများ စိစစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြသည်။

မြစ်ကြီးနားမြို့နယ်တွင် နိုင်ငံတော်အစိုးရမှ နေရပ်စွန့်ခွာသူများအား နေထိုင်သွားလာရေးအဆင်ပြေစေရန်အတွက် သင့်လျော်သည့်နေရာများတွင် ယာယီနေရပ်စွန့်ခွာစခန်းများကို ဖွင့်လှစ်ထား၍ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ယာယီနေရပ်စွန့်ခွာစခန်း စုစုပေါင်း ၂၃ ခု ရှိကြောင်း သိရသည်။

ယခုအခါ အဆိုပါ နေရပ်စွန့်ခွာသူများအား မြစ်ကြီးနားမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများအဖွဲ့က စခန်း ၂၂ ခုရှိ နေရပ်စွန့်ခွာသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ လက်ဝယ်ကိုင်ဆောင်ခွင့် ရရှိစေရေးအတွက် အထောက်အထားများစိစစ်၍ ပြုလုပ်ပေးခဲ့ကြပြီးဖြစ်သည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၏ နှစ်ပတ်လည်ဗဟိုကော်မတီအစည်းအဝေး ကျင်းပမည်

**ရန်ကုန် မေ ၁၉**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၏ (၂၀) ကြိမ်မြောက် နှစ်ပတ်လည် ဗဟိုကော်မတီအစည်းအဝေးကို မေ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအစည်းအဝေးသို့ ဗဟိုအလုပ်အမှုဆောင်များနှင့် ဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် တိုင်းဒေသကြီး ပြည်နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌများကိုယ်တိုင် အချိန်မီ မပျက်မကွက် တက်ရောက်ကြရန်နှင့် နယ်ဝေးမှ တက်ရောက်လာကြသူများအတွက် ခရီးစရိတ်နှင့် နေထိုင်စားသောက်စရိတ်များကို စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်လင်း**

# ကျေးလက်ပြည်သူတို့အား မှူခင်းအသိပညာပေး

**ရန်ကုန် မေ ၁၉**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဒါးပိန်ကျေးရွာတွင် မေ ၁၇ ရက်က မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းစေရေး ကျေးလက်နေပြည်သူတို့အား အသိပညာပေးဆောင်ရွက်ခဲ့သည်။

ဒါးပိန်ကျေးရွာအတွင်း မှုခင်းဖြစ်ပွားမှု မရှိစေရန် အုပ်ထိန်းသူမိဘများနှင့် လူငယ်များအား မှုခင်းဖြစ်ပွားမှုမရှိစေရန် ကြိုတင်ရှောင်ကြဉ်ရမည့် အချက်များနှင့် သတိပြုရှောင်ရှားရမည့်အချက်များ၊ ခိုး၊ဆိုး၊လုယက်မှုများ မဖြစ်ပွားစေရန် ရဲတပ်ဖွဲ့နှင့် ရပ်ကွက်ပြည်သူတို့ လက်တွဲဆောင်ရွက်ရန်၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် ပြစ်မှုပြစ်ဒဏ်ဆိုင်ရာအကြောင်းအရာများကို လှည်းကူးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဝင်းနှင့် ဒါးပိန်နယ်မြေစခန်းမှူး ရဲအုပ်ကိုလတ်တို့က ဆွေးနွေးဟောပြောခဲ့ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ကျေးရွာနေ ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**၁၆၄**

**မန္တလေး၌ မှုခင်းကျဆင်းရေး အသိပညာပေး**

**မန္တလေး မေ ၁၉** - မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ထန်းပင်ကုန်းကျေးရွာ ရွာဦးဘုန်းတော်ကြီး ကျောင်းဓမ္မာရုံ၌ ရွှေတောင်နယ်မြေ ရဲစခန်းမှ စခန်းမှူး ရဲအုပ်ဝေလင်းအောင်၊ ခေတ္တနယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သိန်းထွန်းဦးတို့သည် ယမန်နေ့က မူးယစ်ဆေးဝါးသုံးစွဲရောင်းချမှုများ ပပျောက်စေရေး၊ မှုခင်းကျဆင်းရေး၊ အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**၀၀၇**

# လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်း ပညာပေးစာစောင်

၄။ စက်ဘီး/ဆိုင်ကယ်ပေါ်တွင် ရောက်ရှိနေပါက အမြန်ဆုံးဆင်းပါ။



၅။ ကွင်းပြင်ကျယ်တွင် လူစုလူဝေးဖြစ်နေပါက အမြန်ဆုံးလူစုခွဲပါ။



၆။ သွပ်ဆူးကြိုးကာထားသော ခြံစည်းရိုး၊ သံထည်ပစ္စည်း၊ သံလမ်းများအနီးတွင် မနေပါနှင့်။



၇။ ရေလွှမ်းနေသော လမ်းများပေါ်သို့ သွားလာခြင်း၊ ရပ်နေခြင်းမပြုပါနှင့်။



၈။ လွင်တီးခေါင်ကုန်းပြင်ရှိ သစ်ပင်၊ အဆောက်အအုံ အနီးတွင် မနေပါနှင့်။



## လျှပ်စီးလက်ခြင်း ဖြစ်ပွားပြီးနောက် လိုက်နာရန်အချက်များ

၁။ မိုးကြိုးပစ်ပြီး နာရီဝက်ခန့်ကြာ ဘေးကင်းလုံခြုံမှသာ အပြင်ထွက်ပါ။




၂။ မိုးကြိုးပစ်ခံရသော သစ်ပင်များမီးလောင်ခြင်းမှ နေအိမ်များသို့ ကူးစက်နိုင်သဖြင့် သတိထား ကြည့်ရှုနေထိုင်ပါ။



# ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသည့် နယ်စပ်ဒေသ မိုင်းယုမြို့

**ကိုကိုနိုင်(မိုင်းယု)**



လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းနှင့်အတူ စည်ကားတိုးတက်လာသော မိုင်းယုမြို့

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယုမြို့သည် ယခင်က ဒေသအခြေအနေများကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော မြို့တစ်မြို့ ဖြစ်ခဲ့ပြီး ယခုအခါ နိုင်ငံတော်အစိုးရက လမ်းနှင့် တံတားများ ဖောက်လုပ်တည်ဆောက်ပေးခြင်းနှင့် ဆက်သွယ်ရေးလုပ်ငန်းများ တိုးချဲ့ပေးခြင်းတို့ကြောင့် နယ်စပ်မြို့ဖြစ်သော်လည်း ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိကာ ရှမ်းပြည်နယ် အရှေ့ဖျားမှ ထင်ရှားသည့်မြို့တစ်မြို့ ဖြစ်လာခဲ့သည်။

**မိုင်းယု-မိုင်းယောင်း ကားလမ်းမ**

မိုင်းယု-မိုင်းယောင်း ကားလမ်းမသည် အရှည် ၁၈ မိုင်ရှိပြီး ယခင်က မြေသားလမ်းဖြစ်၍ မိုးတွင်းအခါတွင် လမ်းများပျက်စီးကာ အများပြည်သူ သွားလာရေးအတွက် ခက်ခဲခဲ့သည်။ ယခုအခါ နိုင်ငံတော်က ထိုလမ်းကို စက်ယန္တရားများဖြင့် ချဲ့ထွင်၍ ကတ္တရာခင်းခြင်းနှင့် တံတားများ တည်ဆောက်ပေးခြင်းတို့ကြောင့် မိုင်းယုမြို့သာမက ပတ်ဝန်းကျင်ဒေသများမှ ခရီးသွားပြည်သူများအနေဖြင့် ရှမ်းအရှေ့နယ်စပ်ဒေသ မိုင်းယုမြို့မှ မြန်မာနိုင်ငံအနှံ့ရှိ မြို့များသို့ ပြေးဆွဲသော လိုင်းကားများဖြင့် ရာသီမရွေး အချိန်ကုန်၊ ငွေကုန် သက်သာစွာဖြင့် တိုက်ရိုက်သွားလာနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

**မြန်မာနိုင်ငံအတွင်း တိုက်ရိုက်ကားလိုင်းများ**

ထိုလမ်းဖြင့် မိုင်းယုမြို့နှင့် မိုင်းယောင်းမြို့ကြားတွင် နေ့ချင်း အသွားအပြန်ပြုလုပ်နိုင်သလို လိုင်းကားများမှာလည်း မိုင်းယုမှ မြန်မာနိုင်ငံအနှံ့ မြို့များသို့ ရာသီမရွေး တိုက်ရိုက် တိုးချဲ့ပြေးဆွဲလာနိုင်ခြင်းဖြစ်သည်။ မိုင်းယုမြို့မှ မိုင်းယောင်းမြို့သို့ ကတ္တရာလမ်းသစ်သည် ရာနှုန်းပြည့်နီးပါး ပြီးစီးသွားသဖြင့် ရွှေမိုင်းယောင်း၊ ရွှေအိုးရတနာ၊ ရွှေဆင်ဖြူတော်၊ ရွှေဥဒေါင်း လိုင်းကားများသည် မိုင်းယု-မိုင်းယောင်း-မိုင်းဖြတ်-တာချီလိတ်-ကျိုင်းတုံလမ်းမှ တစ်ဆင့် မြန်မာနိုင်ငံအတွင်းအထိ တိုက်ရိုက်ပြေးဆွဲလျက်ရှိသဖြင့် ခရီးသွားပြည်သူများအတွက် များစွာအဆင်ပြေလာလျက်ရှိသည်။

**မိုင်းယု-ကျိုန်းယဲန်း တံတားကြီး**

မိုင်းယုမြို့သည် ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသရှိ ကျိုင်းတုံ၊ မိုင်းဖြတ်၊ မိုင်းယောင်းမြို့တို့မှ ထွက်ရှိသော ဒေသထွက်ကုန်ကြမ်းများ၊ စိုက်ပျိုးသီးနှံများကို တရုတ်နိုင်ငံဘက်သို့ တင်ပို့ရာ မြို့ဖြစ်သလို တရုတ်နိုင်ငံဘက်မှ ကုန်ပစ္စည်းများကို မြန်မာနိုင်ငံဘက်သို့ ပြန်လည်တင်သွင်းသည့် ကူးသန်းရောင်းဝယ်ရေးအတွက် အရေးပါသော နယ်စပ်ဒေသမြို့တစ်မြို့လည်း ဖြစ်သည်။



နယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါသော မိုင်းယု-ကျိုန်းယဲန်း တံတားကြီး

မိုင်းယုမြို့သည် ရှေးယခင်က ဒေသအခြေအနေများ ဖွံ့ဖြိုးတိုးတက်မှု မရှိခဲ့သော်လည်း ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းက တရုတ်-မြန်မာ နှစ်နိုင်ငံကြား အပြန်အလှန် ကူးသန်းရောင်းဝယ်မှု လျင်မြန် လွယ်ကူစေရန်အတွက် နယ်စပ်ဒေသ မိုင်းယု-ကျိုန်းယဲန်း တံတားကြီးကို တည်ဆောက်ခဲ့ပြီးနောက် ကူးသန်းရောင်းဝယ်ရေးထွန်းကားရာ မြို့တစ်မြို့ ဖြစ်လာခဲ့ရာမှ အလျင်အမြန်ပင် ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်း ဖြစ်သည်။

**နယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါသည့် မိုင်းယု**

မိုင်းယုမြို့၏ ဒေသထွက်ကုန်ကြမ်းများနှင့် အခြား ကျိုင်းတုံ၊ မိုင်းဖြတ်၊ မိုင်းယောင်းနှင့် မိုင်းယုဒေသတို့မှ ထွက်ရှိသော ရာသီပေါ်သီးနှံများဖြစ်ကြသည့် အစေ့ထုတ်ပြောင်း၊ ပဲမျိုးစုံ၊ နှမ်း၊ မြေပဲ၊ ရော်ဘာ၊ လက်ဖက်၊ အုန်းသီး၊ ငှက်ပျော၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ၊ အခြားကုန်ကြမ်းပစ္စည်းများကို မိုင်းယု-ကျိုန်းယဲန်း တံတားမှဖြတ်၍ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချကြပြီး တရုတ်ကုန်ပစ္စည်းများကိုလည်း ပြန်လည်ဝယ်ယူ၍ ပြည်တွင်း၌ ဖြန့်ချိရောင်းချခြင်းဖြင့် ထိုတံတားသည် နယ်စပ်ကုန်သွယ်ရေးအတွက် အကျိုးပြုသော တံတားတစ်စင်း ဖြစ်လာခဲ့သလို မိုင်းယုမြို့သည် အပြန်အလှန်ကူးသန်းသွားလာနေသော နှစ်နိုင်ငံ ကုန်သည်များ၏ စီးပွားရေးလုပ်ငန်းအတွက် အဓိကအရေးပါသည့်မြို့ ဖြစ်လာခဲ့သည်။

လက်ရှိအချိန်တွင်မူ မိုင်းယုမြို့သည် လမ်းပန်းဆက်သွယ်ရေး ချောမွေ့ကောင်းမွန်နေခြင်းနှင့်အတူ မြန်မာနိုင်ငံအနှံ့သို့ရောက်နိုင်သော လိုင်းကားများ တိုက်ရိုက်ပြေးဆွဲလာခြင်းကြောင့် ခရီးသွားပြည်သူများအတွက် သွားလာရေး အဆင်ပြေလွယ်ကူစေသဖြင့် စည်ကားတိုးတက်လာလျက်ရှိသည်။ ထို့အတူ စီးပွားရေးလုပ်ငန်းရှင်တို့အနေဖြင့်လည်း တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံကြား ကုန်သွယ်ရေးတွင် သွင်းကုန်/ပို့ကုန်များကို တင်ပို့ရောင်းချရာမြို့ ဝယ်ယူတင်သွင်း ဖြန့်ဖြူးရာမြို့ဖြစ်လာနေ၍ ရှမ်းပြည်နယ် အရှေ့ဖျားမှ နယ်စပ်ဒေသ မိုင်းယုမြို့သည် တစ်နေ့ထက် တစ်နေ့ စည်ကားတိုးတက်လာလျက်ရှိပေသည်။ ။

## မြန်မာပြည်မြောက်ဖျားမှ တောင်ဘက်စွန်းသို့ စက်ဘီးစီးသူ ကော့သောင်းမြို့သို့ရောက်ရှိ

**ကော့သောင်း မေ ၁၉**

Outdoor Adventure Myanmar အဖွဲ့၏ Kaleidoscopic Expedition Myanmar ခရီးစဉ် အဖြစ် မြန်မာပြည်မြောက်ဖျား ပူတာအိုမြို့မှ မြန်မာပြည်တောင်ဘက်စွန်း ကော့သောင်းမြို့ ဘုရင့်နောင်အငူအထိ စက်ဘီးစီးနင်းသည့် စက်ဘီးစီးအားကစားသမား ကိုဝင်းကိုကိုသည် ကော့သောင်းမြို့သို့ မေ ၁၉ ရက်က ရောက်ရှိလာကြောင်း သိရသည်။

ကမ္ဘာအမြင့်ဆုံး ဧဝရက်တောင်ထိပ်သို့ အောင်မြင်စွာတက်ရောက်နိုင်ခဲ့သူ ပထမဦးဆုံး မြန်မာနိုင်ငံသားတစ်ဦးဖြစ်သလို စက်ဘီးစီးအားကစားသမားတစ်ဦးလည်းဖြစ်သည့် ကိုဝင်းကိုကိုအနေဖြင့် မြန်မာပြည်မြောက်ဖျားမှ တောင်ဘက်စွန်းသို့ စက်ဘီးစီးသည့် ခရီးစဉ်ကို ၂၀၁၈ ဒီဇင်ဘာ ၂၇ ရက်က စတင်ခဲ့ခြင်းဖြစ်သည်။

ကချင်ပြည်နယ် ပူတာအိုမြို့နယ်အတွင်း မြန်မာနိုင်ငံ၏မြောက်ဖျားစွန်းရွာများဖြစ်သော တဟွမ်းဒမ်း၊ ဂူဘားနှင့် မဒိမ်းရွာများမှ စက်ဘီးဖြင့် စတင်ထွက်ခွာလာခဲ့ပြီး မြန်မာပြည်တောင်ဘက်စွန်း ကော့သောင်းမြို့ ဘုရင့်နောင် အငူအထိ ခရီးအကွာအဝေး မိုင်ပေါင်း ၂၅၀၀ ကျော်ကို စက်ဘီးစီးနင်းလာခဲ့ခြင်းဖြစ်ကာ မေ ၁၉ ရက်တွင် ကော့သောင်းမြို့သို့ ရောက်ရှိလာခြင်းဖြစ်သည်။ ကိုဝင်းကိုကိုအား ကော့သောင်းမြို့အပျော်တမ်းစက်ဘီးစီးအားကစားအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုကြပြီး လိုအပ်သည့်ကူညီပံ့ပိုးမှုများပေးခဲ့ကြသလို အမှတ်တရလက်ဆောင်ပစ္စည်းများလည်း ပေးအပ်ဂုဏ်ပြုခဲ့ကြသည်။



ကော့သောင်းမြို့သို့ ရောက်လာသော မိုင် ၂၅၀၀ စက်ဘီးစီးသူ ကိုဝင်းကိုကို

မြန်မာနိုင်ငံတွင် ရေမြေတောတောင် သဘာဝကို အခြေခံသည့် အားကစားနည်းများ ဖွံ့ဖြိုးတိုးတက်လာရန်နှင့် ယင်းအားကစားနည်းများ ပြုလုပ်နိုင်မည့်နေရာများ ဖော်ထုတ်နိုင်ရေး၊ သဘာဝအခြေခံ အားကစားနှင့် ဆက်စပ်သည့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ သဘာဝတရားကိုချစ်မြတ်နိုးပြီး ယင်းကိုအမှီပြုသော ဆက်စပ်အားကစားများ လက်ဆင့်ကမ်းပြန့်ပွား၍ ကျန်းမာကြံ့ခိုင်သန်စွမ်းသော မျိုးဆက်သစ် နိုင်ငံ့သားကောင်းများ ပေါ်ထွက်စေရေး၊ မြန်မာနိုင်ငံ၏ ရေမြေတောတောင် သဘာဝအလှများကို ကမ္ဘာက ပိုမိုသိရှိလာစေရေး ရည်ရွယ်ချက်များဖြင့် ယခုလို စက်ဘီးစီးသည့်ခရီးစဉ် ပြုလုပ်ခြင်းဖြစ်ကြောင်း ကိုဝင်းကိုကိုက ပြောသည်။

၄င်းအနေဖြင့် ခရီးစဉ်တစ်လျှောက် ဖြတ်သန်းလာခဲ့သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ မြို့များတွင် သုတေသနလုပ်ငန်းများပြုလုပ်ခြင်း၊ အခြေခံ သဘာဝပတ်ဝန်းကျင်အလှများကို မှတ်တမ်းတင်ခြင်း စသည့် လုပ်ငန်းများလည်း အချိန်ယူ ဆောင်ရွက်ခဲ့ခြင်းကြောင့် ခရီးစဉ်အစမှ အဆုံးအထိ အချိန်ကာလ ၄ လနှင့် ၂၆ ရက် ကြာမြင့်ခဲ့ခြင်းဖြစ်ကြောင်းနှင့် စက်ဘီးဖြင့် ဖြတ်သန်းရာလမ်းရှိ မြို့ရွာများမှ တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ နွေးထွေးဖော်ရွေပျူငှာသည့် အပြုအမူများကြောင့် လမ်းခရီးတွင် စိတ်ခွန်အားများတက်ခဲ့ရကြောင်းလည်း ကိုဝင်းကိုကိုက ခရီးစဉ်အမှတ်တရ ပြန်လည်ပြောပြခဲ့သည်။

**ကျော်စိုး(ကော့သောင်း)**

## ကျေးရွာမိုးရေလှောင်ကန်ကို ပြန်လည်တူးဖော်

**မင်းတုန်း မေ ၁၉**

မင်းတုန်းမြို့နယ် တိုင်တားကျေးရွာအုပ်စု ကန်လည်ကျေးရွာမှ တိမ်ကောနေသော မိုးရေလှောင်ကန်ကို မေ ၁၉ ရက်မှစ၍ အလှူရှင်များ၏ လှူဒါန်းငွေဖြင့် ပြန်လည်တူးဖော်လျက်ရှိရာ ကန်တူးဖော်နေမှုများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူစိုးက ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ မိုးရေလှောင်ကန်မှာ ဒေသခံပြည်သူများ အားထားအသုံးပြုနေရသည့် ကန်ဖြစ်ရာ ရေကန်တိမ်ကောနေခြင်းကြောင့် ယခုနှစ်တွင် ရေများခန်းခြောက်ခဲ့ပြီး ဒေသခံပြည်သူများမှာ သောက်သုံးရေ အခက်အခဲ ကြုံတွေ့ခဲ့ရသဖြင့် နောက်နှစ်တွင် ယခုလို ရေရှားပါးခြင်း မရှိစေရန်အတွက် မိုးရာသီကာလတွင် ကောင်းစွာ ရေဝင်ရောက်သိုလှောင်နိုင်အောင် ရေကန်ကို တူးဖော်ခြင်းဖြစ်ကြောင်း သိရသည်။ ရေကန်ကြီး ပြန်လည်တူးဖော်နိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူစိုး၏ ဦးဆောင်မှုဖြင့် အလှူရှင် ဗိုလ်မှူးဇော်ဝင်းဦးက ငွေကျပ်နှစ်သိန်း၊ TN Family ကုမ္ပဏီ က ငွေကျပ်သုံးသိန်းခွဲကို လှူဒါန်းခဲ့ကြရာ ကျေးရွာနေပြည်သူများကလည်း ငွေကျပ်သုံးသိန်း စုပေါင်းထည့်ဝင်မှုဖြင့် တိမ်ကောနေသော ကန်ကြီးကို ပြန်လည်တူးဖော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ချင်းကလေး (မင်းတုန်း)**



မိုးရေလှောင်ကန်ကို စက်ယန္တရားများဖြင့် ပြန်လည်တူးဖော်စဉ်

# နတ်မောက်မြို့နယ်၌ နိုင်ငံတော်သမ္မတ၏ လှူဒါန်းငွေဖြင့် စက်ရေတွင်းတူးဖော်

**နတ်မောက် မေ ၁၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် အုတ်ဖိုကျေးရွာ၌ ဒေသခံပြည်သူများ သောက်သုံးရေရရှိရေးအတွက် နိုင်ငံတော်သမ္မတ၏ လှူဒါန်းငွေဖြင့် အဝီစိစက်ရေတွင်း တစ်တွင်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

အုတ်ဖိုကျေးရွာတွင် ယခင်က ကျေးရွာပိုင်စက်ရေတွင်းတစ်တွင်းရှိသော်လည်း ရေငံများသာရရှိပြီး သုံးရေအတွက်သာ အဆင်ပြေကြောင်း၊ သောက်ရေအတွက် နွေရာသီ ရောက်တိုင်း အခက်အခဲများ နှစ်စဉ်ကြုံတွေ့နေရသဖြင့် အနက်ပေ ၈၅၀ ရှိ လေး လက်မ စက်ရေတွင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် နိုင်ငံတော်သမ္မတ၏လှူဒါန်းငွေ ကျပ် ၂၁ ဒသမ ၇၇၇ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ တူးဖော်ပေးနေခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြည်ကြည်ခိုင်က ပြောကြားသည်။

ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထိုက်ဇော်နှင့်တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ လက်ရှိအချိန်တွင် စက်ရေတွင်းမှာ တူးဖော်ပြီးစီးနေပြီး တစ်နာရီလျှင် ရေဂါလန် ၁၅၀၀ ခန့် ထွက်ရှိကြောင်း၊ အုတ်ရေကန်နှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

နတ်မောက်မြို့နယ်၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အုတ်ဖိုကျေးရွာအပါအဝင် ကူနီကျေးရွာ၊ ဘူးပင်တဲကျေးရွာ၊ နဘူးတောင်ကျေးရွာ၊ လင်းဒလူးကျေးရွာ၊ လျှော်တောင်ကျေးရွာနှင့် ဖက်တောရေကျေးရွာ စသည့် ကျေးရွာ ခုနစ်ရွာ၌ စက်ရေတွင်း ခုနစ်တွင်းကို ကျပ် ၁၇၄ ဒသမ ၈၄၉ သန်းဖြင့် တူးဖော်ပေးနေကြောင်း သိရသည်။

**သန်းလွင် (မကွေး)**



တူးဖော်ပြီးစီးနေသော စက်ရေတွင်း။

# ခွင့်ပြုကုန်ပစ္စည်းများ ပြည်ပသို့ တရားဝင်တင်ပို့ခြင်းဆိုင်ရာများ မိုင်းယောင်းမြို့၌ ရှင်းလင်းဆွေးနွေး

**မိုင်းယောင်း မေ ၁၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် ခွင့်ပြုကုန်ပစ္စည်းများ တစ်ဖက်နိုင်ငံသို့ တရားဝင် ဖြတ်သန်းရောင်းချနိုင်ရေးနှင့် ပတ်သက်၍ အသိပညာပေး ဆွေးနွေးပွဲကို မေ ၁၉ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက မိုင်းယုမြို့၌ နယ်စပ်ကုန်သွယ်ရေး ပူးပေါင်းဂိတ်ကို တရားဝင် ဖွင့်လှစ်ထားကြောင်း၊ ကုမ္ပဏီများအနေဖြင့် ခွင့်ပြုကုန်ပစ္စည်းများကို တစ်ဖက်နိုင်ငံသို့ တရားဝင် ဖြတ်သန်းရောင်းချနိုင်ရေးအတွက် တာချီလိတ်မြို့ရှိ အခွန်ဦးစီးဌာနသို့ အခွန်ငွေများ ကြိုတင်ပေးသွင်းထားနိုင်ကြောင်း၊ အဆိုပါ ကြိုတင်ငွေပေးသွင်းစနစ်ဖြင့် မိုင်းယုမြို့နယ်စပ်ကုန်သွယ်ရေး ပူးပေါင်းဂိတ်မှ စိစစ်ပြီး ဝင်/ထွက်ခွင့်ပြုနေကြောင်း စသည်တို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို တင်ပြဆွေးနွေးပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ခမ်းလှိုင်နှင့် တာဝန်ရှိသူများမှ ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**စိုင်းအောင်ဇော်လင်း**

# လူကုန်ကူးမှုနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေး လယ်ဝေးမြို့နယ်၌ ပညာပေးဟောပြော

**လယ်ဝေး မေ ၁၉**

နေပြည်တော် လယ်ဝေးမြို့နယ် ဝင်းတဲကူးကျေးရွာအုပ်စု သစ်တောကျေးရွာမှ ပြည်သူများအား လူကုန်ကူးမှုနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေးဟောပြောပွဲကို မေ ၁၈ ရက်က အဆိုပါကျေးရွာ အခြေခံပညာစာသင်ကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် သစ်ပုတ်ပင်နယ်မြေရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်ရဲထွန်းနှင့် အမှတ်(၁) လူကုန်ကူးမှုတားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့မှ ဒုရဲအုပ်ကျော်လင်းထွန်းတို့က သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေးအတွက် မိဘများအနေဖြင့် သတိပြုရမည့် အချက်များနှင့် လူကုန်ကူးခြင်းဆိုင်ရာ အကြောင်းအရာများ၊ လူကုန်ကူးခြင်းအတွက် ပြစ်မှု ပြစ်ဒဏ်များကို ရှင်းလင်းဟောပြောခဲ့ပြီး ဟောပြောပွဲသို့ ကျေးရွာနေပြည်သူ ၁၅၀ ခန့် တက်ရောက်ခဲ့သည်။

**ကိုကိုရှုပ (နေပြည်တော်)**

# ပြည်မြို့၌ သစ်ပင်စိုက်ပျိုးရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ပြည် မေ ၁၉**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ အစိမ်းရောင်မျိုးဆက် သဘာဝပတ်ဝန်းကျင် ချစ်မြတ်နိုးသူများအဖွဲ့က ဦးဆောင်၍ သစ်ပင်စိုက်ပါစတေကာနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ပြည်မြို့ရွှေဆံတော်ဘုရားကြီး မြောက်ဘက်စောင်းတန်းလမ်းနှင့် ဗိုလ်ချုပ်လမ်းဆုံမီးပွိုင့်၌ မေ ၁၉ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

"လာမယ့် မိုးရာသီမှာ သစ်ပင်တွေ တွင်တွင်ကျယ်ကျယ် စိုက်ပျိုးကြဖို့အတွက် လူထုကြားထဲကိုဆင်းပြီး အသိပညာပေးတဲ့ စတေကာနဲ့ လက်ကမ်းစာစောင်တွေ ဖြန့်ဝေပါတယ်။ လူထုကြားထဲမှာ သစ်ပင်စိုက်ရမယ်ဆိုတဲ့ အသိတွေ ကျယ်ကျယ်ပြန့်ပြန့် သိရှိသွားမယ်၊ ပြီးတော့ သူတို့ရဲ့ ကားတွေ၊ ဆိုင်ကယ်တွေမှာ ကပ်ထားတာကို နေ့တိုင်းမြင်နေရတော့ကျွန်တော်တို့က သူတို့ကို သစ်ပင်စိုက်ရမယ်ဆိုတာကို နေ့တိုင်းပြောပေးနေသလို ဖြစ်တာပေါ့"ဟု ပြည်မြို့ အစိမ်းရောင်မျိုးဆက်အဖွဲ့မှ ဦးဆောင်သူတစ်ဦးဖြစ်သည့် ကိုငြိမ်းချမ်းဝေက ရှင်းပြသည်။

ထိုသို့ဖြန့်ဝေရာတွင် အစိမ်းရောင်မျိုးဆက်အဖွဲ့၏ ဦးဆောင်မှုနှင့်အတူ ပြည်မြို့မှ ပရဟိတ လူမှုအဖွဲ့အစည်းများနှင့် ပြည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်။



ဒေသခံပြည်သူများထံသို့ သစ်ပင်စိုက်ပါ စတေကာနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေနေစဉ်။

အစိမ်းရောင်မျိုးဆက် သဘာဝပတ်ဝန်းကျင် ချစ်မြတ်နိုးသူများအဖွဲ့ကို ၂၀၁၁ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး ယင်းအဖွဲ့ဝင်များအနေဖြင့် နှစ်စဉ် သစ်ပင်စိုက်ပျိုးခြင်းများကို ကိုယ်တိုင်ပြုလုပ်သလို ပညာပေးပြခန်းများ၊ ဟောပြောပွဲများနှင့် လူထုလှုပ်ရှားမှုများဖြင့် ပြည်သူလူထုအား သစ်ပင်စိုက်ပျိုးရန် အသိပညာပေး လှုံ့ဆော်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးကျော်ကြီး (ပြန်/ဆက်)**

# ဒုတိယကြိမ် ကျောက်စိမ်း/ကျောက်မျက် အရောင်းပြပွဲတွင် ကျပ်သန်း ၆၀၀၀ ကျော်ဖိုး ရောင်းချနိုင်ခဲ့

**မြစ်ကြီးနား မေ ၁၉**

ကချင်ပြည်နယ်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုနှင့်မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းချုပ် (နေပြည်တော်)၏ ပံ့ပိုးကူညီမှုတို့ဖြင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မြစ်ကြီးနား)က ကြီးမှူး၍ မေ ၁၈ ရက်က ကျင်းပပြီးစီးခဲ့သည့် ဒုတိယကြိမ်မြောက် ကျောက်စိမ်း/ကျောက်မျက် အရောင်းပြပွဲတွင် ကျပ်သန်း ၆၀၀၀ ကျော် တန်ဖိုးရှိ ကျောက်မျက်များ ရောင်းချနိုင်ခဲ့ကြောင်း ကချင်ပြည်နယ် ကျောက်မျက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရစ်နန်နော့ဇေလွန်းထံမှ သိရသည်။

အဆိုပါ ကျောက်စိမ်း/ကျောက်မျက် အရောင်းပြပွဲသို့ မြန်မာနိုင်ငံအနှံ့မှ လာရောက်ကြသည့် ကျောက်မျက် ကုန်သည်ကြီးများအား မေ ၁၄ ရက်နှင့် ၁၅ ရက်က ခင်းကျင်းပြသထားသည့် ကျောက်စိမ်းများကို လိုက်လံကြည့်ရှုစေကြောင်း၊ ထို့နောက် မေ ၁၆ ရက်မှ ၁၈ ရက်အထိ အိတ်ဖွင့်လေလံ စည်းကမ်းနှင့်အညီ အများပြည်သူရှေ့မှောက်တွင် တင်ဒါများ ဖွင့်လှစ်ရောင်းချပေးခဲ့ရာ သုံးရက်အတွင်း ခင်းကျင်းပြသထားသည့် ကျောက်မျက်အတွဲပေါင်း ၄၉၂ တွဲအနက် ၃၈၄ တွဲကို ရောင်းချနိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် ကျပ်သန်း ၆၀၀၀ ကျော်ဖိုး ရောင်းချနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ကျောက်မျက်အတွဲများကို စစ်ဆေးကြည့်ရှုနေကြသည့် ကျောက်မျက်ကုန်သည်များ

"တင်ဒါစဖွင့်တဲ့ ပထမနေ့မှာပဲ ကျောက်မျက်အတွဲ ၁၅၀ ဖွင့်လှစ်ရာမှာ ၁၂၄ တွဲ၊ ဒုတိယနေ့မှာ ကျောက်မျက်အတွဲ ၁၅၀ ဖွင့်လှစ်ရာမှာ ၁၃၃ တွဲနဲ့ တတိယနေ့မှာ ကျောက်မျက်အတွဲ ၁၉၂ တွဲ ဖွင့်လှစ်ရာမှာ ၁၂၇ တွဲ ရောင်းချနိုင်ခဲ့တာကြောင့် သုံးရက်အတွင်း ကျောက်မျက်အတွဲပေါင်း ၃၈၄ တွဲ ရောင်းချနိုင်ခဲ့ခြင်း ဖြစ်ပါတယ်၊ ပထမအကြိမ်ကျင်းပစဉ်က ကျောက်မျက်အတွဲ ၃၀၀ ကျော်အနက် ၁၀၀ ကျော်ကို ကျပ်သန်းပေါင်း ၁၀၀၀ ကျော်ဖိုး ရောင်းချနိုင်ခဲ့တာကြောင့် ဒုတိယအကြိမ် ကျောက်မျက်အရောင်းပွဲတော် ကျင်းပရာမှာ ပိုအောင်မြင်တယ်လို့ ပြောရမှာပါ၊ ပထမအကြိမ်က ကျောက်မျက် အမျိုးအစား(စီနဲ့ဒီ) အဆင့်တွေသာ ရောင်းချနိုင်ခဲ့ပြီး အခုကျင်းပတဲ့ ဒုတိယအကြိမ်မှာတော့ (အေ၊ ဘီ၊ စီ)အဆင့်တွေ ပါဝင်လာတာကြောင့် အောင်မြင်တယ်လို့ ပြောချင်ပါတယ်"ဟု ပြည်နယ် ကျောက်မျက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ပြောသည်။

ယခုကျင်းပသည့် ဒုတိယအကြိမ် မြစ်ကြီးနား ကျောက်မျက်အရောင်းပြပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ကျောက်မျက်ကုန်သည်ကြီးများက အများဆုံးလာရောက်၍ တင်ဒါဆွဲဝယ်ယူခဲ့ကြကြောင်းနှင့် တတိယအကြိမ်မြောက် ကျောက်မျက်အရောင်းပြပွဲကိုလည်း ယခုနှစ် နှစ်ကုန်ပိုင်းတွင် ဆက်လက်ကျင်းပပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ကျောက်မျက်ရောင်းချရေး ကော်မတီမှ သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# ဇမ္ဗူသီရိမြို့နယ်၌ မျိုးစေ့ထုတ်စိုက်ခင်း ရိတ်သိမ်းပွဲ ကျင်းပ

**နေပြည်တော် မေ ၁၉**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ၂၀၁၈- ၂၀၁၉ ခုနှစ်နွေစပါးစိုက်တောင်သူ ဦးကျော်မြင့်၏ စိုက်ခင်းရှိစူပါနံ့ကောက် System of Rice Intensification (SRI) စိုက်နည်းစနစ်ဖြင့်စိုက်ပျိုးထားသော မျိုးစေ့ထုတ်စိုက်ခင်း စံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့က အဆိုပါကွင်း၌ပြုလုပ်ရာ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ စိုက်ပျိုးရေးဦးစီး ဌာနညွှန်ကြားရေးမှူးချုပ်ဒေါက်တာရဲတင့်ထွန်း၊ ရုံးချုပ်၊ တိုင်း၊ ခရိုင်ညွှန်ကြားရေးမှူးများ၊ မြေ၊ မျိုး၊ ပိုး တာဝန်ခံများနှင့် တောင်သူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် နေပြည်တော် ကောင်စီဝင် ဦးအေးမောင်စိန်က ရာသီဥတု ပြောင်းလဲမှုနှင့်အညီ သီးနှံပုံစံများ၊ စိုက်နည်းစနစ်များ ရွေးချယ်စိုက်ပျိုးရန်လိုကြောင်း စသည့်စိုက်ပျိုးရေးနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက လယ်ယာထွက်ကုန်သီးနှံများ ထုတ်လုပ်ရာတွင်အရေအတွက်ကို ဦးစားပေးထုတ်လုပ်ခြင်း မဟုတ်ဘဲအရည်အသွေးကို ဦးစားပေးထုတ်လုပ်ခြင်းမျိုးကို ဆောင်ရွက်ကြရန် တောင်သူများအား ပြောကြားသည်။ ထို့နောက် SRI စိုက်နည်းစနစ်ဖြင့်မျိုးစေ့ထုတ်စိုက်ခင်းတွင် စံကွက်ရိတ်ခဲ့ရာ အစိုတင်း ၁၇၆ တင်း၊ အခြောက်တင်း ၁၆၁ တင်း ထွက်ရှိခဲ့ကြောင်း မြို့နယ်စိုက်ပျိုး ရေးဦးစီးဌာနမှ သိရသည်။

**မောင်ကျော်ကြီး**

**အဆောက်အအုံ၊လမ်း/တံတား၊ တာတမံ Design ရေးဆွဲခြင်းလုပ်ငန်း**

## စိတ်ဝင်စားမှုတင်ပြလွှာခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်သွားမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒီဇိုင်း Specification, ခန့်မှန်းခြေစာရင်းတို့ပြီးပြည့်စုံမှ တင်ဒါလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်၍ ဒီဇိုင်းလုပ်ငန်းတွင်ကျွမ်းကျင်ပြီး၊ စိတ်ဝင်စားသော ကုမ္ပဏီများအနေဖြင့် အောက်ပါအချက်အလက်များနှင့်အတူ ရခိုင်ပြည်နယ် တည်ဆောက်ရေးလုပ်ငန်း အထောက်အကူပြုအဖွဲ့၊ တင်ဒါစိစစ်ရေး႒ာနစိတ်သို့ ၃၁-၅-၂၀၁၉ရက် နောက်ဆုံးထား၍ သတ်မှတ်ပုံစံတွင်ဖြည့်စွက်၍ ဆက်သွယ်ရန် အသိပေးကြော်ငြာအပ်ပါသည်။

(က) ကုမ္ပဏီမှတ်ပုံတင်နှင့်ကုမ္ပဏီဆိုင်ရာအချက်အလက်

(ခ) ဆောင်ရွက်လိုသော ဒီဇိုင်းလုပ်ငန်းနှင့်အဆိုပြုဈေးနှုန်း

၂။ Design ရေးဆွဲသည့်ကုမ္ပဏီများအနေဖြင့် အသေးစိတ်သိရှိလိုပါက နေ့စဉ်(ရုံးချိန်အတွင်း) အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

(က) ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ပြည်နယ်တည်ဆောက်ရေးလုပ်ငန်း အထောက်အကူပြုအဖွဲ့၊ စစ်တွေမြို့။

(ခ) ဆက်သွယ်ရန်ဖုန်း ၀၉-၄၅၈၃၄၄၄၇၃

**တင်ဒါစိစစ်ရေး႒ာနစိတ်**
**ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ စစ်တွေမြို့**

## အမြန်ရောင်းမည်

**၁၀ပေ×ပေ၆၀ RC ၁ထပ်၊ အိမ်အမှတ်(၁၇)၊ သုနန္ဒာ(၆)လမ်း**
**(စ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်**
**အကျိုးဆောင်များလည်းဆက်သွယ်နိုင်သည်**
**ဖုန်း-၀၉-၅၀၁၂၁၆၂၊ ၀၉-၉၆၅၀၁၂၁၆၂**

